# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၄ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၃၀၆)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ(၁/၂၀၁၈)အစည်းအဝေးတွင် အမှာစကားပြောကြား




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၁၈)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၃**

အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၁၈)အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❀

## ကော့မှူးမြို့နယ် အားကစားကွင်းအဆင့်မြှင့်တင်ရေးလုပ်ငန်း ငါးခု ဆောင်ရွက်ရန် ငွေကျပ် ၁၁၄ သန်းလျာထား

ပြည်သူ့လွှတ်တော် စာ » ၇

## မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

အမျိုးသားလွှတ်တော် စာ » ၈




မြန်မာ့အလင်း

# အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ(၂/၂၀၁၈)အစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့၌ နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။ ဤကော်မတီ၏ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက အဆိုပါအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားခဲ့ပါသည်။ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ပြောကြားချက်တို့ကို ခြုံငုံသုံးသပ်ကြည့်ပါက နိုင်ငံတော်၏စီးပွားရေးတွင် အဓိက ကျောရိုးသဖွယ်ဖြစ်သည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (Micro, Small and Medium Enterprises-MSMEs) ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဈေးကွက်ရရှိရေး၊ ပို့ကုန်မြှင့်တင်ရေးနှင့် တီထွင်ဆန်းသစ်ရေး စသည့်အချက်များ တိုးတက်အောင်မြင်စေရန်အတွက် ဝိုင်းဝန်းညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ကြရန် လမ်းညွှန်ခဲ့ခြင်း ဖြစ်ပါသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပခဲ့သော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ပထမအကြိမ်အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့နှင့် SME Agency အဖွဲ့တို့အား ဖွဲ့စည်းခဲ့ပါသည်။ ဒုတိယသမ္မတက ဤအဖွဲ့သုံးဖွဲ့အကြား ဟန်ချက်ညီညီ အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လမ်းညွှန်ပြောကြားခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့၌ ကျင်းပခဲ့သော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်အရ ဒေသဆိုင်ရာ SME Agency အဖွဲ့များကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ဖွဲ့စည်းခဲ့ပါသည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသထုတ်ကုန်များဆိုင်ရာ ပြပွဲပြိုင်ပွဲတို့ကို ကျင်းပပေးခဲ့သည်ဖြစ်ရာ လေးကြိမ်မြောက်အထိ ဆောင်ရွက်ပြီးစီးခဲ့ပြီ ဖြစ်ပါသည်။ ဤကဲ့သို့ ဒေသထုတ်ကုန်များဆိုင်ရာ ပြပွဲ ပြိုင်ပွဲတို့ကို ကျင်းပရာ၌ ညှိနှိုင်းဆွေးနွေးနိုင်မှုအပေါ်မူတည်၍ နိုင်ငံတော်၏ဒေသများအကြား ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် မန္တလေးမြို့၌ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့၏ ဒေသထုတ်ကုန်ဆိုင်ရာ ပြပွဲပြိုင်ပွဲကို ပူးပေါင်းကျင်းပခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း ကျင်းပမည့် စစ်ကိုင်းတိုင်းဒေသကြီး၏ ထုတ်ကုန်ပြပွဲပြိုင်ပွဲသို့ ပုဂ္ဂလိကဘဏ်များပါ တက်ရောက်မည်ဖြစ်ပြီး အလားအလာရှိသည့်လုပ်ငန်းတို့အား ချေးငွေထုတ်ပေးရန် စိစစ်သုံးသပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းတို့၏ ၆၅ ရာခိုင်နှုန်းသည် လယ်ယာထွက်ကုန်များအား Value Added ပြုလုပ်လျက် စားသောက်ကုန်များအဖြစ် ထုတ်လုပ် လုပ်ကိုင်နေကြသည့် စီးပွားရေးလုပ်ငန်းများ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ စားသောက်ကုန်များအပေါ် စားသုံးသူတို့၏ ယုံကြည်ကိုးစားမှုရရှိရေးအတွက် စနစ်တကျစမ်းသပ်စစ်ဆေးခြင်းနှင့်အတူ FDA အသိအမှတ်ပြုစာရွက်စာတမ်းများထုတ်ပေးနိုင်ရေးတို့ကို ဆောင်ရွက်ကြရန် ဒုတိယသမ္မတ ဦးမြင့်ဆွေက လမ်းညွှန်ခဲ့ပါသည်။ နိဂုံးချုပ်အနေဖြင့် ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ပြောကြားမှုတို့သည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးအနက်ခံယူကျင့်သုံးရမည့် လမ်းညွှန်မှုများဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ကျိုက်မရောမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ဆန်နှင့် ထောက်ပံ့ငွေများလှူဒါန်း

**ကျိုက်မရော ဩဂုတ် ၃**

အတ္တရံမြစ်ရေ ဆက်လက်မြင့်တက်နေမှုကြောင့် ရေနစ်မြုပ်ခံနေရသော ကျိုက်မရောမြို့နယ် ဘိန်းဗျောကျေးရွာရှိ ရေဘေးသင့်အိမ်ထောင်စု ၁၀၀ အတွက် တစ်အိမ်ထောင်လျှင် ဆန်နှစ်ပြည်နှုန်းနှင့် ခေါက်ဆွဲခြောက် ငါးထုပ်စီ၊ ရေသန့်ဘူးကြီးနှစ်ဘူးနှင့် ထောက်ပံ့ငွေကျပ် ငါးထောင်စီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အလှူရှင် ဒုတိယပြည်နယ်မှူး (လမ်းဦးစီးဌာန) မွန်ပြည်နယ်ရုံးနှင့် ဌာနဆိုင်ရာများက ရေဘေးသင့်သူများ လက်ဝယ်အရောက် ယနေ့ မွန်းလွဲပိုင်းက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး( ပြန်/ဆက်)**

❊ ကျောဖုံးမှ

ဝေါန်မြစ်ရေသည် သာပေါင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ မဒေါက်မြို့၊ ဘားအံမြို့နယ်နှင့် သာပေါင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့
ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( သာယာဝတီမြို့ )
၂၀၁၈ ခုနှစ်၊ ဩဂုတ်လ(၄/၅)ရက် စနေ၊ တနင်္ဂနွေ နေ့များတွင် နံနက်(၉)နာရီ မှ ညနေ(၅)နာရီ အထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
အ.ထ.က (၁) ၊ သာယာဝတီမြို့

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများနှင့်ပတ်သက်၍ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအား တွေ့ဆုံရှင်းလင်း

**ရန်ကုန် ဩဂုတ် ၃**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ တွေ့ဆုံ၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးနှင့် စပ်လျဉ်း၍ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ချုပ်ဆိုထားသော သဘောတူစာချုပ် အကောင်အထည်ဖော်မှုအခြေအနေများ၊ ယင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍ မြန်မာအစိုးရအား အထောက်အပံ့ပြုနိုင်ရန် အစိုးရနှင့် ကုလသမဂ္ဂ အေဂျင်စီများအကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်မှု အခြေအနေများ၊ အဆိုပါ နားလည်မှုစာချွန်လွှာအရ UNDP နှင့် UNHCR တို့ အနေဖြင့် မြန်မာအစိုးရအား ကူညီပံ့ပိုးရမည့် အခန်းကဏ္ဍများ၊ နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့မှ ဆောင်ရွက်နေမှုများနှင့် တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော သံတမန်များက သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ပြန်လည်ဖြေကြားသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ၊ UEHRD ဥက္ကဋ္ဌ၏ အကြံပေး ဦးတိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ အကြီးအကဲများ၊ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအား ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ တွေ့ဆုံရှင်းလင်းစဉ်။

# အိမ်ခြံမြေဝန်ဆောင်မှု ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်း

**နေပြည်တော် ဩဂုတ် ၃**

မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းက ကျင်းပသည့် အိမ်ခြံမြေ ဝန်ဆောင်မှုဥပဒေမူကြမ်း သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Sky Palace Hotel ရတနာပုံခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ထွန်းနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များက အိမ်ခြံမြေဝန်ဆောင်မှု ဥပဒေမူကြမ်း နှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာသမားများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားကြသည်။

အိမ်ခြံမြေဝန်ဆောင်မှု ဥပဒေကြမ်း ရေးဆွဲမှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အသင်းဥက္ကဋ္ဌ ဦးတင်မောင်က "အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်း ရေးဆွဲတာက အကျိုးဆောင်လုပ်ငန်း၊ ပြည်သူတွေကိုအကျိုးပြုပြီး မထိခိုက်အောင်နဲ့ ပြည်သူတွေရဲ့ ခံစားနေရတဲ့ မြေယာပြဿနာတွေပြေလည်ဖို့ နောက်ပြီး နိုင်ငံတော်က ရသင့်၊ ရထိုက်တဲ့ အခွန်အကောက်တွေရဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေးဆွဲနေတာ ဖြစ်ပါတယ်။ နိုင်ငံတော်၊ ပြည်သူ၊ အကျိုးဆောင်လုပ်ငန်းဆိုပြီး သုံးခုစလုံးကို မျှမျှတတ ဖြစ်အောင် သက်ဆိုင်ရာပညာရှင်တွေနဲ့ ပေါင်းစပ်ပြီးတော့ ညှိနှိုင်းရေးဆွဲထားပါတယ်။

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ တချို့ မလာကြဘူး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လာဖို့အတွက် လိုအပ်တဲ့ ဥပဒေတွေပြုစုမှု နည်းနေသေးတဲ့အတွက်ကြောင့်လည်း ဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာ အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုဥပဒေနှင့်ပတ်သက်လို့ ကျွန်တော်တို့ တစ်နိုင်ငံပဲ မပေါ်သေးတာပါ"ဟု မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးတင်မောင်က ပြောသည်။

"မြန်မာနိုင်ငံမှာ အိမ်ခြံမြေနဲ့ ပတ်သက်ပြီး ဥပဒေမရှိခဲ့ပါဘူး။ နိုင်ငံတကာက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု လုပ်တဲ့အခါမှာ နိုင်ငံခြားသားတွေက သိပ်တိကျမှု ရှိပါတယ်။ မြန်မာနိုင်ငံက တရားရုံးတွေမှာ မြေယာနဲ့ပတ်သက်တဲ့ အမှုတွေ အများကြီးရှိတော့ နိုင်ငံခြားသားတွေက စိုးရိမ်မှုရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အိမ်ခြံမြေနဲ့ ပတ်သက်တဲ့ ဥပဒေတစ်ခုရှိဖို့ လိုပါတယ်။ ဒီဥပဒေဖြစ်ပေါ်လာလို့ရှိရင် ကျွန်တော်တို့နိုင်ငံက အခွန်အကောက်တွေ ရရှိလာမှာဖြစ်ပါတယ်။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ အတွက်လည်း များစွာအထောက်အကူပေးနိုင်မှာဖြစ်ပါတယ်" ဟု ပြည်ထောင်စု လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးတင်မောင်ဦးက ပြောသည်။

**ဟန်လင်းနိုင်**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၁၈)အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❀ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နှင့် ညီနောင်အသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အဖွင့်အမှာစကားကို စာမျက်နှာ ၄ တွင် ဖော်ပြထားပါသည်)**

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ




အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၁၈)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့ ကျင်းပသည့် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေးသည် ၂၀၁၈ ခုနှစ် အတွင်း ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ဗဟိုကော်မတီ စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၆ ခုနှစ်ကစပြီး နှစ်စဉ်ပုံမှန်ကျင်းပခဲ့သည်မှာ ယခုတစ်ကြိမ်နှင့် ဆိုလျှင် (၄)ကြိမ် ရှိပြီဖြစ်ပါကြောင်း၊ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ရေတို၊ ရေရှည် အထောက်အကူပြုမည့် မောင်းနှင်အားတစ်ခုဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် အလွန်ကျယ်ပြန့်ပြီး ကဏ္ဍပေါင်းစုံအပေါ်တွင် သက်ရောက်မှုရှိသည့်အတွက် ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ကူညီပံ့ပိုးမှုသည် များစွာအရေးပါပါကြောင်း။

**ခရီးစဉ်ဒေသတစ်ခုဖြစ်လာမည်**

ကမ္ဘာလှည့်ခရီးသွားများအတွက် ဗီဇာလွယ်လင့်တကူရရှိရေး၊ လွယ်ကူချောမွေ့သည့် သယ်ယူပို့ဆောင်ရေး၊ အဆင်ပြေစွာ တည်းခိုနေထိုင် စားသောက်ရေး၊ ဘေးအန္တရာယ် ကင်းရှင်းစွာ သွားလာလည်ပတ်နိုင်ရေး စသည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှသာ လည်ပတ်ရန်ကောင်းသည့် ခရီးစဉ်ဒေသတစ်ခု ဖြစ်လာမည်ဖြစ်ပါကြောင်း။

World Travel and Tourism Council ၏ ခန့်မှန်းချက်အရ ကမ္ဘာ့စီးပွားရေး တိုးတက်မှုသည် ၂၀၁၈ ခုနှစ်တွင် ဆက်လက်တည်ရှိနေဦးမည်ဟု ခန့်မှန်းထားသည့်အတွက် Travel and Tourism လုပ်ငန်းသည်လည်း ပုံမှန်တိုးတက်နေဦးမည်ဟု မျှော်မှန်းထားကြပါကြောင်း၊ ကမ္ဘာ့ခရီးသွား လုပ်ငန်းအဖွဲ့ချုပ်အနေဖြင့်လည်း ၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံး ခရီးသွားလာသူပေါင်း ၁ ဒသမ ၆ ဘီလီယံခန့် ရှိလာပြီး ၎င်းတို့အနက် အရှေ့တောင်အာရှနိုင်ငံများသို့ ၁၂၃ သန်းခန့် လာရောက်မည်ဟု ခန့်မှန်းထားသည့်အတွက် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းအလားအလာသည် အကောင်းဘက်သို့ ဦးတည်နေသည်ဟု ယူဆရပါကြောင်း။

**လေ့လာရေးခရီးစဉ်များစီစဉ်**

မြန်မာကို ကမ္ဘာက ပိုမိုသိရှိအောင် မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းများကို International Community သို့ ရောက်ရှိပြန့်ပွားအောင် ဆောင်ရွက်ရန်လိုပါကြောင်း၊ နိုင်ငံတကာနှင့် ဒေသတွင်းရှိ အရေးပါသည့် ခရီးသွားပြပွဲများတွင် ပါဝင်ပြသရန် Target Market အဖြစ် သတ်မှတ်ထားသည့် နိုင်ငံများတွင် Road Show များ ပြုလုပ်ကြရန်၊ ခရီးသွားလုပ်ငန်းတွင် အရေးပါသည့် အဖွဲ့အစည်းများ မြန်မာနိုင်ငံသို့ လာရောက်ရန်အတွက် လေ့လာရေးခရီးစဉ်များ စီစဉ်ရန်၊ Digital Marketing များ အသုံးပြု၍ ဈေးကွက်ထိုးဖောက်ကြရန်၊ ဝန်ကြီးဌာနများတွင်ရှိသည့် Website များတွင်လည်း Update ဖြစ်သည့် သတင်းအချက်အလက်များ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုမည့် သတင်းအချက်အလက်များကို ဖော်ပြပေးကြရန် လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အပိုင်းကလည်း အခြေအနေ အချိန်အခါပေါ်မူတည်ပြီး တတ်နိုင်သည့်အပိုင်းက ရန်ပုံငွေအထောက်အပံ့ အကူအညီပေးရန်ရှိပြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း အသင်းအဖွဲ့များကလည်း မိမိတို့တတ်နိုင်သည့် ရန်ပုံငွေကြေးစုဆောင်းပြီး မြှင့်တင်ရေးလုပ်ငန်းများ၊ ဈေးကွက်ရှာဖွေရေးလုပ်ငန်းများကို စုဖွဲ့ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အသင်းအဖွဲ့များအလိုက် တက်ညီလက်ညီ ဆောင်ရွက်ကြမှသာ ရည်မှန်းချက်ကို ပေါက်မြောက်နိုင်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များ စတင်ရောက်ရှိလာသည်မှ ပြန်လည်ထွက်ခွာသည်အထိ အဆင်ပြေစွာ၊ စိတ်ချမ်းမြေ့စွာ သွားလာလည်ပတ်နေထိုင်ရေးအတွက် နိုင်ငံအတွင်း ပြင်ဆင်ရမည့်လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးရန် အထူးလိုအပ်ပါကြောင်း။

**ရိုးရာအစားအစာများ ဖော်ထုတ်**

ဧည့်သည်များ တည်းခိုရာတွင် ဝန်ဆောင်မှုကောင်းမွန်ရန်၊ ဟိုတယ်အခန်းခများ သင့်တင့်မျှတရန်၊ ပေးရသည့်ငွေကြေးနှင့် ရသည့် Service ထိုက်တန်ရန်လိုအပ်ပါကြောင်း၊ ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်သည့်အခါတွင်လည်း သန့်ရှင်းကောင်းမွန်သည့် အများသုံးသန့်စင်ခန်းများ လုံလောက်စွာထားရှိရန်၊ အမှိုက်သရိုက်များ ကင်းစင်ရန်၊ စားသောက်ဆိုင်များ သန့်ရှင်းကောင်းမွန်ရန်၊ ရောင်းချသည့် အစားအစာများ ကျန်းမာရေးနှင့် ညီညွတ်ရန်၊ ဒေသအလိုက် ရိုးရာအစားအစာများ ဖော်ထုတ်ရန်၊ ခရီးသွားဧည့်သည်များကို အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်ကိစ္စရပ်များကို ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သက်ဆိုင်သည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများကလည်း ပူးပေါင်းကူညီ ဆောင်ရွက်ရန်လိုပါကြောင်း။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်များ၊ တောတောင်ရေမြေ သဘာဝအလှအပများ၊ တိုင်းရင်းသားများ၏ ရိုးရာဓလေ့များနှင့် အစားအစာများ၊ လည်ပတ်စရာများ၊ ဆွဲဆောင်မှုများသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အရည်အသွေးရှိသည့် ခရီးစဉ်ဒေသ၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ခရီးစဉ်ဒေသဖြစ်ရန် လိုပါကြောင်း၊ ခရီးသွားဧည့်သည်များ၏ သဘောထားအကြံပြုချက်များကို အထူးဂရုပြုပြီး လိုအပ်ချက်များ၊ အားနည်းချက်များကို ပြုပြင်ဖြည့်ဆည်းဆောင်ရွက်သွားမည်ဆိုပါက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း။

**၁၈ ရာခိုင်နှုန်းခန့် တိုးတက်လာ**

ဝန်ဆောင်မှုပေးရာတွင် ခေတ်နှင့်လျော်ညီသည့် နည်းစနစ်များကို အသုံးချရန်လိုအပ်ပါကြောင်း၊ ၎င်းစနစ်သစ်များကို အသုံးပြုနိုင်ရန်အတွက် မိမိတို့နိုင်ငံအနေဖြင့် ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်လာပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကို လာရောက်သည့် နိုင်ငံတကာခရီးသွားဧည့်သည်များသည် ၂၀၁၇ ခုနှစ်တွင် ၃ ဒသမ ၄၄ သန်း လာရောက်ခဲ့ပြီး ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၈ ရာခိုင်နှုန်းခန့် တိုးတက်လာသည်ဟု သိရပါကြောင်း၊ ဧည့်သည်လျော့ကျသွားသည့် နိုင်ငံများက ခရီးသွားဧည့်သည်များ ပြန်လည်တိုးတက်လာရန်အတွက်လည်း စနစ်တကျ အစီအမံများချမှတ်ပြီး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**ဗီဇာဖြေလျှော့မှုများ ဆောင်ရွက်**

ဂျပန်၊ ကိုရီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ခရီးသွားဧည့်သည်များအတွက် ဗီဇာဖြေလျှော့ပေးသည့် အစီအစဉ်များ ဆောင်ရွက်နေပြီဖြစ်သည့်အတွက် ကျန်အလားအလာရှိသည့် နိုင်ငံများကိုလည်း ဗီဇာဖြေလျှော့မှုများ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ပေးသွားမည်ဆိုပါက မြန်မာနိုင်ငံကို လာရောက်လည်ပတ်သည့်ဧည့်သည် ပိုမိုများပြားလာမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံကောင်းများရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက အမြန်ဆုံး ဦးမော့လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှု၊ မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဥပဒေ အသစ်ပြန်လည်ရေးဆွဲနေမှု၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗီဇာဖြေလျှော့မှု၊ မိုးရာသီကာလ ခရီးသွားမြှင့်တင်ရေးဆောင်ရွက်မည့်အစီအစဉ်နှင့် ဒေသတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ သူရဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဒေါက်တာမြင့်ထွေးနှင့် ဦးစိုးဝင်းတို့က ဝန်ကြီးဌာနအလိုက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

**ဝန်ကြီးဌာနအလိုက် တင်ပြ**

ဆက်လက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေမှုအခြေအနေကို တင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ လက်ရှိခရီးသွားလုပ်ငန်း အခြေအနေ၊ ခရီးသွားဒေသများ ထိန်းသိမ်းထားရှိမှုများနှင့် ခရီးသွားများ ပိုမိုစိတ်ဝင်စားမှုရှိလာစေရေး ဆောင်ရွက်နေမှုများနှင့် ဖြေလျှော့ဖြည့်ဆည်းဆောင်ရွက်ပေးမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာခရီးသွားလုပ်ငန်းအသင်း အဖွဲ့ဝင်များက ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် အချက်များ၊ ဖြေလျှော့ပေးစေလိုသည့် လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေး တင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များနှင့် ပတ်သက်သည့် လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# ကမ္ဘာလှည့်ခရီးသည်တွေကို နိုင်ငံအတွက်ဆွဲဆောင်ချင်ရင် အိမ်ရှင်အနေနဲ့ စဉ်းစားဖို့လို လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ပြီး စုံစုံလင်လင်လုပ်ပေးနိုင်ရင် အများကြီးဆွဲဆောင်နိုင်မည်

နေပြည်တော် ဩဂုတ် ၃

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၁၈) အစည်းအဝေးတွင် ပြောကြားသည့် အဖွင့်အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**

ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းဟာ နိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးအတွက် အခုအချိန်အခါမှာ အရေးကြီးတဲ့လုပ်ငန်းတစ်ရပ် ဖြစ်လာပါတယ်။ ရှေးပဝေသဏီကတည်းကစပြီးတော့ ခရီးထွက်တယ်ဆိုတာရှိခဲ့ပါတယ်။ ဟိုရှေးရှေးတုန်းက ခရီးထွက်တယ်ဆိုတာ ကုန်သည်တွေ ထွက်ကြတာပါ။ အများအားဖြင့် စီးပွားရေးနဲ့ ပတ်သက်ပြီး ထွက်ကြတာရှိပါတယ်။ မိမိတို့ဆန္ဒအရ စီးပွားရှာဖို့မဟုတ်ဘဲ သက်သက်ထွက်တယ်ဆိုတာ ပထမဦးဆုံးကတော့ ပညာဗဟုသုတရှာတဲ့ပုဂ္ဂိုလ်ကြီးတွေ ရှိခဲ့ပါတယ်။ စွန့်စားမှုတွေကိုရှာတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိခဲ့ပါတယ်။

**ဧည့်သည်တွေရဲ့လိုအပ်ချက်ကို စဉ်းစား**

အခု ဖွံ့ဖြိုးတိုးတက်တဲ့ ကမ္ဘာကြီးမှာကျတော့ ဒီဟာတွေက ပြောင်းလဲပြီးတော့ အပန်းဖြေဖို့အတွက် ကိုယ့်နိုင်ငံမှာမရှိတဲ့အရာတွေကိုတွေ့နိုင်၊ မြင်နိုင်ဖို့အတွက် ပိုပြီးတော့ ဗဟုသုတကြွယ်ဝဖို့အတွက်ဆိုပြီး ထွက်ကြတဲ့ခရီးသည်တွေက များလာပါတယ်။ ကမ္ဘာလှည့်ခရီးသည်တွေကို ကျွန်မတို့နိုင်ငံအတွက် ဆွဲဆောင်ချင်ရင် ကျွန်မတို့က ကိုယ့်ကိုယ်ကိုယ်အိမ်ရှင်အနေနဲ့ စဉ်းစားရပါမယ်။ သက်သက်စီးပွားရေးလုပ်ဖို့ဆိုတဲ့ စိတ်ဓာတ်နဲ့ လုပ်ဖို့ဆိုရင်တော့ အောင်မြင်ချင်သလို အောင်မြင်မယ်မဟုတ်ဘူးလို့ ကျွန်မကတော့ ထင်ပါတယ်။ အိမ်ရှင်ဆိုတာဟာ ပထမဦးဆုံး ဧည့်သည်တွေရဲ့လိုအပ်ချက်ကို စဉ်းစားရပါမယ်။

ကျွန်မတို့နိုင်ငံကို ခရီးသွားတွေလာတဲ့အခါ ဘာကိုမျှော်မှန်းပြီး လာကြသလဲ။ တချို့ကတော့ မမြင်ဖူးတဲ့နေရာကို ရောက်ဖူးချင်လို့၊ တချို့ကတော့ တခြားလူတွေ မရောက်ဖူးတဲ့နေရာမျိုးကို ရောက်ချင်လို့၊ တချို့ကတော့ အပန်းဖြေချင်လို့၊ တချို့ကတော့ သူတို့နိုင်ငံမှာ မရရှိနိုင်တဲ့ စိတ်ငြိမ်မှုကိုလိုချင်လို့ စသည်ဖြင့် အကြောင်းအမျိုးမျိုးကြောင့် ကျွန်မတို့နိုင်ငံကို ရောက်လာကြတာဖြစ်ပါတယ်။

အဲဒီတော့ တကယ်ပဲ ကမ္ဘာလှည့်ခရီးသည်တွေကို ကျွန်မတို့နိုင်ငံကို လာစေချင်တယ်ဆိုရင် ဒီခရီးသည်များဟာ ကိုယ့်အတွက် ပိုက်ဆံရှာနိုင်တဲ့ အခွင့်အရေးတစ်ခုလို့ပဲ စဉ်းစားလို့မဖြစ်ပါဘူး။ ကျွန်မတို့လိုပဲ လူသားတွေ၊ ကျွန်မတို့လိုပဲ ပျော်ရွှင်ချင်တယ်၊ ချမ်းမြေ့ချင်တယ်။ ခဏတာ အလည်အပတ်လာတဲ့အခါကျရင် စိတ်အေးလက်အေးနဲ့ မြင်ချင်တွေ့ချင်တာတွေကို မြင်တွေ့ဖို့ အခွင့်အရေးလေးတွေ ရချင်တယ်ဆိုတဲ့ စိတ်တွေနဲ့ လာကြတာပါ။ အဲဒီတော့ အဲဒီဆန္ဒတွေကို ဖြည့်ဆည်းပေးမယ်ဆိုရင် နောင်ကမ္ဘာလှည့်ခရီးသည်တွေကလည်း ပိုမိုပြီးတော့လာကြမှာဖြစ်ပါတယ်။

**လေယာဉ်ကွင်းများအနေအထားကြည့်ရ**

အဆင်ပြေဖို့ဆိုတာကတော့ ပထမဦးဆုံး ဝင်လာမှုအဆင်ပြေဖို့ ကျွန်မတို့လုပ်ပေးရမှာပါ။ ဒါကြောင့်မို့ ကျွန်မတို့ မကြာခင်က Free Visa တို့၊ Visa on Arrival တို့ စသည်ဖြင့် လာဖို့ပိုပြီးတော့ လွယ်ကူအောင်လို့ လုပ်ပေးတာ တွေရှိပါတယ်။ နောက် ကျွန်မတို့နိုင်ငံမှာ လိုအပ်ချက်တစ်ခုကတော့ နိုင်ငံရဲ့ဘဏ္ဍာရေး အခြေအနေအရ၊ လုံခြုံရေးအခြေအနေအရ လုပ်ရမယ့်ကိစ္စကတော့ လာနိုင်မယ့် လေယာဉ်ကွင်းများ အနေအထား၊ ဒါတွေကိုလည်း ကျွန်မတို့ ကြည့်ရမှာ ဖြစ်ပါတယ်။

နောက် ကျွန်မတို့နိုင်ငံထဲ ရောက်လာတဲ့အခါမှာ အများအားဖြင့် ကမ္ဘာလှည့်ခရီးသည်များက လေယာဉ်ခရီးနဲ့ပဲ သွားရပါတယ်။ ဥပမာအားဖြင့် ရန်ကုန်ကိုလာမယ်၊ ရန်ကုန်ကနေပြီးတော့ ပုဂံကို လေယာဉ်နဲ့သွားမယ်၊ အင်းလေးသွားချင်တယ်ဆိုရင်လည်း ဟဲဟိုးကို လေယာဉ်နဲ့သွားမယ်။ နောက်မှ ကားနဲ့သွားမယ် စသည်ဖြင့်ပေ့ါ။ ကျွန်မတို့ဟာ လမ်းပန်းဆက်သွယ်ရေး ပိုမိုပြီးတိုးတက်ပြီးတော့ ပိုမိုခေတ်မီပြီး ပိုမိုစုံစုံလင်လင် လုပ်ပေးနိုင်ရင်တော့ ကမ္ဘာလှည့်ခရီးသည်တွေအတွက် အများကြီး ပိုပြီးတော့ ဆွဲဆောင်မှုရှိနိုင်မယ်လို့ ထင်ပါတယ်။

**မီးရထားနဲ့သွားမယ်ဆိုရင် ရှုခင်းကိုလည်း ကြည့်သွားလို့ရ**

ဥပမာဆိုရင် တချို့နိုင်ငံတွေမှာဆိုရင် မီးရထားခရီးနဲ့သွားရတာ အင်မတန်မှ အဆင်ပြေပါတယ်။ အင်မတန်မှ သာယာပါတယ်။ ကျွန်မတို့နိုင်ငံကတော့ မီးရထားတွေ အခြေအနေက အဲဒီအဆင့် မရောက်သေးပါဘူး။ မီးရထားနဲ့သွားရတာဟာ လေယာဉ်ပျံနဲ့ သွားရတာနဲ့ မတူပါဘူး။ လေယာဉ်ပျံနဲ့သွားရတာဆိုတာ ဟိုရောက်မှပဲ ကြည့်ရတယ်။ လမ်းမှာဆိုရင်တော့ တိမ်တွေကလွဲလို့ သိပ်မတွေ့ရပါဘူး။ ဒါပေမယ့် မီးရထားနဲ့သွားမယ်ဆိုရင် သွားရင်းနဲ့ အေးအေးဆေးဆေး၊ သက်သက်သာသာနဲ့ ရှုခင်းကိုလည်း ကြည့်သွားလို့ရတယ်။ တစ်မြို့ပြီးတစ်မြို့ဖြတ်သွားတယ်။

နောက်ပြီးတော့ မြို့လေးတွေမှာ ရပ်တဲ့အခါကျရင် ဒီနိုင်ငံရဲ့ ယဉ်ကျေးမှု၊ သဘောသဘာဝတွေကို အတိုင်းအတာတစ်ခုအထိ နားလည်နိုင်တယ်။ ဥပမာဆိုရင် ဘူတာရုံတွေမှာ လာပြီးတော့ရောင်းတဲ့ အစားအစာတွေ၊ ဒေသထွက် အစားအစာတွေကို ရောင်းမယ်ဆိုရင် စိတ်ဝင်စားကြမယ်။ ဒီဒေသထွက် ပစ္စည်းလေးတွေ၊ အမှတ်တရပစ္စည်းလေးတွေ ရောင်းနိုင်မယ်ဆိုရင် စိတ်ဝင်စားစရာ ကောင်းလိမ့်မယ်။

**မီးရထားကဏ္ဍကို ပိုမိုပြီးတော့ ချဲ့ထွင်**

ကျွန်မကတော့ မီးရထား အင်မတန်နှစ်သက်တဲ့သူဆိုတော့ ပြောရမယ်ဆိုရင် နံပါတ်တစ်ကတော့ လေယာဉ်ပျံမူးတာလည်း မရှိဘူး၊ နံပါတ်နှစ်က ကားမူးတာလည်း မရှိဘူး၊ နံပါတ်သုံးက မီးရထားထဲမှာဆိုရင် နည်းနည်းညောင်းရင် ထပြီးတော့ လမ်းတွေ ဘာတွေ လျှောက်လို့ရတယ်။ ကားထဲမှာ လှုပ်လို့မရဘူး၊ လေယာဉ်ထဲမှာ လှုပ်လို့မရဘူး။ ဒါကြောင့်မို့လို့ ကျွန်မပြောတာပါ။ ကျွန်မတို့ ကမ္ဘာလှည့်ခရီးသည်တွေကို ဆွဲဆောင်ချင်ရင် အတွေးသစ်၊ အမြင်သစ်တွေ ရှိရမယ်။ ကျွန်မတို့နိုင်ငံမှာ ဘာတွေလိုအပ်နေသလဲ၊ ကျွန်မတို့နိုင်ငံရဲ့ မီးရထားကဏ္ဍကို ပိုမိုပြီးတော့ ချဲ့ထွင်နိုင်ရင် ပိုပြီးဆွဲဆောင်မှုမရှိဘူးလားဆိုတာ စဉ်းစားစေချင်ပါတယ်။

နောက်တစ်ခုက ရေလမ်းခရီး၊ ကျွန်မကတော့ ရေလမ်းခရီးဆိုရင် သဘော်လည်းမူးတတ်တော့ သိပ်ပြီးတော့ စိတ်ပါတာမဟုတ်ဘူး။ ဒါပေမယ့် ခရီးသွားတော်တော်များများဟာ ရေလမ်းခရီးကို သဘောကျကြတယ်။ ရှုခင်းကို ကြည့်လို့ရတယ်။ လေကောင်းလေသန့်ကို ရှူလို့ရတယ်။ လမ်းလျှောက်လို့ ရတယ်။ မိတ်ဆွေတွေ ဖွဲ့လို့ရတယ်။ အေးအေးဆေးဆေး စကားစမြည်ပြောလို့ရတယ်။ လမ်းမှာ၊ မြို့လေးတွေမှာ ရပ်ပြီးတော့ မြို့လေးတွေကို လေ့လာလို့ရတယ်။ အဲဒီလို အခွင့်အရေးတွေ အမျိုးမျိုးရှိတဲ့အခါကျတော့ အခုလက်ရှိ ကျွန်မတို့နိုင်ငံမှာ ကမ္ဘာလှည့်ခရီးသည်တွေ အဓိကအားကိုးနေရတဲ့ လေကြောင်းခရီးအပြင် ကုန်းကြောင်းခရီး၊ မီးရထားခရီး၊ ရေကြောင်းခရီး အဲဒါတွေကို စဉ်းစားပေးဖို့လိုပါတယ်။

**တခြားအသစ်ပုံစံနဲ့ သွားချင်လာချင်တဲ့ ခရီးသည်တွေအတွက် စဉ်းစား**

နောက်ပြီးတော့ အပန်းဖြေလာတဲ့ ခရီးသည်တွေဟာ ရှုခင်းကို ကြည့်ချင်ပြီးတော့ အေးအေးဆေးဆေးနဲ့ သူတို့ရောက်လာတဲ့နိုင်ငံရဲ့ယဉ်ကျေးမှုကို ပေ့ါပေ့ါပါးပါး လေ့လာချင်တဲ့ ခရီးသည်တွေများတယ်။ ဒါပေမယ့် ကျွန်မတို့က ခရီးသည်အမျိုးမျိုးထဲမှာ တခြားအမျိုးအစားတွေကိုလည်း စဉ်းစားရမယ်။ တချို့ဆိုရင် ပိုပြီးတော့ ထဲထဲဝင်ဝင် နိုင်ငံတစ်နိုင်ငံရဲ့ယဉ်ကျေးမှုအကြောင်း သိချင်တယ်။ ဒီလိုပဲ ရှုခင်းလေး ကြည့်ရုံနဲ့ အမှတ်တရပစ္စည်းလေးတွေ ဝယ်ရုံနဲ့ ဒါမျိုးမဟုတ်ဘူး။ နည်းနည်းလေ့လာချင်တဲ့စိတ်နဲ့ ဗဟုသုတရှာချင်တဲ့စိတ်နဲ့ လာတဲ့ခရီးသည်တွေလည်း ရှိတယ်။ အဲဒီလို ခရီးသည်တွေအတွက်လည်း ကျွန်မတို့ အခွင့်အရေးတွေ ဖန်တီးပေးရမယ်။ ဥပမာဆိုရင် ရှေးဟောင်းသုတေသနကို စိတ်ဝင်စားတဲ့ ခရီးသည်တွေဆိုရင် ဘယ်နေရာတွေကို သွားသင့်တယ်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုကို စိတ်ဝင်စားတဲ့ ခရီးသည်တွေဆိုရင် ဘယ်နေရာသွားသင့်တယ်။ ဒါနဲ့ ကြုံလို့ပြောရမယ်ဆိုရင် ကျွန်မတို့ အရှေ့တောင်အာရှက ခရီးသွားတွေဆိုရင်တော့ ဗုဒ္ဓဘာသာတွေဖြစ်တဲ့အတွက် ဘုရားဖူးသွားချင်တဲ့ ခရီးသည်မျိုးလည်း ရှိပါတယ်။ ဒါကတော့ ကျွန်မတို့နိုင်ငံအနေနဲ့ ခက်ခက်ခဲခဲမရှိပါဘူး။ ဒီလိုခရီးသည်တွေကို လိုက်ပြဖို့အတွက်၊ ဒါပေမယ့် တခြားအသစ်ပုံစံနဲ့ သွားချင်လာချင်တဲ့ ခရီးသည်တွေအတွက် ကျွန်မတို့ စဉ်းစားရမှာပါ။

ထဲထဲဝင်ဝင်နဲ့ ဒီနိုင်ငံရဲ့ယဉ်ကျေးမှုကို လေ့လာတာတွေ၊ ဘာသာရေးကို လေ့လာတာဆိုရင် အဲဒီလို ခရီးသည်တွေအတွက် ကျွန်မတို့ ဘယ်လိုအစီအစဉ်တွေ လုပ်ပေးမလဲဆိုတာကိုလည်း ကျွန်မတို့ စဉ်းစားသင့်ပါတယ်။ ပေ့ါပေ့ါပါးပါးမဟုတ်ဘဲနဲ့ တချို့က သူတို့အလုပ်တွေကနေ အားတဲ့အချိန်လေးမှာ သူတို့ရဲ့ ဝါသနာတွေကို ပိုပြီးတော့ လေ့လာနိုင်ဖို့ အခွင့်အရေးရှာပြီးတော့ လာကြတာတွေလည်း ရှိပါတယ်။

**ခရီးသည်တွေအတွက် စိတ်ကျေနပ်မှုရှိအောင် လုပ်ပေး**

ဒီလို နိုင်ငံတစ်နိုင်ငံရဲ့ ယဉ်ကျေးမှုကို ထဲထဲဝင်ဝင်လေ့လာချင်တယ်ဆိုတော့ ကျွန်မတို့ သမိုင်းဘက်ကရှိတယ်၊ ဘာသာရေးဘက်ကရှိတယ်၊ နောက်ပြီး လူမှုရေးဘက်ကရှိတယ်။ ကျွန်မတို့ရဲ့ နိစ္စဓူဝ နေထိုင်ရေးပါ။ အဲဒီဟာနဲ့ ပတ်သက်ရင် Community Tourism ကို အားပေးတယ်ဆိုတာလည်း ဒါနဲ့ဆိုင်ပါတယ်။ ကျွန်မတို့ရဲ့ရပ်ရွာတွေ တိုးတက်ဖွံ့ဖြိုးဖို့တင်မကဘူး။ ကျွန်မတို့ရဲ့နိုင်ငံရဲ့ ရှေးအစဉ်အလာတွေ၊ ကျွန်မတို့ရဲ့ ယဉ်ကျေးမှုတွေကို ပိုပြီးတော့ အပေါ်ယံကြောထက် ပိုပြီးတော့ သိချင်တဲ့ ခရီးသည်တွေအတွက်လည်း အများကြီးအထောက်အကူဖြစ်ပါတယ်။ ဒီဟာကိုသာ ပညာပါပါနဲ့ သေသေချာချာ စဉ်းစဉ်းစားစားလေ့လာပြီးတော့ လုပ်မယ်ဆိုရင် ဒီလို လုပ်ခြင်းအားဖြင့် ကျွန်မတို့ရဲ့ရပ်ရွာ၊ ရွာပိုင်းဆိုင်ရာမှာ တောနေပြည်သူလူထုတွေအတွက်လည်း တိုးတက်မှုရအောင် လုပ်ပေးနိုင်မယ်။ နောက်ပြီးတော့ လာတဲ့ခရီးသည်တွေအတွက်လည်း သူတို့စိတ်ကျေနပ်မှုရှိအောင် လုပ်ပေးနိုင်မယ်။

နောက် တချို့ခရီးသည်တွေက နည်းနည်းစွန့်စားမှုလေး လိုချင်တယ်။ စွန့်စားမှုတွေလိုချင်တယ်ဆိုတော့ တောင်တက်ချင်တယ်။ Trekking သွားချင်တယ်။ နည်းနည်းခဲခဲယဉ်းယဉ်းနေရာတွေမှ သွားချင်တယ်၊ ပေ့ါပေ့ါပါးပါးမဟုတ်ဘူး။ သူတို့ကိုယ်သူတို့လည်း စမ်းသပ်တဲ့အနေနဲ့ စိန်ခေါ်မှုလေးတွေနဲ့ နည်းနည်းပါးပါး ကြုံတွေ့ချင်တယ်။ ဒီလိုခရီးသည်တွေအတွက်လည်း ကျွန်မတို့စဉ်းစားပေးရမယ်။ ဘယ်မှာ တောင်တက်လို့ ရမလဲ၊ သူတို့လမ်းလျှောက်တဲ့အခါကျရင် လမ်းဖြူးဖြူးဖြောင့်ဖြောင့်ကြီး လျှောက်တာလည်းမဟုတ်ဘူး။ အတက်အဆင်းလေး နည်းနည်းပါးပါးရှိတာ။ နောက်ပြီးတော့ ရှုခင်းသာယာရင်လည်း ပိုကောင်းတာပေ့ါ။

**စွန့်စားမှုဆန်ဆန် ခရီးသွားအစီအစဉ်**

နောက်တချို့ကျတော့ ညအိပ်တဲ့အခါကျရင် ရွက်ထည်တဲနဲ့ ထိုးပြီးတော့ အိပ်ချင်တယ်။ ဒီလိုဟာမျိုး စွန့်စားမှုဆန်ဆန် ခရီးသွားအစီအစဉ်လေးကိုလည်း နှစ်သက်တာတွေ ရှိပါတယ်။ အဲဒီတော့ အဲဒီဟာတွေလည်း အမျိုးမျိုးစဉ်းစားပေးဖို့ လိုပါတယ်။

**အသေးစားစီးပွားရေးလုပ်ငန်းတွေကိုအားပေး**

အများအားဖြင့် ခရီးသည်တွေက ရောက်ရောက်ချင်းမှာတော့ ရန်ကုန်၊ အဓိက ရန်ကုန်က လာတယ်ဆိုရင် တည်းခိုစရာနေရာတွေကလည်း အင်မတန်အရေးကြီးပါတယ်။ တည်းခိုစရာနေရာဟာ အဆင့်အမျိုးမျိုးရှိဖို့လိုပါတယ်။ ကျွန်မအမြင်မှာတော့ တည်းခိုခန်းတွေနဲ့ ပတ်သက်လို့ ဟိုတယ်ကြီးပဲဖြစ်ဖြစ်၊ တည်းခိုခန်းသေးသေးလေးပဲဖြစ်ဖြစ် အရေးအကြီးဆုံးကိစ္စကတော့ သန့်ရှင်းမှုပဲ၊ သန့်သန့်ရှင်းရှင်းနဲ့ တည်းနေတဲ့ဧည့်သည်တွေက သူတို့ရဲ့ကျန်းမာရေးအတွက် စိတ်လုံခြုံမှုရှိရမယ်။ ပတ်ဝန်းကျင်က မသန့်မရှင်းဆိုရင်လည်း သူတို့ စိတ်အေးလက်အေးရှိမှာမဟုတ်ဘူး။ နံပါတ်တစ် အရေးကြီးဆုံးက သန့်သန့်ရှင်းရှင်းနဲ့ ခရီးသည်တွေဟာ စိတ်ချလက်ချနဲ့ နေနိုင်မယ့်နေရာတွေ အရေးကြီးပါတယ်။ ကြီးကြီးကျယ်ကျယ်ဆိုတာကတော့ ကိုယ်တတ်နိုင်ရင် တတ်နိုင်သလို အဆင့်ဆင့်မြင့်သွားပါတယ်။ ကျွန်မတို့က အထူးသဖြင့် အသေးစားစီးပွားရေးလုပ်ငန်းတွေကို အားပေးချင်တယ်ဆိုရင် သန့်သန့်ရှင်းရှင်းနဲ့ ဈေးကြီးကြီးမဟုတ်ပေမယ့်လည်း နေချင်စဖွယ်ကောင်းတဲ့ တည်းခိုခန်းတွေ၊ ဟိုတယ်လေးတွေ အဲဒါတွေကို အားပေးဖို့လိုတယ်လို့ ထင်ပါတယ်။

**လမ်းဘေးဆိုင်ကအစားစာက ပိုပြီးတော့ စားကောင်း**

စားသောက်ဆိုင်တွေဆိုရင် ထိုနည်းၚင်းပဲလို့ ကျွန်မထင်ပါတယ်။ အခုခေတ်မှာဆိုရင် အများစုသော နိုင်ငံခြားကလာတဲ့ခရီးသည်တွေက ဟိုတယ်ကြီးတွေ၊ စားသောက်ဆိုင်ကြီးတွေမှာ စားရတာထက် လမ်းဘေးဆိုင်လေးတွေမှာ စားရတာကို သူတို့ စိတ်ဝင်စားကြတယ်။ ကျွန်မတို့ ဗမာတွေဆိုရင်လည်း အများအားဖြင့် ဘန်ကောက်သွားရင် လမ်းဘေးဆိုင်ကအစားစာက ပိုပြီးတော့ စားကောင်းတယ်လို့ အမြဲပဲပြောကြတယ်။ ဟိုတယ်ကြီးတွေက အစားအစာနဲ့ဆိုရင် သူတို့ရဲ့ရိုးရာအစားစာတွေက စားလည်းကောင်းတယ်။ စိတ်ဝင်စားစရာလည်းကောင်းတယ်။ နည်းနည်းလည်း ပိုပြီးတော့ ဈေးသက်သာတယ်။ အဲဒီတော့ ဒါမျိုးကျရင်လည်း အမြဲပဲသန့်ရှင်းမှုကို သူတို့စဉ်းစားတယ်။ သူတို့ကျန်းမာရေး သူတို့စဉ်းစားတယ်။

**နိုင်ငံအတွက်လည်း အကျိုးအမြတ်ရှိ**

ကျန်းမာရေးဆိုတာဟာ ရေရှည်ကျန်းမာရေးတင်မကဘူး။ ဒီနိုင်ငံမှာ တစ်ပတ်နေတဲ့အချိန်မှာ အစားအသောက်မှားလို့ အိပ်ရာထဲမှာနေရတာ ၅ ရက်ဆိုရင် မတန်ဘူးပေ့ါ။ ဒါကြောင့် သန့်သန့်ရှင်းရှင်းနဲ့ ဒေသခံအစားအစာတွေကို ဈေးချိုချိုနဲ့ ဝယ်နိုင်တဲ့ ပုံစံလေးတွေကို ကျွန်မတို့ စဉ်းစားရမယ်။ ဘန်ကောက်မှာဆိုရင် အားလုံးသိတဲ့အတိုင်း ဒီလိုလမ်းဘေးဆိုင်တွေက အင်မတန်မှ သန့်တယ်။ စိတ်ချရတယ်။ သူတို့က စည်းကမ်းလည်းရှိတယ်။ ကိုယ့်အမှိုက်ကိုယ် ရှင်းသွားတယ်။ ဥပမာအားဖြင့် အဲဒီလိုဟာမျိုးကို ဦးတည်ရင် ဧည့်သည်တွေကလည်း စိတ်ချမ်းသာမယ်။ နိုင်ငံအတွက်လည်း အကျိုးအမြတ်ရှိမယ်လို့ ထင်ပါတယ်။

နောက်တစ်ခုက ဘေးထွက်အကျိုးတစ်ခုက ဒီလိုလုပ်ခြင်းအားဖြင့် ရိုးရာအစားအစာတွေကို ထိန်းသိမ်းထားနိုင်တယ်။ နိုင်ငံခြားသားတွေက စိတ်ဝင်စားလို့၊ ကြိုက်သွားရင် ဒါတွေကို ထိန်းသိမ်းပြီးတော့ ဆက်ပြီး ထုတ်လုပ်လို့ရမယ်။ နိုင်ငံခြားကဝင်လာတဲ့ ခပ်ပေါပေါနဲ့ အာဟာရမဖြစ်တဲ့အစားအစာတွေနဲ့ ယှဉ်ပြိုင်နိုင်တဲ့ အနေအထားကို ရောက်သွားနိုင်ပါတယ်။ ကျွန်မတို့ရဲ့မချမ်းသာတဲ့ ပြည်သူပြည်သားတွေအတွက် လုပ်ငန်းလေးတွေလည်း ဖြစ်နိုင်တယ်။ Small Enterprises ပေ့ါ။ ဆိုင်လေးတွေ၊ တွန်းလှည်းဆိုင်လေးတွေပဲဖြစ်ဖြစ်၊ စားသောက်ဆိုင် သေးသေးလေးပဲ ဖြစ်ဖြစ် အဲဒါကိုလည်း စဉ်းစားစေချင်ပါတယ်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

**ကျွန်မတို့နိုင်ငံကို ခရီးသွားတွေလာတဲ့အခါ ဘာကို မျှော်မှန်းပြီးလာကြသလဲ။ တချို့ကတော့ မမြင်ဖူးတဲ့နေရာကို ရောက်ဖူးချင်လို့၊ တချို့ကတော့ တခြားလူတွေ မရောက်ဖူးတဲ့နေရာမျိုးကို ရောက်ချင်လို့၊ တချို့ကတော့ အပန်းဖြေချင်လို့၊ တချို့ကတော့ သူတို့နိုင်ငံမှာ မရရှိနိုင်တဲ့ စိတ်ငြိမ်မှုကိုလိုချင်လို့ စသည်ဖြင့် အကြောင်းအမျိုးမျိုးကြောင့် ကျွန်မတို့နိုင်ငံကို ရောက်လာကြတာဖြစ်**

*စာမျက်နှာ ၄ မှ*

ယဉ်ကျေးမှုနဲ့ပတ်သက်ပြီး မကြာခဏကြားရပါတယ်။ တစ်ခါတလေ ကမ္ဘာလှည့် ခရီးသည်တွေက မေးတယ်တဲ့၊ ဘုရားတွေကြည့်ပြီးရင် ဘာရှိသေးလဲ။ ကျွန်မတို့ နိုင်ငံက စေတီပုထိုးတွေ အင်မတန်မှ ကြွယ်ဝပါတယ်။ ဒါကိုလည်း ခရီးသည်တွေက စိတ်ဝင်စားပါတယ်။ နည်းနည်းများလာတဲ့အခါကျတော့လည်း သူတို့က အခြားဟာကို တွေ့ချင် မြင်ချင်ကြတယ်။ ပြန်ပြီးလေ့လာကြည့်တဲ့အခါကျတော့ ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး အစီအစဉ်တွေကနည်းတယ်။ လွယ်လွယ်ကူကူနဲ့သွားပြီး ဗမာ့ယဉ်ကျေးမှုနဲ့ ပတ်သက်လို့ လေ့လာဖို့ နေရာတွေလည်းမရှိဘူး။ ဥပမာဆိုရင် ဗမာ့ရုပ်သေးရုပ်ကြည့်ချင်တယ်ဆိုရင် ဘယ်သွားကြည့်ရမလဲ၊ လွယ်လွယ်နဲ့မရှိဘူး။ တော်တော်မေးယူရတယ်။ ရှာယူရတယ်။

**အတွေးအခေါ်အသစ်တွေ လုပ်ပေးစေချင်**

နောက်ပြီး ရိုးရာအကတွေကို လေ့လာချင်တယ်ဆိုရင် ဘယ်မှာသွားလေ့လာရမလဲ၊ ဘယ်မှာသွားကြည့်ရမလဲ၊ အဲဒါမျိုးတွေဘက်မှာတော့ နည်းသေးတယ်လို့ ကျွန်မအနေနဲ့ ယူဆပါတယ်။ ဒါကြောင့် အဲဒီဘက်မှာလည်း ဖြည့်ဆည်းပေးချင်ပါတယ်။ ဇာတ်ရုံကြီးတွေ ဆောက်ဖို့၊ ခန်းမကြီးတွေမှာ ပွဲတွေပြဖို့ ဒါကို ပြောတာမဟုတ်ပါဘူး။ ဒါတွေကလည်းရှိရမယ်။ ဒါတွေကိုလည်း ဦးတည်ရမှာပါ။ ဒါပေမယ့် ရုပ်သေးပွဲဆိုတာ နေရာသိပ်ယူတာမှ မဟုတ်ဘဲ၊ အဲဒီလိုဟာမျိုးလေးတွေ မရနိုင်ဘူးလား။ တစ်ပင်တိုင်အကလေးတွေ၊ တစ်ယောက်နှစ်ယောက်ပေါ့၊ မင်းသမီးနဲ့ မင်းသားပွဲလေးတွေ လုပ်လို့မရဘူးလား၊ ဒါကို ကျွန်မတို့ရဲ့အစိုးရကနေ မပံ့ပိုးပေးနိုင်ဘူးလား။ ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ ခရီးသွားဝန်ကြီးဌာနတို့ ညှိပြီးတော့ အမျိုးမျိုး အတွေးအခေါ်အသစ်တွေနဲ့ လုပ်ပေးစေချင်ပါတယ်။

**ဝင်ငွေအင်မတန်မှကောင်းတဲ့ လုပ်ငန်းတစ်ခုဖြစ်**

စွန့်စားခန်းနဲ့ပတ်သက်ရင် ရေကြောင်းကိုလည်း သုံးဖို့ စဉ်းစားရပါလိမ့်မယ်။ ကျွန်မတို့နိုင်ငံရဲ့မြစ်တွေက နီပေါက မြစ်တွေလိုတော့မဟုတ်ဘူး။ ကျွန်မ ငယ်ငယ်က ဆိုရင် နီပေါက မြစ်တွေပေါ်မှာ ဖောင်စီးတဲ့ခရီးတွေ ကျွန်မထွက်ခဲ့ဖူးတယ်။ အင်မတန်လည်း ပျော်စရာကောင်းတယ်။ အင်မတန်လည်း စိတ်ဝင်စားစရာကောင်းတယ်။ ဒီလိုဟာမျိုး ကျွန်မတို့ အမျိုးမျိုးစဉ်းစားစေချင်တယ်။ သမားရိုးကျအတွေးတွေနဲ့ဆိုရင် ကျွန်မတို့နိုင်ငံဟာ အခြားနိုင်ငံတွေနဲ့ ယှဉ်ရမှာပါ။ ကမ္ဘာလှည့်ခရီးသွားတွေကို တစ်ချိန်လုံးဆွဲဆောင်နေတာ၊ နိုင်ငံတိုင်းနိုင်ငံတိုင်းက ဆွဲဆောင်နေတာ၊ ဘာဖြစ်လို့လဲဆိုတော့ အခုခေတ်မှာဆိုရင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဟာ နိုင်ငံတစ်နိုင်ငံအတွက် ဝင်ငွေအင်မတန်မှကောင်းတဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် အားလုံးက ဆွဲဆောင်နေတာ၊ ကျွန်မတို့က ယှဉ်ပြိုင်နိုင်ဖို့ဆိုရင် တခြားသူတွေပေးနိုင်တာထက် ပိုပြီးတော့ စိတ်ဝင်စားမှုအရ၊ ယဉ်ကျေးမှုအရ၊ စိတ်ချမ်းသာမှုအရပေးနိုင်မှ ဆွဲဆောင်နိုင်မယ်လို့ ထင်ပါတယ်။

**ခရီးသွားလုပ်ငန်း ကျယ်ပြန့်အောင်လုပ်လို့ရ**

ကျွန်မတို့နိုင်ငံမှာဆိုရင် လူသူသိပ်မပေါက်ရောက်တဲ့ နေရာတွေရှိတယ်။ တချို့ကျတော့ ခရီးသွားတွေက တို့ရောက်ဖူးတယ်ဆိုတဲ့စိတ်ဓာတ်နဲ့ လာတာတွေလည်းရှိတယ်။ ဓာတ်ပုံရိုက်ပြီးတော့ ငါတို့အဲဒီရောက်ဖူးတယ်။ အခြားသူတွေ ဘယ်သူရောက်ဖူးသလဲဆိုတဲ့ ပုံစံ၊ ဒါလည်း လူ့သဘာဝဆိုတော့ ကျွန်မတို့ ဒီသဘာဝအပေါ်မှာ အခြေခံပြီးတော့ ခရီးသွားလုပ်ငန်း ကျယ်ပြန့်အောင် လုပ်လို့ရပါတယ်။ ဒါပေမယ့် ဂရုစိုက်ရမယ်။ လူသူအသွားနည်းတဲ့နေရာတွေကို ကမ္ဘာလှည့်ခရီးသည်တွေ သွားနိုင်အောင်လို့ စီစဉ်တဲ့အခါမှာ အဲဒီနေရာတွေ မပျက်စီးသွားဖို့က အင်မတန်အရေးကြီးတယ်။ အားလုံးကြားဖူးမှာပါ။ တစ်ခါတုန်းကဆိုရင် ဧဝရက်တောင်ပေါ်မှာ အမှိုက်ပုံကြီးကျနေတာပဲ။ အဲဒီအထိတောင် ဆိုးဝါးခဲ့ပါတယ်။ ဧဝရက်တောင်ပေါ်တက်ချင်ပါတယ်ဆိုပြီး သွားကြတယ်။ သွားပြီးရင် အမှိုက်တွေက ပစ်ခဲ့လိုက်တာ ဧဝရက်တောင်နဲ့တောင် အမှိုက်ပုံကြီးက ယှဉ်တယ်ဆိုပြီး လူတွေက ပြောစမှတ်ဖြစ်လာပါတယ်။ အဲဒါတွေ မဖြစ်အောင် ကျွန်မတို့က ကြိုတင်ပြီးတော့ ကာကွယ်ထားရမယ်။ တစ်နည်းအားဖြင့်ပြောရရင် ဖွံ့ဖြိုးမှုနောက်ကျခြင်းဟာလည်း သင်ခန်းစာယူခွင့်ပေးလို့ အပေါင်းလက္ခဏာဆောင်တဲ့ ကိစ္စရပ်တစ်ခုပဲလို့ မြင်ပြီးတော့ အတတ်နိုင်ဆုံး ဒီအပေါ်မှာအခြေခံပြီး အခွင့်အရေးယူပြီး အကောင်းဆုံးဖြစ်အောင်လုပ်ဖို့ပဲ ဖြစ်ပါတယ်။ ကျွန်မတို့ ခရီးသွားလုပ်ငန်းတွေကို စီစဉ်တဲ့အခါမှာ ကမ္ဘာ့ခရီးသွားဧည့်သည်တွေကို ဆွဲဆောင်ဖို့ စီစဉ်တဲ့အခါမှာ တစ်နိုင်ငံလုံးရဲ့လိုအပ်ချက်ကို ကြည့်ပြီးတော့ လုပ်ရမှာဖြစ်တယ်။ တစ်နေရာတည်းကို ကြည့်လို့မရဘူး။ နှစ်နေရာသုံးနေရာလည်း ကြည့်လို့မရဘူး။

**ဆွဲဆောင်နိုင်ဖို့လို**

ဥပမာ ပုဂံဆိုရင်တော့ လူတိုင်းသွားချင်ကြပါတယ်။ လူတွေမသိတဲ့နေရာတွေရှိတယ်။ အဲဒီနေရာတွေကို ဆွဲဆောင်နိုင်ဖို့လိုပါတယ်။ အင်းလေးဆိုရင်လည်း လူတိုင်းသွားချင်ကြတယ်။ ကျွန်မတို့နိုင်ငံမှာ ပုဂံနဲ့ အင်းလေးသာမက အခြားအင်မတန်မှ ကမ္ဘာလှည့်ခရီးသည်တွေအတွက် စိတ်ဝင်စားစရာကောင်းတဲ့ နေရာတွေ ရှိပါတယ်။ သမိုင်းအရ၊ ရှုခင်း၊ သဘာဝအလှအရရော၊ သမိုင်းအရဆိုတော့ သမိုင်းနဲ့ ပတ်သက်ပြီးတော့ လုပ်ဆောင်တဲ့ကိစ္စတွေဟာ တကယ့်အဖြစ်အပျက်ပေါ်မှာ အခြေခံစေချင်ပါတယ်။ စိတ်ကူးယဉ်ပြီးတော့ လုပ်ထားတာမျိုး မဖြစ်စေချင်ပါဘူး။ ကျွန်မ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် ရှေးတုန်းက နန်းတော်ကြီးတွေပါ ဆိုပြီး လုပ်ထားတဲ့ဟာတွေက တကယ်ပဲ သမိုင်းအချက်အလက်တွေနဲ့ ကိုက်ညီရဲ့လား၊ အဲဒီတုန်းက ပုံစံတွေ ဒီလိုပဲရှိခဲ့ရဲ့လား၊ ဒါတွေကို စဉ်းစားစေချင်ပါတယ်။

**လူတွေရဲ့ယုံကြည်မှု ကျဆင်းတယ်လို့ထင်**

အရင်တုန်းက ရှေးဘုရင်တွေရဲ့ရုပ်တုကြီးတွေ။ တကယ်ပဲ အဲဒီရှင်ဘုရင်အားလုံးက ဒီလိုပုံစံရှိရဲ့လား၊ အဲဒီခေတ်တုန်းက ဒီလိုပဲ ဝတ်ဆင်ခဲ့ရဲ့လား။ ကျွန်မကတော့ ဒီလိုပဲစဉ်းစားတာပဲ၊ အခြားသူတွေတော့ မသိဘူး၊ နိုင်ငံခြားကလာပြီးတော့ သမိုင်းကို စိတ်ဝင်စားတဲ့ ကမ္ဘာလှည့်ခရီးသည်တွေဆိုရင် နှိုက်နှိုက်ချွတ်ချွတ်မေးတယ်။ တကယ်ပဲ သူတို့က အချက်အလက်နဲ့ ကိုက်ညီရဲ့လားဆိုတာ သူတို့လေ့လာတယ်။ ကျွန်မတို့သမိုင်းမှာ မသိတာရှိရင်လည်း မသိတဲ့အတိုင်းပေါ့။ သိချင်ယောင်ဆောင်ပြီးတော့ ခန့်မှန်းခြေနဲ့ဆိုရင်တော့ လူတွေရဲ့ယုံကြည်မှု ကျဆင်းတယ်လို့ ထင်ပါတယ်။ အဲဒါကြောင့် မသေချာတာဆိုရင် မသေချာဘူး။ သို့သော်လည်း ဒီလိုဖြစ်ခြေရှိတယ်ဆိုပြီး သူတို့စိတ်ဝင်စားအောင် အမျိုးမျိုးလုပ်လို့ရတာပေါ့။ ဥပမာအားဖြင့် အရင်တုန်းက ရှေးဘုရင်တစ်ပါးရုပ်တုကို စိတ်ကူးပြီးထွင်းထားတာ ဖြစ်ပါတယ်ဆိုတာကို မှန်မှန်ကန်ကန် စာတန်းထိုးထားရင် ဘယ်သူမှ ဘာမှပြောစရာမရှိဘူး။ အဲဒီဘုရင်က ဘယ်လိုပုံစံရှိတယ်ဆိုတာကတော့ အထောက်အထား မရှိပါဘူး။ မှတ်တမ်းလည်း မရှိပါဘူး။ ဒါပေမယ့်လည်း ဘာကို အခြေခံပြီး ဒီလိုပုံစံဖြစ်မယ်လို့ ခန့်မှန်းပြီးတော့ ထုရပါတယ်ဆိုတာမျိုးပါ။

**ခရီးသည်တွေအတွက် အထောက်အကူပြုမယ်လို့ထင်**

အဲဒီလိုအမှန်တရားနဲ့လည်း ကိုက်ညီတယ်။ ကျေနပ်လောက်တဲ့ အချက်အလက်လေးတွေပါတဲ့ဟာမျိုးကို လုပ်ပေးမယ်ဆိုရင် ကျွန်မတို့သမိုင်းဘက်ကို အများကြီး စိတ်ဝင်စားမှုရှိတဲ့ ခရီးသည်တွေအတွက် အထောက်အကူပြုမယ်လို့ ကျွန်မထင်ပါတယ်။ နောက်တစ်ခုက ကျွန်မတို့နိုင်ငံနဲ့ ပတ်သက်ပြီးတော့ တချို့စိတ်ဝင်စားလာကြတာကတော့ တိရစ္ဆာန်တွေ၊ အထူးသဖြင့် ဆင်တွေ၊ ကျွန်မနားလည်သလောက်ကတော့ ကိုယ့်နိုင်ငံမို့ ကိုယ်အမွှမ်းတင်ပြီးတော့ ပြောတယ်လို့ တချို့ကထင်မယ်။ နိုင်ငံခြားက လေ့လာသူတွေက ရေးသားထားတာကို ခဏခဏ ဖတ်ဖူးပါတယ်။ မြန်မာဆင်တွေလောက် သစ်လုပ်ငန်းမှာ ကျွမ်းကျင်တဲ့ဆင် ကမ္ဘာမှာမရှိဘူးလို့ ပြောတယ်။ တချို့အိမ်နီးချင်းနိုင်ငံတွေက သဘောတူချင်မှ တူမှာပါ။ သစ်လုပ်ငန်းမှာ သုံးတဲ့ဆင်တွေ ရှိပေမယ့်၊ တော်တော်များများ လေ့လာထားတဲ့ ပုဂ္ဂိုလ်တွေရဲ့ ရေးသားချက်တွေကို ဖတ်ဖူးပါတယ်။ မြန်မာဆင်တွေက ဘာကြောင့်ရယ်လို့ မသိဘူး။ သစ်လုပ်ငန်းမှာ ထူးထူးခြားခြား ကျွမ်းကျင်တယ်။

**တီထွင်ဉာဏ်အမျိုးမျိုးနဲ့ စဉ်းစား**

အထူးသဖြင့် ဆင်တွေကို သစ်လုပ်ငန်းတွေမှာ သိပ်မသုံးနိုင်တာကြောင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက် တန်ဖိုးရှိအောင်လုပ်ပြီးတော့ ဆင်တွေအတွက်လည်း ပိုပြီးတော့ ဘဝကောင်းအောင်လို့ လုပ်ပေးလို့ရမလား ဆိုပြီးတော့ စဉ်းစားစေချင်ပါတယ်။ ဒီလိုလုပ်တဲ့အခါကျရင် ဧည့်သည်တွေအနေနဲ့ နိုင်ငံအတွက် မဟုတ်ဘဲနဲ့ တိရစ္ဆာန်တွေအတွက်ပါ ပိုပြီးတော့ ကောင်းတဲ့နည်းတွေရော စဉ်းစားစေချင်ပါတယ်။ တီထွင်ဉာဏ်အမျိုးမျိုးနဲ့ စဉ်းစားရမှာပဲ၊ ဆန်းသစ်တဲ့ အတွေးအခေါ်တွေဆိုတာဟာ စဉ်းစားလို့ရှိရင် ပေါ်လာမှာပါ။ ဥပမာဆိုရင် ကျွန်မတို့ ဆင်တွေကို ပိုပြီးတော့ စိတ်ဝင်စားလာအောင် နာမည်ပေးထားတာမျိုး၊ သူတို့ကြိုက်တဲ့ဆင်ကို အထူးလေ့လာခွင့်ပေးတာမျိုး ဒါမျိုးတွေလုပ်နိုင်ဖို့၊ ဆင်မွေးစားတဲ့အထိတော့ ကျွန်မ မလုပ်ချင်ပါဘူး။ ဒါပေမယ့် အဝေးက မွေးစားပြီး ပိုက်ဆံပို့ပေးမယ်ဆိုရင်တော့ မဆိုးပါဘူး။ ပုံမှန်ပေါ့။ ဒီဆင်လေးကို foster လုပ်တယ်ပေါ့။ အရင်တုန်းက ကလေးတွေလုပ်သလိုပေါ့၊ ဖွံ့ဖြိုးတဲ့နိုင်ငံတွေက မဖွံ့ဖြိုးတဲ့နိုင်ငံကလေးတွေကို ပံ့ပိုးတာပေါ့။ သူတို့ရဲ့ တူလေး၊ တူမလေးလို မှန်မှန်ပံ့ပိုးသလို ကျွန်မတို့ ဆင်တွေကို ပံ့ပိုးမှုများ လုပ်လို့ရမလားဆိုတာ စိတ်ဝင်စားအောင်ပေါ့။ အထူးသဖြင့် ခရီးသည်တွေထဲမှာ ကလေးတွေပါရင် စိတ်ဝင်စားပါတယ်။ ကလေးတွေက ဆင်လေးတစ်ကောင်များ တာဝန်ယူချင်လား၊ သူတို့ မုန့်ဖိုးထဲက တစ်လဘယ်လောက် ပို့လိုက်မယ်ဆိုရင် စိတ်ဝင်စားမှုကြောင့် ပိုက်ဆံတွေ အများကြီးရမယ်လို့ မဟုတ်ပါဘူး။ စိတ်ဝင်စားမှု ရှိလာအောင်လို့၊ ပြန်လည်လာချင်အောင်လို့ သူတို့ဆင်တွေကိုလည်း ကြည့်ဖို့ စသဖြင့်ပါ။

**အတွေးသစ်တွေနဲ့ လုပ်ဖို့လို**

နောက်ရှားပါးသတ္တဝါတွေ၊ ရေဝတီလင်းပိုင်လိုဟာမျိုး ကြည့်နိုင်ဖို့၊ လေ့လာနိုင်ဖို့ ဒါမျိုးအခွင့်အခါသင့်အောင်လည်း ဖန်တီးပေးစေချင်ပါတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက်လည်း ဝင်ငွေလည်းရအောင်၊ အထောက်အကူလည်းဖြစ်အောင် နည်းအမျိုးမျိုးနဲ့ စဉ်းစားစေချင်ပါတယ်။ ခရီးသွားလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး လုပ်တဲ့အခါမှာ ကျွန်မတို့ရဲ့ဒေသမှာ တခြားနိုင်ငံတွေ ဘာလုပ်နေလဲဆိုတာကြည့်ဖို့ လိုအပ်ပါတယ်။ စောစောကပြောသလို ကျွန်မတို့က ပြိုင်ရမှာ ဖြစ်ပါတယ်။ အရှေ့တောင် အာရှကိုသွားရင် မြန်မာကို သွားရင်ကောင်းမလား၊ ထိုင်းကို သွားရင်ကောင်းမလား၊ လာအိုသွားရင် ကောင်းမလား၊ ကမ္ဘောဒီးယားသွားရင် ကောင်းမလား စဉ်းစားကြလိမ့်မယ်။ ဒီနိုင်ငံတွေက ယဉ်ကျေးမှုအရ၊ သဘာဝရေမြေအနေအထားအရ ဆင်တူယိုးမှားဆိုတော့ ဘယ်နေရာသွားရင် ကောင်းမလဲဆိုပြီး စဉ်းစားတာရှိတယ်။ တချို့ကလည်း အဲဒီနေရာတွေ အားလုံးကို Package Tour အနေနဲ့သွားတယ်။ ဒါတွေလည်း ကျွန်မတို့ ထည့်ပြီးတော့ တွက်ဖို့လိုပါတယ်။ ကျွန်မတို့ရဲ့ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်အောင်လုပ်ဖို့ဆိုတာ နောက်ဆုံးကျတော့ အဓိကလိုအပ်ချက်က အတွေးသစ်တွေနဲ့ လုပ်ဖို့လိုပါတယ်။ ဒီအတွေးကို အကောင်အထည်ဖော်နိုင်ရမယ်။ ပထမအတွေးသစ်တွေရအောင် စဉ်းစားကြပါ။ ဒီအတွေးသစ်တွေကို အကောင်းဆုံးနည်းနဲ့ အကောင်အထည်ဖော်တဲ့အခါမှာ နိုင်ငံရဲ့ရေရှည်အကျိုးကိုကြည့်ပြီးတော့ လုပ်ဆောင်ကြပါ။

**တစ်ယောက်နဲ့တစ်ယောက် ပူးပေါင်းဆောင်ရွက်**

ကျွန်မအခွင့်အရေးရှိတိုင်းရှိတိုင်း အားလုံးကိုသတိပေးတယ်။ ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုပါ။ ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုကြီးအကျိုးအတွက် ဘယ်တော့မှမမေ့ဘဲနဲ့ ဘာလုပ်ငန်းလုပ်လုပ် လုပ်စေချင်ပါတယ်။ ခရီးသွားလုပ်ငန်းလည်း ဒီအတိုင်းပါပဲ။ ကျွန်မတို့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသား အားလုံးအတွက် အကျိုးရှိအောင် စဉ်းစားပြီး လုပ်စေချင်ပါတယ်။ ပြီးတော့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံး ပိုမိုပြီးတော့ နီးစပ်လာအောင်၊ ညီညွတ်လာအောင်၊ ပိုမိုပြီးတော့ စည်းလုံးလာအောင် လုပ်ပေးမယ့်ပုံစံမျိုးလည်း ဖြစ်စေချင်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အပြိုင်အဆိုင်လုပ်ပြီးတော့ စိတ်ဝမ်းကွဲတာမျိုး မဟုတ်ဘဲနဲ့ တစ်ယောက်နဲ့တစ်ယောက် ပူးပေါင်းဆောင်ရွက်ပြီး ညီညွတ်လာတဲ့ပုံစံမျိုးဖြစ်အောင် လုပ်ပေးစေချင်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်ဖို့လိုတယ်ဆိုတာ ထူးထူးထွေထွေပြောနေဖို့ မလိုပါဘူး။ ဖွံ့ဖြိုးတိုးတက်ပုံ၊ ဖွံ့ဖြိုးတိုးတက်နည်းက အကောင်းဆုံးနည်းဖြစ်ရဲ့လားဆိုတာ စဉ်းစားဖို့လိုပါတယ်။

ကျွန်မတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်တာနဲ့အမျှ နိုင်ငံသားတွေ အားလုံးရဲ့ဘဝ၊ အများစုပေါ့၊ တစ်ရာ ရာခိုင်နှုန်းဆိုတာတော့ ဒီလောကကြီးထဲမှာ မဖြစ်နိုင်ပါဘူး။ အများစုကြီးရဲ့ဘဝ တိုးတက်ရေးအတွက် ဟုတ်ရဲ့လား၊ လူတစ်စုတည်းလားဆိုတာကို ကျွန်မတို့ အမြဲပဲသတိထားဖို့ လိုအပ်ပါတယ်။ ကျွန်မတို့နိုင်ငံသူ၊ နိုင်ငံသားအများစုကြီးအတွက် အကျိုးဖြစ်စေမယ့် ခရီးသွားလုပ်ငန်းတွေကို အမြန်ဆုံးဖော်ထုတ်နိုင်ပါစေ၊ နိုင်ငံတော်အတွက် ပိုက်ဆံတွေအများရမယ့် လုပ်ငန်းတွေဖြစ်ပါစေလို့ ကျွန်မအနေနဲ့ ဆန္ဒပြုပါတယ်။

ကျေးဇူးတင်ပါတယ်။ ။

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (၁၁ / ၂၀၁၈ )ကြိမ်မြောက် စည်းဝေး

**ရန်ကုန် ဩဂုတ် ၃**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၁ / ၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

**တက်ရောက်**

အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အဖွဲ့ဝင် ခုနစ်ဦး တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် လျှောက်ထားလွှာများအား



စိစစ်ခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှတင်ပြလာသည့် အထွေထွေ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း တို့ကို ဆောင်ရွက်ခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ပထမဦးဆုံး အတိုးရ အသက်အာမခံလုပ်ငန်း စတင်ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၃**

Grand Guardian Insurance (GGI) အသက်အာမခံလုပ်ငန်းက မိသားစုအတွက် အကာအကွယ်ရှိစေသော အတိုးခံစားခွင့်ရရှိနိုင်သည့် အသက်အာမခံအမျိုးအစား အတိုးရ အသက်အာမခံ(နှစ်တိုငွေပင်ငွေရင်း အသက်အာမခံ- Short Term Endowment Life Insurance)ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

GGI အာမခံလုပ်ငန်းက အတိုးရအသက်အာမခံ(နှစ်တိုငွေပင်ငွေရင်း အသက်အာမခံ- Short Term Endowment Life Insurance) အသက်အာမခံ အမျိုးအစားအသစ် စတင်မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ရှိ Pan Pacific ဟိုတယ်၌ ကျင်းပခဲ့သည်။

အတိုးရအသက်အာမခံ(နှစ်တိုငွေပင်ငွေရင်း အသက်အာမခံ- Short Term Endowment Life Insurance)ကို ငါးနှစ်၊ ခုနစ်နှစ်၊ ၁၀ နှစ် စသည်ဖြင့် မိမိကြိုက်နှစ်သက်ရာ နှစ်တိုသက်တမ်းဖြင့် အာမခံထားငွေကို ငွေကျပ် ၁၀ သိန်းမှ ငွေကျပ် သိန်း ၅၀၀ အထိ အများပြည်သူတို့ အာမခံထားနိုင်ကြောင်း၊ အများပြည်သူတို့အတွက် အကျိုးများစွာရရှိနိုင်ပြီး လူမှုဘဝလုံခြုံမှုအတွက် များစွာအထောက်အကူဖြစ်စေမည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံး အတိုးရအသက်အာမခံ လုပ်ငန်းဖြစ်ကြောင်း သိရသည်။

GGI အာမခံလုပ်ငန်းကို ၂၀၁၃ ခုနှစ် ဇွန် ၁၂ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ယခု ရန်ကုန်မြို့နှင့် နယ်မြို့များတွင် ရုံးခွဲပေါင်း ၁၈ ခု ဖွင့်လှစ်ကာ အသက်အာမခံလုပ်ငန်းနှင့် အထွေထွေအာမခံလုပ်ငန်းများကို လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရီရီမြင့်**

# မဆိုင်တာကို ဆိုင်သယောင် ဆွဲထည့်သည့် အရှုပ်ထုပ်ကို ဖြေပြခြင်း

—— ဆွေညီ ——

ကိုဒင်ရေ ....

သက်ပြည့်ပင်စင်အတွက် ကြိုတင်ပြင်ဆင်ခွင့် လေးလ ခံစားရင်း ခေတ္တစာတည်းမှူးချုပ်ကို အကူအညီပေးနေတာ၊ သတင်းစာတိုက်ရဲ့လိုအပ်တဲ့ကွက်လပ်ကလေးတွေ ဖြည့်ဆည်းပေးနေတာတွေအတွက် ကျေးဇူးအများကြီးတင်ပါတယ်။

ကိုဒင့်ရဲ့ဝန်ထမ်းသက်တစ်လျှောက်မှာ ဆွမ်းခံရင်း ငှက်သင့်တာတွေ၊ မဆီမဆိုင် လက်ပံသား ဓားနဲ့ချိုင်ခံရတာတွေ၊ အလုပ်တွေ ရှုပ်တဲ့ကြားက အရှုပ်တွေကြားနပန်းလုံးရတာတွေ ပြောမဆုံးပေါင် တောသုံးတောင် ကြုံရဆုံရ ဖြတ်သန်းခဲ့ရတဲ့ဘဝအမောလေးတွေကို အေးအေးဆေးဆေးဖြစ်တဲ့တစ်နေ့မှာ ကိုဒင့်ရှေ့က ပင်စင်ယူသွားတဲ့ နောင်တော်ကြီး ဦးမြင့်ဆွေလို ထုတ်နုတ်ရေးသားပြီး စာအုပ်လေး ထုတ်ပါဦးဗျာ၊ ဖတ်ချင်ပါသေးတယ်။

ကျွန်တော်တို့ ကြေးမုံ၊ မြန်မာ့အလင်း သတင်းစာ နှစ်စောင်က နိုင်ငံပိုင်သတင်းစာတွေမို့ ခေါင်းကြီးတွေ၊ ဆောင်းပါးတွေ၊ သတင်းတွေ....ထဲက ကောက်နုတ်ချင်တာတစ်ခုခုဆို အစိုးရရဲ့အာဘော်၊ အစိုးရရဲ့ထုတ်ပြန်မှု ၊ အစိုးရသတင်းစာကဤသို့ဆိုတယ်ဆိုပြီး ရေးကြိတ်တတ်ကြတယ်။

သူတို့က သဘောသဘာဝကို မသိတာလည်း ဖြစ်နိုင်သလို သဘောပေါက်လွန်းသွားတာလည်း ဖြစ်နိုင်တယ်လို့ ထင်မိတယ် ကိုဒင်။

သတင်းစာတိုက်မှာ စာတည်းအဖွဲ့ရှိပြီး စာတည်းအဖွဲ့ရဲ့ရွေးချယ်မှု အများစုနဲ့ သတင်းတွေ ရွေးချယ်မယ်၊ ဆောင်းပါးတွေ ရွေးချယ်မယ်၊ ခေါင်းကြီးတွေ ရေးသားမယ်ဆိုတာ လုပ်ရိုးလုပ်စဉ် ပုံမှန်ဆိုတာကို မသိတာ၊ အသိလွန်တာတွေ တွေ့ကြရတယ်မဟုတ်လား ကိုဒင်။ လွတ်လပ်စွာ လုပ်ကိုင်ခွင့်မရှိဘူးဆိုတဲ့ ဟိုးတစ်ချိန်က သူတို့သိမီလိုက်တဲ့ ကာလတွေနဲ့ ယှဉ်တွေးပြီး ပြောနေ ဆိုနေကြတာလည်း ရှိတာပေါ့ ကိုဒင်။

တစ်ခါတလေ သတင်းစာမှာပါတဲ့ ဆောင်းပါးတစ်ပုဒ်တလေနဲ့ ပတ်သက်ပြီး မဆီမဆိုင် အမနာပ စွပ်စွဲရေးသား၊ သားပုပ်လေလွင့် ပြောနေဆိုနေကြတာကို တွေ့ရလို့ သူတို့တွေရဲ့ ရှေ့ဉာဏ်တော်ကို လေးစားရမလား၊ အံ့သြရမလားမသိ ဖြစ်ရတာလည်း အမှန်ပါ။

## လိုသလိုဆွဲယူရေးသားကြ

အခုရက်ဆို ကိုဒင်လည်း အွန်လိုင်းမှာရော၊ ပုံနှိပ်စာမျက်နှာထက်မှာရော သရုပ်ဆောင် အောင်ရဲထွေးအမှုနဲ့ ပတ်သက်ပြီး ရေးကြသားကြတာ တွေ့မိမှာပါ။ ဒါနဲ့ ပတ်သက်ပြီး မဆီမဆိုင် ဘယ်လိုမှ ပတ်သက်ဆက်စပ်လို့ မရတဲ့ မြန်မာ့အလင်းနဲ့ ကြေးမုံမှာပါတဲ့ ဆောင်းပါးနှစ်ပုဒ်ကို လိုသလို ဆွဲယူပြီး ရေးကြသားကြတာကို စရေးကြကတည်းက ဖတ်ရပါတယ်။ ဒါက ဉာဏ်ရည်မြင့်တဲ့ စာဖတ်သူတွေ၊ ထဲထဲဝင်ဝင် ဖတ်ရှုလေ့လာတဲ့သူတွေဆိုရင် ဒီဆောင်းပါး နှစ်ပုဒ်က ဘာကိုဆိုလိုတယ်ဆိုတာကို ရှင်းရှင်းလင်းလင်း မြင်ရဖတ်ရမှာပါ။

အခုဟာက တဖြည်းဖြည်းနဲ့ သူများယောင်လို့ ရောယောင်နေသူတွေကို တွေ့တာ များလာသလားလို့ပါ။

ကိုဒင်လည်း ဖတ်ပြီး ဖြစ်ပေမယ့် ဒီဆောင်းပါး နှစ်ပုဒ်မှာပါတာတွေနဲ့ ပတ်သက်ပြီး အသေးစိတ်သိနိုင်အောင် ကျွန်တော် တစ်ပိုဒ်ချင်း ကောက်နုတ်ပြပေးပါမယ်။

ပထမဆုံး ဇူလိုင်လ ၂၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာပါတဲ့ **ကိုယ့်တာဝန် ကိုယ်လုပ်ပါ**ဆိုတဲ့ ဆောင်းပါးပေါ့ ကိုဒင်။

ဆောင်းပါးအစမှာပါတာက “ကျွန်တော်တို့အချင်းချင်း ဆုံမိကြတဲ့အခါ သူ့အကြောင်း၊ ကိုယ့်အကြောင်းပြောတာတွေလည်းရှိ၊ လက်ရှိကြုံနေရတဲ့ အခြေအနေတွေလည်းပြောကြ၊ နိုင်ငံရေးအကြောင်းလည်း ပြောတဲ့အခါပြောသလို တရားဥပဒေစိုးမိုးရေးအကြောင်းတွေကနေ ကိုယ်နဲ့သက်ဆိုင်နေတဲ့ မှုခင်းပိုင်းတွေပါ ပြောဖြစ်ကြတယ်။

ဒီလိုပြောကြတဲ့အခါ ရဲတပ်ဖွဲ့က တရားစွဲတင်လိုက်တဲ့ အမှုက တရားခံတွေ တရားရုံးမှာ လွတ်သွားတဲ့ ကိစ္စရပ်တွေ၊ ဒါတွေနဲ့ပတ်သက်ပြီး အချို့က တရားရုံးတွေအပေါ် ဝေဖန်တာတွေ၊ ပြောဆိုတာတွေလည်းတွေ့ရပါတယ်။ တရားစွဲ အဖွဲ့အစည်းတွေနဲ့ ဆက်စပ်နေတဲ့ အခြားအဖွဲ့အစည်းတွေအပေါ် ဝေဖန်ပြစ်တင်မှုမျိုးတွေလည်း ကြုံရပါတယ်။

လူရဲ့အတ္တသဘာဝကြောင့် ဖြစ်မယ်ထင်ပါတယ်။ ကိုယ်က ဖမ်းဆီးစစ်ဆေးပြီး တရားစွဲတင်လိုက်တဲ့အပေါ်မှာ ပြစ်ဒဏ်မကျဘဲ လွတ်သွားရင် ကိုယ့်ဘက်က ရှုံးတယ်လို့ ထင်မှာပေါ့။ ဒါ့ကြောင့်လည်း တရားစွဲတင်လိုက်တဲ့ တရားခံအားလုံးကို ပြစ်ဒဏ်ကျခံရမယ်ဆိုတဲ့ အစွဲမျိုးရှိနေတယ်လို့ ဆိုရမှာ ဖြစ်တယ်။

ဒါပေမယ့် ကျွန်တော်တို့ စဉ်းစားရမှာက မိမိတာဝန်က ဘာလဲဆိုတာပါ။ ကျွန်တော်တို့က တရားစွဲ အဖွဲ့အစည်းဆိုလျှင် တရားစွဲအဖွဲ့အစည်းက လုပ်ရမယ့် တာဝန်တွေကို ကျေပွန်ဖို့လိုပါတယ်။ စီရင်ဆုံးဖြတ်တာသည် ကိုယ့်အလုပ်မဟုတ်ပါ၊ တရားရုံးရဲ့ တာဝန်သာဖြစ်ပါတယ်။ တရားရုံးကလည်း သူ့တာဝန်သူကျေအောင် လုပ်ပါလိမ့်မယ်။

တရားစွဲတင်လိုက်တဲ့ တရားခံအားလုံး ပြစ်ဒဏ်ကျရမည်ဆိုလျှင် စုံစမ်းစစ်ဆေးမှုတွေမလုပ်တော့ဘဲ စီရင်ချက်ချမှတ်ရုံပဲရှိပါတယ်”။

## အပေါ်ယံဖတ်ပြီး လိုသလိုဝေဖန်နေ

စာရေးသူ ဆိုလိုတာကို ရှင်းပါတယ်နော် ကိုဒင်။ စာရေးသူ ရေးတာက တကယ်ကို ရှင်းပါတယ်။ ခပ်ပါးပါးလေး၊ အပေါ်ယံလေးလောက်ဖတ်ပြီး လိုသလို ဆွဲယူ ဝေဖန်နေကြလို့သာပါ။

ဆောင်းပါးရှင်က ဆောင်းပါးရေးသားတဲ့ ရည်ရွယ်ချက်နဲ့ ပတ်သက်ပြီး အခုလို ပြောပြပါတယ်။ **“ဟိုတစ်ရက်က အလုပ်ရုံဆွေးနွေးပွဲတစ်ခုမှာ အချင်းချင်း စကားပြောဖြစ်ကြတော့ အရာရှိငယ်လေးတွေက သူတို့ဖမ်းဆီးပြီး တရားစွဲတင်လိုက်ပေမယ့် ပြစ်ဒဏ်မကျဘဲ လွတ်သွားတဲ့အခါ တခြားသူအပေါ် အထင်လွဲ၊ အမြင်လွဲ ဖြစ်ကြပါတယ်။ ဒါကြောင့် ကျွန်တော်က စိတ်မပျက်ဖို့၊ ကိုယ့်ဘက်က ကိုယ်လုပ်ရမယ့် အပိုင်းကို စနစ်တကျ လုပ်ဆောင်ဖို့ ပြောခဲ့ပါတယ်။ သူများကို အပြစ်ပြောနေတာထက် အမှုနဲ့ ပတ်သက်လို့ ခိုင်လုံတဲ့သက်သေကို ခိုင်ခိုင်မာမာ စစ်ဆေး တည်ဆောက်ဖို့ အသိပေးရေးသားခဲ့ခြင်းဖြစ်ပါတယ်”**။

သူရေးထားတာလေး ဆက်ဖတ်ကြည့်ရင် တွေ့ရမှာက .....

“တရားရုံးမှာ ဥပဒေအရ ခုခံချေပခွင့်ဟာ စွပ်စွဲခံရသူ (တရားခံ)ရဲ့ အခွင့်အရေးဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ တရားစီရင်ရေးမူများဖြစ်တဲ့ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)မှာ အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေးဆိုပြီး ပြဋ္ဌာန်းပေးထားပါတယ်။

အဲဒီလိုပဲ ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ အခန်း (၂) တရားစီရင်ရေးဆိုင်ရာမူများ ပုဒ်မ ၃ (ဂ)မှာလည်း အလားတူပြဋ္ဌာန်းထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ မှာ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်၊ ထို့ပြင် ဥပဒေအကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့် ပေးရမည်လို့ ပါရှိပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၅ မှာလည်း ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခြင်းခံရသူ တစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့်ရှိစေရမည်ကို ပြဋ္ဌာန်းထားပါတယ်။

**❖ အခုရက်ဆို ကိုဒင်လည်း အွန်လိုင်းမှာရော၊ ပုံနှိပ်စာမျက်နှာထက်မှာရော သရုပ်ဆောင် အောင်ရဲထွေးအမှုနဲ့ ပတ်သက်ပြီး ရေးကြ သားကြတာ တွေ့မိမှာပါ။ ဒါနဲ့ပတ်သက်ပြီး မဆီမဆိုင် ဘယ်လိုမှ ပတ်သက်ဆက်စပ်လို့ မရတဲ့ မြန်မာ့အလင်းနဲ့ ကြေးမုံမှာပါတဲ့ ဆောင်းပါးနှစ်ပုဒ်ကို လိုသလို ဆွဲယူပြီး ရေးကြ သားကြတာကို စရေးကြကတည်းက ဖတ်ရပါတယ်။ ဒါက ဉာဏ်ရည်မြင့်တဲ့ စာဖတ်သူတွေ၊ ထဲထဲဝင်ဝင် ဖတ်ရှုလေ့လာတဲ့ သူတွေဆိုရင် ဒီဆောင်းပါးနှစ်ပုဒ်က ဘာကိုဆိုလိုတယ်ဆိုတာကို ရှင်းရှင်းလင်းလင်း မြင်ရ ဖတ်ရမှာပါ။**

အခု ကျွန်တော်ပြောနေတာတွေက စွပ်စွဲခံရသူ(တရားခံ)ကို အလေးပေးပြီး ပြောနေတာ မဟုတ်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ အခွင့်အရေးတွေဟာ နိုင်ငံသားတိုင်းအတွက် ဖြစ်ပါတယ်။ စွပ်စွဲသူပဲဖြစ်စေ၊ စွပ်စွဲခံရသူပဲဖြစ်စေ ဥပဒေအရာမှာ တစ်ပြေးညီအခွင့်အရေး ရှိတယ်ဆိုတာကို ပြောလိုခြင်းပါ” ..... ဆိုပြီး ရေးသားထားပါတယ်။

## ဗဟုသုတရစေချင်တဲ့ ရည်ရွယ်ချက်

စာရေးသူပြောတဲ့ ဥပဒေနဲ့ ပတ်သက်ပြီး ဗဟုသုတရစေချင်လို့ ဆိုတဲ့ ရည်ရွယ်ချက်က ရှင်းလင်းစွာ ပါရှိပါတယ်။

သူက တရားစွဲအဖွဲ့အစည်းက လုပ်ရမယ့်အပိုင်းကိုလည်း ယခုလို ရေးပြထားပါတယ်။

“ဒါဆိုရင် ကျွန်တော်တို့ တရားစွဲအဖွဲ့အစည်းက ဘာတွေလုပ်ရမှာလဲ။ ရဲအရေးပိုင်တဲ့ပြစ်မှုတွေမှာ ကျွန်တော်တို့ဟာ နစ်နာသူကိုယ်စား အမှုကို စစ်ဆေးတည်ဆောက်ပြီး (စုံစမ်းထောက်လှမ်းပြီး) တရားစွဲတင်နိုင်ရေး ဆောင်ရွက်ရပါတယ်။ အဲဒီလိုပဲ နိုင်ငံတော်မှာရှိတဲ့ တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်တဲ့ ရဲအရေးပိုင်တဲ့ပြစ်မှုတွေမှာ နိုင်ငံတော်ကိုယ်စား ရဲတပ်ဖွဲ့က အရေးယူ ဆောင်ရွက်ပြီး တရားစွဲတင်ရပါတယ်။

နစ်နာသူ (သို့မဟုတ်) နိုင်ငံတော်ရဲ့ကိုယ်စား အမှုတည်ဆောက်တရားစွဲတင်ရတဲ့ တရားစွဲအဖွဲ့အစည်းအနေနဲ့ သက်သေခံဥပဒေပုဒ်မ ၁၀၁ ကို သတိပြုဖို့လိုပါတယ်။ ပြစ်မှုဆိုင်ရာမှုခင်းတွေမှာ တရားခံသည် ပြစ်မှုကျူးလွန်ကြောင်း သက်သေပြရန်တာဝန်မှာ တရားလိုမှာပဲ ရှိပါတယ်။ အဲဒီလို သက်သေပြရာမှာလည်း ပြစ်မှုကျူးလွန်ကြောင်း သံသယကင်းကင်းရှင်းရှင်းနှင့် ဆုံးဖြတ်နိုင်သည်အထိ သက်သေပြရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် သံသယအကျိုးကို တရားခံကသာ ခံစားခွင့်ရှိပါတယ်။ သံသယရှိရုံနဲ့ အပြစ်ပေးရင် ထင်ကြေးနဲ့ အပြစ်ပေးရာရောက်တဲ့အတွက် ဥပဒေအရ မျှတမှု မရှိနိုင်ဘူးလို့ဆိုပါတယ်။

ဒါကြောင့် တရားစွဲအဖွဲ့အစည်းဖြစ်တဲ့ ကျွန်တော်တို့က မိမိတို့တရားစွဲဆို လိုက်တဲ့ တရားခံသည် စွဲဆိုသည့်ပြစ်မှုကို ကျူးလွန်ကြောင်း လိုအပ်တဲ့ သက်သေခံ ချက်တွေကို ကွင်းဆက်မပြတ်တည်ဆောက်ဖို့က မိမိတာဝန်ဖြစ်ပါတယ်။

ခုခံချေပသည့် အခွင့်အရေးက စွပ်စွဲခံရသူ(တရားခံ)၏ အခွင့်အရေးဖြစ်ပါတယ်။

ပေါ်ပေါက်တဲ့ သက်သေခံချက်များအရ စီရင်ဆုံးဖြတ်ရမှာက တရားရုံး၏ တာဝန်သာဖြစ်ပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ မိမိဘက်က တရားစွဲအဖွဲ့အစည်းရဲ့ တာဝန်ကိုပဲ ကျေပွန်အောင်လုပ်ပါ။ ဥပဒေမှာ လူတိုင်းအတွက် မျှတတဲ့ အခွင့်အရေးများ ပေးထားကြောင်း ပြောပါရစေ” .... ဆိုပြီး နိဂုံးချုပ်ထားပါတယ်။

## ကိုယ့်တာဝန်ကိုယ်ကျေပွန်အောင် ဆောင်ရွက်ဖို့ ရေးသားထား

စာရေးသူက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါအချက်တွေ၊ ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေတွေနဲ့ ပတ်သက်ပြီး ကိုယ်လုပ်ရမယ့်တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ဖို့ ရေးသားထားတဲ့ ပညာပေး ဆောင်းပါးလေး တစ်ပုဒ်သာဖြစ်သလို စာတည်းအဖွဲ့ကလည်း ဥပဒေအသိပညာပေးဆောင်းပါးတစ်ပုဒ်၊ ဆောင်းပါးရဲ့ ရည်ရွယ်ရင်းက တရားစွဲ အဖွဲ့အစည်းကို ရည်ညွှန်းရေးထားပေမယ့် ဝန်ထမ်းတိုင်းက ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင် လုပ်ဆောင်ဖို့ ဆိုလိုရင်းမို့ ပြည်သူ့သဘောထားစင်မြင့်ကဏ္ဍအောက်မှာ ထည့်သွင်းဖော်ပြခဲ့ခြင်း ဖြစ်ပါတယ်။

ကိုဒင်ရေ ..

ဆောင်းပါးကို သေချာဖတ်ကြည့်ကြစေချင်ပါတယ်။

အောင်ရဲထွေးအမှုမှာ ကျူးလွန်တဲ့သူတွေကို လွှတ်တာနဲ့ပတ်သက်ပြီးဖြစ်ဖြစ်၊ လွှတ်လို့ရတယ်ဆိုပြီးတော့ဖြစ်ဖြစ်၊ လွှတ်တာ မှန်တယ်ဆိုပြီးဖြစ်ဖြစ် တစ်စွန်းတစ်စ ရေးသားထားတာ တစ်လုံးတစ်ပါဒမှ မပါပါဘူး။ သူတို့ရဲ့ ရှေ့ဉာဏ်တော်နဲ့ ဘယ်လိုကဘယ်လို ဆက်စပ်လိုက်တယ်ဆိုတာ စဉ်းစားလို့တောင် မရပါဘူး။

## မဖတ်ရသေးသူတွေ သို့လော သို့လောဖြစ်မှာစိုး

သေချာတာတစ်ခုက အနုလုံ ပဋိလုံ ဖတ်ရှုပြီး စဉ်းစားတာမျိုး လုံးဝမဟုတ်ဘဲ လက်ညှိုးထိုး ပြစ်တင်ချင်ဇော၊ အပြစ်ပုံချချင်ဇော၊ လိုရာ ဆွဲယူချင်ဇောနဲ့ ဆက်စပ်ပစ်လိုက်တာပဲ ဖြစ်မယ်လို့ ထင်မိတယ်။ ဒါက မြန်မာ့အလင်းမှာပါတဲ့ ကျော်ဝင်းနီရဲ့ ဆောင်းပါးနဲ့ ပတ်သက်ပြီး ပြောပြတာပါ။ မဖတ်ရသေးတဲ့သူတွေ၊ မဖတ်မိလိုက်တဲ့ သူတွေက သို့လောသို့လော ဖြစ်မှာစိုးလို့ ဆောင်းပါး အစအဆုံးကို ပြန်ဖော်ပြပေးလိုက်တာပါ။

ကြေးမုံမှာ အပတ်စဉ် သောကြာနေ့တိုင်းဖော်ပြတဲ့ မောင်စာဂရဲ့ဥပဒေရေးရာ ဆောင်းပါးနဲ့ ပတ်သက်ပြီးလည်း ပြောပြချင်ပါသေးတယ်။

ကျွန်တော်တို့အနေနဲ့ စာဖတ်ပရိသတ်တွေကို ကဏ္ဍစုံပေးနိုင်အောင် မြန်မာ့အလင်းမှာ အပတ်စဉ် တနင်္လာနေ့တိုင်း ဆရာကြီး ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်ရဲ့ ဆောင်းပါး၊ ဗုဒ္ဓဟူးနေ့တိုင်း ယနေ့ ရန်ကုန် အချပ်ပိုကဏ္ဍ၊ အပတ်စဉ် စနေနေ့တိုင်း ဆရာကြီး မောင်ခင်မင် (ဓနုဖြူ)ရဲ့ မြန်မာစာ မြန်မာစကား ဆောင်းပါး၊ တနင်္ဂနွေနေ့တိုင်း ဆန်းဒေးကာတွန်းတွေ ထည့်သွင်းတာအပြင် ဥပဒေပညာပေးဆောင်းပါး၊ အခြားဘာသာရပ်ဆိုင်ရာ ဆောင်းပါးတွေ ထည့်သွင်းဖော်ပြနေတာ၊ ကိုဒင်တို့ ကြေးမုံမှာ အပတ်စဉ် သောကြာနေ့တိုင်း ဆရာမောင်စာဂရဲ့ ဥပဒေရေးရာကဏ္ဍ၊ အပတ်စဉ် စနေနေ့တိုင်း တိုင်းရင်းသားရေးရာကဏ္ဍ အချပ်ပို၊ တနင်္ဂနွေနေ့တိုင်း မျိုးဆက်သစ်ရင်ပြင် အချပ်ပိုနဲ့ ဆန်းဒေးကာတွန်း စတာတွေ တိုးချဲ့ဆောင်ရွက်ခဲ့တယ် မဟုတ်လား။

အခု ဆရာမောင်စာဂရဲ့ ဆောင်းပါးက အပတ်စဉ် သောကြာနေ့တိုင်း ထည့်နေကျ ဥပဒေရေးရာ ဆောင်းပါးပါ။ ဆရာကြီးက ဥပဒေပညာရှင်တစ်ဦး ဖြစ်ပြီး ဥပဒေပိုင်းဆိုင်ရာ အဆင့်မြင့်တာဝန်တွေကို ထမ်းဆောင်ခဲ့တဲ့၊ ထမ်းဆောင်နေတဲ့ သူတစ်ဦးဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက် သူတတ်တဲ့ ပညာနဲ့ လူတိုင်းနားလည်လွယ်အောင် ဥပဒေဘာသာရပ်ကို ချဉ်းကပ်ရေးပြနေသူ တစ်ဦးသာဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကော့မှူးမြို့နယ် အားကစားကွင်းအဆင့်မြှင့်တင်ရေးလုပ်ငန်းငါးခု ဆောင်ရွက်ရန် ငွေကျပ် ၁၁၄ သန်းလျာထား

**နေပြည်တော် ဩဂုတ် ၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း၏ **ကော့မှူးမြို့နယ်ရှိ လူကြီးလူငယ်များ အားကစားနှင့် ကျန်းမာရေးလေ့ကျင့်မှုအတွက် အားကစားကွင်းအား အဆင့်မြှင့်တင်၍ သန့်ရှင်းသော အားကစားလေ့ကျင့်ရာနေရာတစ်ခု ဖြစ်ပေါ်လာစေရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အားကစားကွင်းအုတ်တံတိုင်းအား ၁၉၉၀ ပြည့်နှစ်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနက ကာရံပေးခဲ့သော်လည်း ၂၀၀၈ ခုနှစ်တွင် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပြိုလဲခဲ့ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ကော့မှူးမြို့နယ် အားကစားကွင်းအတွင်း ပွဲကြည့်စင်တည်ဆောက်ခြင်း ငွေကျပ်သန်း ၄၀၊ ဘောလုံးကွင်းမြေသားမြှင့်တင်ခြင်းနှင့် ရေမြောင်းတူးခြင်းလုပ်ငန်းများအား ငွေကျပ်သန်း ၂၀ ဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အဆိုပါ ဘောလုံးကွင်းပြင်ဆင်ပြီးချိန် ၂၀၁၆ ခုနှစ်တွင် ကော့မှူးမြို့နယ် ဌာနဆိုင်ရာ ပေါင်းစုံဘောလုံးပြိုင်ပွဲနှင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် မြို့နယ်အားကစား ဖွံ့ဖြိုး တိုးတက်မှုအစီအစဉ်အရ ကော့မှူးမြို့နယ် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲများကို ကျင်းပပေးခဲ့ပြီးဖြစ်ပါကြောင်း။

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပါဝင်သည့်ဘဏ္ဍာငွေဖြင့် မဆောင်ရွက်နိုင်လျှင်လည်း အခြားနည်းဖြင့် ဆောင်ရွက်ပေးမည်

ကော့မှူးမြို့နယ် အားကစားကွင်းအဆင့်မြှင့်တင်ရေးလုပ်ငန်းငါးခု ဆောင်ရွက်ရန်အတွက် ငွေကျပ် ၁၁၄ သန်းလျာထားခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့အထွေထွေရန်ပုံငွေကျပ် ၃၃ ဒသမ ၅ သန်းဖြင့် ဘောလုံးကွင်းစည်းရိုး ကာရံခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ် ဇွန် ၂၉ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၇ ရက်တွင် ၁၀၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပါဝင်သည့်ဘဏ္ဍာငွေဖြင့် မဆောင်ရွက်နိုင်လျှင်လည်း အခြားနည်းဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ **ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံ ခုတင် ၅၀ ဆံ့အား ခုတင် ၁၀၀ ဆံ့ ဆေးရုံအဖြစ် တိုးချဲ့မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံကို ၂၅ ခုတင်ဆံ့ မှ ၂၀၁၄ ခုနှစ်တွင် ခုတင် ၅၀ ဆံ့အဖြစ် တိုးမြှင့်ပေးခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ်မှ ယခုအချိန်အထိ ဆေးရုံအသုံးပြုမှုများလာသဖြင့် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို၊ ပင်လောင်း မဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း၊ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုးနှင့် လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို ဥပဒေကြမ်းကော်မတီဝင်က လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏အဆုံးအဖြတ် ရယူသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းကို ဥပဒေကြမ်းကော်မတီဝင်က အဆိုတင်သွင်းပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

## ခိုင်းကျွဲ၊ နွားများအား ပြင်ပသို့ တင်ပို့ရောင်းချနေခြင်းအား ကန့်သတ်တားမြစ်ပေးပါရန် အစိုးရသို့ တိုက်တွန်း

ယင်းနောက် မအူပင် မဲဆန္ဒနယ်မှဦးစိန်ဝင်း တင်သွင်းသည့် **စိုက်ပျိုးရေးစက်ကိရိယာများ အပြည့်အဝမတင်သွင်းမသုံးစွဲနိုင်ခင်မှာ ရာသီအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်စေရန် လယ်ယာတွင် အသုံးပြုနေသော ခိုင်းကျွဲ၊ နွားများအား ပြင်ပသို့ တင်ပို့ရောင်းချနေခြင်းအား ကန့်သတ်တားမြစ်ပေးပါရန်နှင့် မှန်ကန်စွာ ကူညီထောက်ပံ့ဖြေရှင်းပေးပါရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ခိုင်းကျွဲ၊ နွားများကို ပြင်ပသို့ တင်ပို့ရောင်းချနေခြင်းကို ကန့်သတ်တားမြစ်ခြင်းထက် ကြီးကြီးမားမားဖြစ်ပေါ်နေသည့် မှောင်ခိုဈေးကွက် ပပျောက်စေရန် ပို၍အရေးကြီးပါကြောင်း၊ တောင်သူများမှာ ရာသီဥတုကဖျက်၊ ဈေးကွက်ကဖျက်နှင့် ထိုကဲ့သို့ရင်ဆိုင်ရချိန်တွင် ရှိသည့် ကျွဲ၊ နွားများအား တရားဝင်တင်ပို့မှုမပြုပါက မှောင်ခိုနှင့် ခိုးထုတ်နေသည့် ပွဲစားများ၏ ဈေးနှိမ်ခံရပြီး



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

ရောင်းချကြမည်ဆိုလျှင် ဈေးမကောင်းသည့်အတွက် နစ်နာမှုများနှင့်သာ ကြုံဆုံရမည်ဖြစ်ပါကြောင်း၊ တောင်သူများသည် မိမိတို့ပိုင်သည့် ကျွဲ၊ နွားများကို ရောင်းချရန် လိုအပ်လာလျှင် ရောင်းရမည်ဖြစ်သဖြင့် အဓိကအနေဖြင့် ဈေးကောင်းရအောင် လုပ်ပေးရန် လိုအပ်ပါကြောင်း။

ကျွဲ၊ နွားအရှင်တင်ပို့မှုများကို ခွင့်ပြုခြင်းဖြင့် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဈေးကွက်စီးပွားရေးနှင့်အညီ ရောင်းလိုအားနှင့် ဝယ်လိုအားအရ ဖြစ်ပေါ်နေသည့် လွတ်လပ်သည့် ဈေးကွက်ကို ဖော်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ တရားမဝင်တင်ပို့မှုများ တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မွေးမြူရေးဖြင့် တောင်သူလယ်သမားများဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ကာ တောင်သူလယ်သမားတို့၏ လူနေမှုဘဝတိုးမြှင့်စေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့် ချေးငွေများကိုလည်း နိုင်ငံတော်မှ ထုတ်ချေးပေးသင့်ပါကြောင်း။

ကမ္ဘာ့ကုန်သွယ်ရေးလောကတွင် တိရစ္ဆာန်အရှင်များ တင်ပို့ရောင်းချမှု ဈေးကွက်သည် လျင်မြန်စွာ ကြီးထွားလျက်ရှိပြီး နေ့စဉ်တိုးပွားလျက်ရှိသော လူဦးရေအရ စားသုံးမှုတိုးပွားနေပြီး ဈေးကွက်လိုအပ်ချက်မှာ ပို၍များလျက်ရှိပါကြောင်း၊ မတရားသဖြင့်တောင်း၍ လမ်းခရီးတွင်ပေးလိုက်သည့် ပိုက်ဆံများသည် နိုင်ငံတော်ထံ မရောက်သကဲ့သို့ မွေးမြူသူများ ရသင့်ရထိုက်သည့် အကျိုးအမြတ်ထဲမှ ခွဲဝေပေးလိုက်ရ၍ ယနေ့ထိ မပျောက်သေးသည့် ကျွဲ၊ နွားတင်ပို့မှုမှောင်ခိုဈေးကွက် ပပျောက်စေရန်နှင့် တရားဝင်တင်ပို့မှုစနစ်ကိုလည်း ပိုမိုရှင်းလင်းလွယ်ကူအောင် လုပ်ဆောင်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

## ဆောင်းသီးနှံများကိုလည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးလာ

ဇာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်က မြန်မာ့လယ်ယာ ဖွံ့ဖြိုးမှုကဏ္ဍတွင် စက်မှုလယ်ယာနှင့် သမားရိုးကျစိုက်ပျိုးသည့်စနစ်အပေါ် အခြေခံပြီး လုပ်ဆောင်ကြသည်ကို တွေ့ရပါကြောင်း၊ စက်မှုလယ်ယာစနစ်နှင့် ငှား၍ ထွန်လျှင် နွေရာသီကတည်းက မြေလှန်ပြီး မိုးတဖြိုင်ကျသည်နှင့် ကြဲခင်းစနစ်ဖြင့် စိုက်သည့်စနစ်သည် အကုန်ကျသက်သာသကဲ့သို့ အထွက်လည်းတိုးပါကြောင်း၊ အစေ့ချသည့်စနစ်ကို နောက်ပိုင်းသုံးလာသည်ကို တွေ့ရပါကြောင်း၊ ယခုနောက်ပိုင်း GAP စနစ်ပေါ်လာသည့်အခါ လယ်ကွက်များကို စနစ်တကျဖော်ပြီး အစေ့ချသည့်စနစ်ဖြင့် စိုက်ပျိုးသည့်အတွက် တောင်သူလယ်သမားများသည် ထိုနည်းဖြင့်စိုက်ပျိုးလာပြီး ဆောင်းသီးနှံများကိုလည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးလာသည့်အတွက် ဝင်ငွေတိုးတက်လာပါကြောင်း၊ မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုထည့်ပေးနိုင်လျှင် ပိုမိုအထွက်တိုးသည်ကို တွေ့ရပါကြောင်း။

လယ်ထွန်စက်ငှားမရသည့်အခါ ကျွဲ၊ နွားများကို အသုံးပြုရပါကြောင်း၊ လယ်သမားအများစုသည် လယ်ယာကို ကျွဲ၊ နွားများနှင့်သာ ထွန်ယက်သည်က များပါကြောင်း၊ ပြည်ပရောင်းဝယ်မှုများကို ပိတ်လျှင် မှောင်ခိုပို့သည့်အလုပ်သည် ဝန်ပိလာ၍ အစိုးရလည်း အခွန်မရပါကြောင်း၊ မှောင်ခိုပို့သည်ထက်စာလျှင် ပြည်ပရောင်းဝယ်မှုကို ပိတ်ပင်ပြီး ပြည်တွင်းတွင် မျိုးကောင်းမျိုးသန့်မွေးမြူရေးဇုန်ကို ဖော်ထုတ်ပေးသင့်ပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

## မြန်မာနိုင်ငံတွင် ခိုင်းကျွဲ၊ ခိုင်းနွား ၁၁ ဒသမ ၅သန်းခန့်ရှိ

အလားတူ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၊ မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင်၊ မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင်၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး ဇွဲနေဇော်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ ဂွ မဲဆန္ဒနယ်မှ ဦးမြင့်ဝေ၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာဦးမင်းသိန်း၊ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းနှင့် တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက နိုင်ငံတော်အစိုးရအနေဖြင့် ကျွဲ၊ နွားအရှင်များ တင်ပို့ရောင်းချခြင်းကို သေချာစွာလေ့လာစူးစမ်းပြီးမှ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ကျွဲ၊ နွားများကို လယ်ယာစိုက်ပျိုးထွန်ယက်ရန် အစဉ်အလာအရမွေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်း ကြိုတင်ခန့်မှန်းချက်များအရ မြန်မာနိုင်ငံတွင် ခိုင်းကျွဲ၊ ခိုင်းနွား ၁၁ ဒသမ ၅သန်းခန့် ရှိပါကြောင်း၊ ၁၁ ဒသမ ၅သန်း၏ ထက်ဝက် ၅ ဒသမ ၇၅သန်း သည် မြန်မာနိုင်ငံတွင်ရှိသည့် အသားတင်စိုက်ပျိုးဧက ၃၄ ဒသမ ၅သန်းကို အပြည့်အဝထွန်ယက်ပေးနိုင်စွမ်းရှိသည်ကိုလည်း တင်ပြအပ်ပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးအတွက် ကျွဲ၊ နွား မလုံလောက်ဟူသည့်အချက်မှာ မှန်ကန်မှုမရှိဟု တင်ပြလိုပါကြောင်း၊ မြန်မာနိုင်ငံမှ ကျွဲ၊ နွားများ တစ်ဖက်နိုင်ငံသို့ တရားမဝင်တင်ပို့နေခြင်းကြောင့် ဈေးကောင်းလည်းမရ၊ အခွန်အကောက်လည်းမရဘဲ တစ်ပိုင်တစ်နိုင်မွေးမြူသည့် သူများကိုလည်း အားမပေးနိုင်၊ နွားခြံနှင့် မွေးမြူမှုကိုလည်း အားမပေးနိုင်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် မွေးမြူရေးတွဲဖက်လုပ်ကိုင်ခြင်းသည် လယ်သမားများကို ဖြည့်စွက်ဝင်ငွေရရှိပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ကျနိုင်စေခြင်းကြောင့်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကျွဲ၊ နွားများတရားဝင်တင်ပို့နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် အချိန်နှစ်နှစ်ကျော် ဆွေးနွေးညှိနှိုင်းပြီးသည့်နောက်တွင် ကျွဲ၊ နွားအရှင်များကို တင်ပို့ရောင်းချခွင့်ပြုကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပါကြောင်း။

## ပြည်တွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးစေရန် မွေးမြူရေးဇုန် ၂၈ ဇုန်ကို ဖော်ထုတ်

ကျွဲ၊ နွားတင်ပို့မှုကို တရားဝင်လမ်းကြောင်းပေါ် ရောက်ရှိရန်နှင့် ပြည်တွင်းမွေးမြူရေး တိုးတက်စေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်း၍ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲထုတ်ပြန်ခဲ့ပါကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကလည်း နိုင်ငံအတွင်း ကျွဲ၊ နွားအရင်းအမြစ်များ စဉ်ဆက်မပြတ်တည်တံ့စေရန် ထိန်းကျောင်းဆောင်ရွက်နေပါကြောင်း၊ တရားဝင်တင်ပို့ခွင့် လျှောက်ထားလာပါကလည်း ကျွဲ၊ နွားများ၏ ကျန်းမာရေးစိစစ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒေသအတွင်းတိရစ္ဆာန်အရင်းအမြစ်များ လုံလောက်မှု ရှိ၊ မရှိကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တင်ပို့ခွင့်ပြုရာတွင်လည်း ပို့ကုန်လိုင်စင် တစ်စောင်လျှင် အများဆုံး အကောင် ၁၀၀ သာ ခွင့်ပြုထားပါကြောင်း၊ လက်ရှိတွင် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ တရားဝင်တင်ပို့နေပြီ ဖြစ်ပါကြောင်း၊ တရားဝင်တင်ပို့ခွင့်ပြုလိုက်သည့်အတွက် တောင်သူများအနေဖြင့် ၎င်းတို့၏ ကျွဲ၊ နွားများ ဈေးပိုမိုရရှိခဲ့ပါကြောင်း၊ ပြည်တွင်း ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မွေးမြူရေးဇုန် ၂၈ ဇုန်ကို ဖော်ထုတ်၍ လည်းကောင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ် အစုအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

## အဆိုကို အတည်မပြုဘဲ မှတ်တမ်းအနေဖြင့် ထားရှိပေးရန် ဖြစ်

ကျွဲ၊ နွားများအား တရားဝင်တင်ပို့ခွင့်ပြုပေးခြင်းသည် တောင်သူများ တစ်ပိုင်တစ်နိုင် ကျွဲ၊ နွားမွေးမြူခြင်းဖြင့် မိမိလယ်ယာလုပ်ငန်းများတွင် ကျွဲ၊ နွားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သကဲ့သို့ ကျွဲ၊ နွားများတရားဝင်တင်ပို့နိုင်ခြင်းကြောင့် အပိုဝင်ငွေများရရှိပြီး လူနေမှုအဆင့်အတန်းကို မြင့်မားစေနိုင်မည်ဖြစ်သည့်အပြင် တောင်သူများ အကျိုးစီးပွားဖြစ်ထွန်းခြင်း၊ နိုင်ငံတော်အခွန်အခများ တိုးတက် ရရှိခြင်း၊ ကုန်သွယ်မှုပမာဏတိုးလာစေခြင်း၊ ပြည်တွင်းအသားနှင့် နို့ထုတ်လုပ်စားသုံးမှု တိုးတက်ခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေခြင်း၊ ကျေးလက်ဒေသတွင် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိစေခြင်းစသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့သဘောထားအနေဖြင့် လွှတ်တော်အစည်းအဝေးမှ အဆိုအပေါ် ဆုံးဖြတ်ပေးရန် ဖြစ်ပါကြောင်း၊ ဖြစ်နိုင်မည်ဆိုပါက အဆိုကို အတည်မပြုဘဲ မှတ်တမ်းအနေဖြင့်ထားရှိပေးရန် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဆိုအား မှတ်တမ်းတင်ထားရှိရန် ရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားမေးမြန်းရာ အဆိုအား အတည်ပြုလိုသဖြင့် စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၂၃ မဲ၊ ကန့်ကွက်မဲ ၂၀၆ မဲနှင့် ကြားနေမဲ ၁၀၉ မဲဖြင့် ထောက်ခံမဲ နည်းသဖြင့် အဆိုအား မှတ်တမ်းတင် စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဩဂုတ် ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းနှင့် အစီရင်ခံစာ တစ်ခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

## နာဂဒေသအတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၂၀၄ ဒသမ ၈၅၇ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင်၏ **စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် အိန္ဒိယနယ်စပ်လမ်းတွင် လုံဝသိခ်နှင့် ဂမ်းညကြားရှိ ဝါးချောင်းကိုလည်းကောင်း၊ ဂမ်းညနှင့် ယမ်းကြွန်းကြားရှိ ယမ်းကြွန်းချောင်းကိုလည်းကောင်း ပေ ၁၀၀ ရှိ ဘေလီတံတားနှစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်က ဝန်ကြီးဌာနအနေဖြင့် နာဂဒေသအတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၂၀၄ ဒသမ ၈၅၇ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ပြင် နာဂဒေသအတွက် အိန္ဒိယနိုင်ငံမှ ထောက်ပံ့ပေးအပ်သည့် ပထမအကြိမ် ထောက်ပံ့ငွေကျပ် ၁၇၄၈ ဒသမ ၈၄၉၂ သန်း၊ ဒုတိယအကြိမ် ထောက်ပံ့ငွေကျပ် ၂၃၁၁ ဒသမ ၃၃ သန်း၊ တတိယအကြိမ် ထောက်ပံ့ငွေကျပ် ၂၈၇၉ ဒသမ ၁၅၁ သန်းတို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

## လဟယ်မြို့နယ် အိန္ဒိယနယ်စပ်လမ်းတွင် ဘေလီတံတားနှစ်စင်း တည်ဆောက်ပေးရန် လျာထားပြီးဖြစ်

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ် အိန္ဒိယနယ်စပ်လမ်းတွင်ရှိသည့် ယမ်းကြွန်းချောင်းတို့တွင် ပေ ၁၀၀ ရှိ ဘေလီတံတားနှစ်စင်း တည်ဆောက်ပေးရန်နှင့် ပတ်သက်၍ မြေပြင်ကွင်းဆင်း စစ်ဆေးခဲ့ရာ တင်ပြထားသကဲ့သို့ ပေ၁၀၀ မရှိဘဲ ပေ ၆၀သာ ရှိသည့် တံတားနှစ်စင်း ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ တံတားနှစ်စင်းကို အိန္ဒိယနိုင်ငံမှ ပေးအပ်သည့် စတုတ္ထအကြိမ်မြောက် အထောက်အပံ့လုပ်ငန်းစာရင်းတွင် လျာထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

## ၁၁ နှစ် ကာလအတွင်း ကလေးလေဆိပ် ခရီးသည် အဆောက်အအုံ ပြုပြင်ထိန်းသိမ်းခြင်းအတွက် သာမန်အသုံးစရိတ် စုစုပေါင်း ငွေကျပ် ၁၁ သန်းသာ သုံးစွဲနိုင်ခဲ့

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ **ကလေးလေဆိပ် အဆောက်အအုံနှင့် လေဆိပ်၏ ပရဝဏ်အား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် နှစ်စဉ်




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

ခွင့်ပြုရရှိသည့် ရန်ပုံငွေအပေါ် မူတည်၍ လေယာဉ်စီးခရီးသည် အဝင်၊ အထွက်များသည့် အခြားပြည်တွင်းလေဆိပ်များ အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နေရခြင်းကြောင့် လည်းကောင်း၊ ကလေးလေဆိပ်အတွက် အသုံးပြု ဆင်း၊ တက်နေသည့် လေယာဉ်နှင့် ခရီးသည်များ ဘေးကင်းလုံခြုံရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိခြင်းကြောင့် လည်းကောင်း၊ ၂၀၀၇ - ၂၀၀၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ၁၁ နှစ် ကာလအတွင်း ကလေးလေဆိပ်ခရီးသည် အဆောက်အအုံပြုပြင်ထိန်းသိမ်းခြင်းအတွက် သာမန်အသုံးစရိတ် စုစုပေါင်း ငွေကျပ် ၁၁ သန်းသာ သုံးစွဲနိုင်ခဲ့ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြချက်အရ လေဆိပ်အဆောက်အအုံ၏ အထွက် ခရီးသည်များ စောင့်ဆိုင်းနားနေခန်းတွင် ဌာနရှိ ပြုပြင်ပြီး လေအေးပေးစက် တစ်လုံးကို အမြန်ဆုံးတပ်ဆင်ပေးသွားမည် ဖြစ်သည့်အပြင် ကလေးလေဆိပ်သို့ တိုးချဲ့ပျံသန်းမည့် လေယာဉ်ခရီးစဉ်များနှင့် နှစ်စဉ်တိုးတက်လာမည့် ခရီးသည် ဦးရေကို မျှော်မှန်း၍ လက်ရှိ လေဆိပ်အဆောက်အအုံ (ပေ ၁၂၀ × ပေ၆၀) ကို (ပေ ၁၂၀ × ပေ ၁၀၀) ရရှိသည်အထိ တိုးချဲ့ခြင်းနှင့် အဆောက်အအုံပြုပြင်ခြင်း လုပ်ငန်းများအတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၄၀၀ နှင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၃၀၀ လျာထားမှုရှိပါကြောင်းနှင့် ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဇယ်ခေါင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေးနှင့် ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ ဦးထိန်ဝင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်နှင့် ဦးကျော်မျိုးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

## မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ထို့နောက် **မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်းက မြန်မာ့တိုင်းရင်းဆေးပညာ၏ အဆင့်အတန်း၊ စံသတ်မှတ်ထိန်းသိမ်းရန်နှင့် ပြည်သူများ စနစ်တကျ ယုံကြည်လက်ခံကျင့်သုံးစေရန်မှာ တိုင်းရင်းဆေးဆရာများ၏ ပညာအဆင့်အတန်း သတ်မှတ်ခြင်းအပေါ်တွင် များစွာမူတည်နေပါကြောင်း၊ ၁၉၆၂ ခုနှစ်ကတည်းက နိုင်ငံတစ်ဝန်း တိုင်းရင်းဆေးဆရာများကို စနစ်တကျ သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ရာ ၇၅၀၀ ခန့် ရှိပြီဖြစ်ပါကြောင်း၊ ထို့ပြင် တိုင်းရင်းဆေးဆရာမှတ်ပုံတင် စတင်ပြုလုပ်စဉ်အချိန်က ရိုးရာတိုင်းရင်းဆေးဆရာများကိုလည်း စိစစ်ကာ မှတ်ပုံတင်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

ယခု ၂၁ရာစု ဒုတိယ ၁၀စုနှစ် အရောက်တွင် တိုင်းရင်းဆေးတက္ကသိုလ်အဆင့်အထိ သင်ကြားရေးဌာနများက တိုင်းရင်းဆေးပညာရှင် ဆေးဆရာများ မွေးထုတ်ပေးနေသော်လည်း ဥပဒေကြမ်း ပုဒ်မ ၁၅ (စ)အရ ဘွဲ့၊ ဒီပလိုမာ မရှိဘဲ တိုင်းရင်းဆေးပညာဖြင့် အသက်မွေးလျက်ရှိသူများကို ကောင်စီက သတ်မှတ်သည့် အရည်အချင်းအရ တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ထည့်သွင်းထားခြင်းသည် မဖြစ်သင့်ပါကြောင်း၊ နိုင်ငံတကာပညာရှင်ဆိုင်ရာ ကောင်စီများက ကျင့်သုံးနေသည့် ပညာရှင်အဖြစ် သတ်မှတ်ထားသည့် စံ၊ စနစ်တို့ဖြင့် မကိုက်ညီပါကြောင်း၊ မြန်မာတိုင်းရင်းဆေးပညာရပ်နှင့် ပညာရှင်တို့၏ အဆင့်အတန်းကို နိမ့်ပါးလျော့ကျစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာတိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းအား ပုဒ်မ ၁၅(စ)နှင့် ၃၁ (ဂ)တို့ကို ပယ်ဖျက်ပေးပါရန် ဆွေးနွေးအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးက ဆက်လက်ဆွေးနွေးသည်။

## မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်း

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်အုန်းကြည်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့်အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ကို ဩဂုတ် ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# ဒုတိယအကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာနေ့အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၃

**ဒုတိယအကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာနေ့အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းအဖြစ် စတင်တည်ထောင်ခွင့်ရရှိခဲ့သည့် ဩဂုတ် ၃ ရက်ကို မြန်မာ့ကျောက်မျက်ရတနာနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ပထမအကြိမ်ကျင်းပခဲ့ရာ ယခုဆိုလျှင် ဒုတိယအကြိမ်သို့ ရောက်ရှိခဲ့ပြီ ဖြစ်ပါကြောင်း။

ကျောက်မျက်ရတနာကဏ္ဍဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးလျက်ရှိခြင်းဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက် ရှိပါကြောင်း၊ အလားတူ ကျောက်မျက်ရတနာလုပ်ငန်းသည် နိုင်ငံသူနိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများကို ဖော်ဆောင်ပေးသည့် စီးပွားရေးကဏ္ဍတစ်ရပ်လည်း ဖြစ်ပါကြောင်း၊ တန်ဖိုးမြင့်အချောထည်လက်ဝတ်ရတနာများ ထုတ်လုပ်၍ ပြည်တွင်းဈေးကွက် ဖော်ဆောင်ရေးနှင့် ပြည်ပဈေးကွက်သို့ ထိုးဖောက်တင်ပို့ ရောင်းချနိုင်ရေးအတွက် ဘက်ပေါင်းစုံ အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရ မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို ရှေးရှု၍ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း စတုတ္ထသက်တမ်းဥက္ကဋ္ဌ ဦးရုံးမှူးအား ဂုဏ်ပြုမှတ်တမ်း ပေးအပ်သည်။



ယင်းနောက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မြန်မာ့ကျောက်မျက်ရတနာနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်များနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းသူ အသင်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၃**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၁၈ ခုနှစ် ဒုတိယအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရေဆင်းဆည်ပတ်ဝန်းကျင်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်စိုက်ပျိုးပြီး ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင် တမလန်းပင်အား ဦးဆောင်စိုက်ပျိုးပေးကြပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် ပျိုးပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၁၈ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် တမလန်း ၁၉၅ ပင်၊ ပိတောက် ၂၂၁၇ ပင်၊ မဟော်ဂနီပင် ၁၄၀၀၊ ကျွန်း ၁၆၁၂ ပင် စုစုပေါင်း ၅၄၃၃ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ် နယ်မြေများတွင်လည်း ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို ယနေ့နံနက်ပိုင်းတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပပြုလုပ်ကြရာ တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့စိုက်ပျိုးသည့် စိုက်ပျိုးပင် စုစုပေါင်းမှာ ၃၇၇၅၀၄ ပင်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၁၈ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးစဉ်။**

---

❄ *ကျောဖုံးမှ*

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေးဖြစ်ပါကြောင်း၊ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီကို လုပ်ငန်းတာဝန် (၁၀)ချက် ချမှတ်ပြီး ဒုတိယသမ္မတအပါအဝင် ၂၀ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ ဗဟိုကော်မတီကို ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ၊ အကြံပေးကော်မတီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကော်မတီများနှင့် ခရိုင်အဆင့် ကော်မတီများကို ဖွဲ့စည်း၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ မတ်လ ၃ ရက်တွင် စတင်ကျင်းပခဲ့ပြီး ပြီးခဲ့သည့် စတုတ္ထအကြိမ်အထိ ဆုံးဖြတ်ချက် စုစုပေါင်း (၃၃)ချက် ချမှတ်ခဲ့ပါကြောင်း၊ ဆုံးဖြတ်ချက်များအနက် (၂၄)ချက်ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ဆောင်ရွက်ဆဲ (၉)ချက်ရှိသည်ကို တွေ့ရပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းထဲမှ အချိန်တိုတိုနှင့် ပြီးမြောက်ရမည့် လုပ်ငန်းများကို နောင်လာမည့် အစည်းအဝေးမတိုင်မီ ပြီးမြောက်အောင်နှင့် ရေရှည်ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက်များကို အချိန်ကာလ သတ်မှတ်ပြီး အလေးထားဆောင်ရွက်သွားကြစေလိုကြောင်း။

**ထိန်းသိမ်းကာကွယ်**

ကမ်းရိုးတန်း သယံဇာတများကို ရေရှည်ထုတ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်ရာတွင် အချိန်နှင့်အမျှ အခက်အခဲအတားအဆီးများ တွေ့ကြုံရမည်ဖြစ်ပါကြောင်း၊ ပင်လယ်ကမ်းရိုးတန်း ဒေသများ အပါအဝင် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် "ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်သည့်အုပ်စု"နှင့် "ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအုပ်စု"တို့အကြား အငြင်းပွားစရာများရှိနေသဖြင့် တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းကာ ဖွံ့ဖြိုးရေးပန်းတိုင်ရောက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ငါးသယံဇာတများ ရေရှည်တည်တံ့ရန်ဆိုပါက ငါးလုပ်ငန်းကဏ္ဍနှင့်သာလျှင် ဆောင်ရွက်၍ မရနိုင်တော့ဘဲ ဒီရေတောများ ထိန်းသိမ်းကာကွယ်ရန် သစ်တောကဏ္ဍနှင့်သာလျှင် ဆောင်ရွက်၍ မဖြစ်နိုင်တော့ပါကြောင်း၊ သို့ဖြစ်ပါ၍ ဆက်စပ်ပတ်သက်နေသည့် ကဏ္ဍပေါင်းစုံကပါ ဝိုင်းဝန်းကူညီ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် လိုအပ်ပါကြောင်း။

ကမ်းရိုးတန်းဒေသများတွင် ငါးလုပ်ငန်း၊ စိုက်ပျိုးရေး၊ သယံဇာတ ထိန်းသိမ်းရေး၊ သတ္တုတူးဖော်ရေး၊ ရေကြောင်းခရီးသွားလာရေး၊ ကမ်းရိုးတန်းလုံခြုံရေး၊ ကျန်းမာရေး၊ ခရီးသွားလုပ်ငန်းစသည့် ကဏ္ဍပေါင်းစုံတို့သည် ဆက်စပ်တည်ရှိလျက် ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းကဏ္ဍများ လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများရှိသည့် ကမ်းရိုးတန်းဒေသများသို့ ပြောင်းရွှေ့နေထိုင်အခြေချလာသည့်လူဦးရေ တစ်နေ့တခြား တိုးပွားလာလျက်ရှိပါကြောင်း၊ တိုးပွားလာသည့် လူဦးရေများအနေဖြင့် သယံဇာတများကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ ရောင်းချခြင်း၊ ရေရှည်ထုတ်ယူသုံးစွဲနိုင်မည့် နည်းလမ်းများနှင့် သဘောတရားများကို နားလည်မှုအားနည်းခြင်း၊ ကမ်းရိုးတန်းသယံဇာတများမှရရှိသည့် အကျိုးကျေးဇူးများကို သိရှိနားလည်ရန်လိုအပ်ခြင်း၊ ထိန်းသိမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမရှိခြင်းနှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်ကြရာတွင် သက်ဆိုင်ရာ အစိုးရနှင့် ဌာနအဖွဲ့အစည်းများ၏ ထိရောက်သည့်ပံ့ပိုးမှု အလုံအလောက်မရှိခြင်း စသည့်အခြေအနေများကို တိုးတက်ပြောင်းလဲသွားစေရန် ယနေ့ကျင်းပသည့် ဗဟိုကော်မတီက ဦးဆောင်ပြီး ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုများကို အလေးထားဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)က ပြုစုထုတ်ဝေထားသည့် ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် စဉ်းစားရမည့် အခြေခံသဘောတရား (၁၅) ချက်အနက် မိမိတို့အတွက် လက်ရှိအလေးထားဆောင်ရွက်ရမည့် အခြေခံသဘောတရား (၂)ချက်ကို ဦးစားပေးပြီး အသိပေးပြောကြားလိုပါကြောင်း။

**အစီအမံများ ဆောင်ရွက်**

ပထမအခြေခံ သဘောတရားတစ်ရပ်မှာ "ဘက်စုံပူးပေါင်းပါဝင်သည့် ကမ်းရိုးတန်းသယံဇာတများ စီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် သဘာဝသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီး သဘာဝဘေးအန္တရာယ် လျော့ပါးစေရန်အတွက် ကမ်းရိုးတန်းသယံဇာတ ထိန်းသိမ်းရေး လုပ်ငန်းများနှင့်အတူ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အစီအမံများကို ဆောင်ရွက်သွားကြရန်" ဖြစ်ပါကြောင်း၊ ကမ်းရိုးတန်းဒေသများသည် သဘာဝဘေးအန္တရာယ်များ ဖြစ်သည့် ဆိုင်ကလုန်းမုန်တိုင်းများ၊ ဆူနာမီလို လှိုင်းလုံးကြီးများ၊ ကမ်းပါးပြိုရေတိုက်စားမှုများ၊ ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ၊ မြေကျွံကျမှုများ စသည့် သဘာဝဘေးအန္တရာယ် အများဆုံး ဖြစ်ပေါ်နေသည့် နေရာများဖြစ်ပါကြောင်း။

သို့သော်လည်း ပြည်သူအများစုသည် သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါမှသာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်လေ့ရှိသော်လည်း ကြိုတင်ကာကွယ်ရန်အတွက် အစီအမံများကို ပြင်ဆင်ရန်အတွက် မေ့လျော့နေတတ်ကြပါကြောင်း။

**ဦးစားပေးထိန်းသိမ်း**

သို့ပါ၍ သဘာဝဘေးအန္တရာယ် ကျရောက်မှုများကို လျှော့ချပေးနိုင်သည့် သန္တာကျောက်တန်းများ၊ ပင်လယ်မြက်ခင်းများ၊ ပင်လယ်ကမ်းခြေများ၊ သဲသောင်ခုံများနှင့် ဒီရေတောများကို သဘာဝတံတိုင်းများ၊ သဘာဝအဆောက်အအုံများအဖြစ် ဦးစားပေးထိန်းသိမ်းကာကွယ်ကြရမည် ဖြစ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဆိုင်ကလုန်းမုန်တိုင်းဒဏ်များ မကြာခဏ ကျရောက်ခံနေရသည့်အတွက် ၁၉၈၀ ပြည့်နှစ်ဝန်းကျင်တွင် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ဒီရေတောဟက်တာပေါင်း တစ်သိန်းကို ကမ်းရိုးတန်းတစ်လျှောက် လေကာတန်းများအဖြစ် စိုက်ပျိုးခဲ့ခြင်းကြောင့် ၁၉၉၁ ခုနှစ် ဧပြီလ ၂၉ ရက်တွင် ကျရောက်ခဲ့သည့် မုန်တိုင်းဒဏ်မှ သိသိသာသာ လျော့နည်းသက်သာခဲ့ရပြီး ဒေသခံတို့၏ အသက်အိုးအိမ် စည်းစိမ်ပေါင်း အမြောက်အမြားကို ကယ်တင်နိုင်ခဲ့ပါကြောင်း။

**ဒုတိယမြောက်နိုင်ငံဖြစ်နေ**

အလားတူ ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက် မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့စဉ်ကလည်း မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ဒီရေတောများ ထူထပ်စွာ တည်ရှိနေခဲ့သည့်အတွက် ဒေသခံများ၏ အသက်ပေါင်းများစွာ ရှင်သန်ခွင့်ရရှိခဲ့ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဒဏ်ခံရမှု စံသတ်မှတ်ချက် Global Climate Risk Index 2016 အစီရင်ခံစာအရ မြန်မာနိုင်ငံသည် လက်ရှိအခြေအနေတွင် သဘာဝဘေးအန္တရာယ် ဒဏ်ခံရမှု အများဆုံး "ဒုတိယမြောက်နိုင်ငံ"ဖြစ်နေပါကြောင်း၊ သို့ဖြစ်၍ ကော်မတီဝင်များ အနေနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ကြရာတွင် ကမ်းရိုးတန်းသယံဇာတများကို သားစဉ်မြေးဆက် ရေရှည်ထုတ်ယူသုံးစွဲနိုင်အောင် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများနှင့်အတူ သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

**အခြေခံအကျဆုံးအဖွဲ့**

ဆက်လက်ပြီး ဒုတိယအခြေခံသဘောတရားဖြစ်သည့် "ကမ်းရိုးတန်းဒေသ စီမံအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်များရေးဆွဲရာတွင် ပြည်ထောင်စုအဆင့်မှ ခရိုင်နှင့် မြို့နယ်အဆင့်များအထိ အဆင့်ဆင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်"ဆိုသည့်အချက် ဖြစ်ပါကြောင်း၊ ကမ်းရိုးတန်းဒေသများ စီမံအုပ်ချုပ်ရာတွင် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များသည် အခြေခံအကျဆုံး အဖွဲ့အစည်းများဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့်အနေဖြင့် ရေကြောင်းခရီးသွားလာရေး၊ နိုင်ငံတော်လုံခြုံရေး၊ ငါးသယံဇာတများ ထိန်းသိမ်းရေး၊ မူဝါဒနှင့် မဟာဗျူဟာများ ချမှတ်ပေးရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရေး အစရှိသည့် ကဏ္ဍများကို ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။

**စီမံချက်ရေးဆွဲ**

ထို့ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်များအနေဖြင့် လုပ်ငန်းစဉ်အားလုံးနှင့် သက်ဆိုင်နေသည့်အတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့် အခန်းကဏ္ဍတွင် ရပ်တည်နေပါကြောင်း၊ ယနေ့ တက်ရောက်လာသည့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ ဝန်ကြီးများအနေဖြင့် ယခု သဘောတရားများအပေါ် အခြေခံပြီး မိမိတို့ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် စီမံချက်ရေးဆွဲ ဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း။

ပစိဖိတ်ကျွန်းနိုင်ငံအချို့၏ ပင်လယ်ကမ်းရိုးတန်းဒေသ စီမံအုပ်ချုပ်မှုမှာ ပင်လယ်ပြင်ကို မျက်နှာမူနေသည့် ကမ်းရိုးတန်းအနားသတ်နေရာမှ သဘာဝဒီရေတောများ၊ သန္တာကျောက်တန်းများ၊ ပင်လယ်မြက်ခင်းများ၊ ပင်လယ်ကမ်းခြေနှင့် သဲသောင်ခုံနေရာများကို "Non-development Zone" များအဖြစ် သတ်မှတ်ပြီး ကာကွယ်ထိန်းသိမ်းထားသည်ဟု သိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း တနင်္သာရီတိုင်းဒေသကြီးတွင်ရှိသည့် ကျွန်းပေါင်း ၇၀၀ ကျော်အနက်မှ ကျွန်းအရေအတွက်အချို့ (သို့မဟုတ်) ဧရိယာပမာဏတစ်ခုကို "Non-development Zone" အဖြစ် သတ်မှတ်သင့်သည်ဟု သုံးသပ်ထားသည်ကို တွေ့ရပါကြောင်း။

**အရှိန်အဟုန်မြင့် ဆောင်ရွက်နေ**

မိမိတို့အနေဖြင့် ယခုကဲ့သို့ ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြင့် ဆောင်ရွက်နေခြင်းသည် နိုင်ငံတကာကချမှတ်ထားသည့် ကတိကဝတ်များ၊ အကောင်းဆုံးလုပ်ငန်းစဉ်များကို လိုက်နာကျင့်သုံး ဆောင်ရွက်နေခြင်းလည်း ဖြစ်ပါကြောင်း၊ အထူးသဖြင့် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းကြီးက ချမှတ်ထားသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်(၁၇)ချက်အနက် ရည်မှန်းချက်နံပါတ် (၁၄) ဖြစ်သည့် "Sustainable Development Goal- 14" ကို ဖြည့်ဆည်းအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းလည်း ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်များကို ဖြည့်ဆည်းနိုင်ရန် ကမ်းရိုးတန်းဒေသ စီမံအုပ်ချုပ်လုပ်ကိုင်မှု၏ အခြေခံသဘောတရားဖြစ်သည့် ဒေသအဆင့်မှ ပြည်ထောင်စုအဆင့်အထိ အသီးသီးဆောင်ရွက်ကြရာတွင် လုပ်ငန်းစဉ်အားလုံးနှင့် သက်ဆိုင်နေပြီး အရေးပါသည့် အခန်းကဏ္ဍက ရပ်တည်နေသည့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အစိုးရအဖွဲ့များအနေဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများ အလေးထားမြှင့်တင် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ အသိပညာပေးဗီဒီယိုမှတ်တမ်းကို ပြသသည်။

ဆက်လက်၍ ဗဟိုကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက စတုတ္ထအကြိမ် အစည်းအဝေးမှ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းဆောင်ရွက် အကောင်အထည်ဖော်မှုများအား ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်း၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့် အမြဲတမ်းအတွင်းဝန်များ၊ တပ်မတော်(ရေ)မှ ဗိုလ်မှူးကြီး အေးမင်းထွေးနှင့် တာဝန်ရှိသူများက နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကဏ္ဍအလိုက် စီမံဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများ၊ သဘာဝဘေးအန္တရာယ်များလျော့နည်းရေးအတွက် ဒီရေတောနှင့် ခနိတောထူထောင်သွားရေး၊ ပင်လယ်ပြင်ခရီးသွားလုပ်ငန်း၊ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ စည်းကမ်းမဲ့ငါးဖမ်းခြင်းမပြုလုပ်စေရေး၊ ကမ်းရိုးတန်းသယံဇာတ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# ရေလွှမ်းမိုးရာဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

ရေလွှမ်းမိုးမှုဖြစ်ပေါ်လျက်ရှိသော တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း ဦးဆောင်သော ဇာတိုကွင်းဆင်းအဖွဲ့သည် မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မွန်ပြည်နယ် ဘီးလင်းမြို့နယ်ဆေးရုံသို့ ရောက်ရှိပြီး ဘီးလင်းမြို့နယ်အတွင်း ရေလွှမ်းမိုးမှုဖြစ်စဉ်များအတွက် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများနှင့် ယာယီကယ်ဆယ်ရေးစခန်းများ၌ ယာယီခိုလှုံနေသူများအတွက် ဆေးကုသပေးနေမှုများအတွက် လိုအပ်သည်များကို မေးမြန်းကာ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်နှင့်အဖွဲ့သည် လေသာဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ပံ့ပိုးပေးခဲ့ပြီး ရေလွှမ်းမိုးမှုဒဏ်ခံခဲ့ရသော နတ်ကြီးကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကာ ကာကွယ်ဆေးထားသိုသည့် ဆိုလာအအေးလမ်းကြောင်းစနစ်အပါအဝင် ပျက်စီးခဲ့မှုများအပေါ် ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် စီစဉ်ပေးခဲ့ကြောင်း သိရသည်။

ယနေ့တွင် ကျိုက်မရောမြို့နယ်အတွင်းရှိ ပိန္နဲကုန်းကျေးရွာရှိ ရသေ့ကျောင်းဘုန်းတော်ကြီးကျောင်းနှင့် အမက (၃)တို့၌ ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်းများသို့ ဆက်လက်ကွင်းဆင်းသွားရောက်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သည်များအား ထောက်ပံ့ပေးသည်။

ထို့ပြင် ဘီးလင်းမြို့နယ်အပါအဝင် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များနှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်များအတွင်း ရေလွှမ်းမိုးခံခဲ့ရသော ဆေးရုံနှင့်ကျန်းမာရေးဌာနများကို ပြန်လည်ထူထောင်၍ ပုံမှန် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အမြန်ဆုံးပြန်လည်စတင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ရေလွှမ်းမိုးရာဒေသများ၌ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများအတွက် လိုအပ်သော အသက်ကယ်အင်္ကျီများနှင့် အလှူငွေများ ထောက်ပံ့ပေးကာ မြွေဆိပ်ဖြေဆေးအပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ဖြည့်တင်းထောက်ပံ့ထားရှိမှုများအား စစ်ဆေးခဲ့သည်။



ဒေသခံကျန်းမာရေးဝန်ထမ်းများအနေဖြင့် ယာယီကယ်ဆယ်ရေးစခန်းများနှင့် ရေလွှမ်းမိုးခံရသောဒေသများအတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ကူးစက်ရောဂါကပ်အသွင် ဖြစ်ပွားခြင်းမျိုးမရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဆည်၊ တမံများ၏ ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တည်ရှိသည့် ဆည်၊ တမံများအနက် အချို့သော ဆည်၊ တမံများမှာ မိုးရွာသွန်းမှုအားကောင်း၍ သတ်မှတ်ကန်ရေပြည့်ပမာဏ ကျော်လွန်ကာ ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိသည်။

ထိုကဲ့သို့ ရေပိုလွှဲမှ ရေကျော်ကျခြင်းကြောင့် တစ်စုံတစ်ရာ စိုးရိမ်စရာမရှိကြောင်းနှင့် ရေပိုလွှဲမှ ရေကျော်ကျခြင်းမှာ မူလ ဆည်၊ တမံများ၏ ရေသိုလှောင်မှုပမာဏရေါ်ယာ ပြည့်မီသွားခြင်းကြောင့် ပိုလျှံသောရေကို ရေပိုလွှဲမှတစ်ဆင့် မူလချောင်းထဲသို့ ပြန်လည်ထုတ်လွှတ်စီးဝင်စေခြင်းသာဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယမန်နေ့က ရေပိုလွှဲမှ ရေကျော်ကျသည့် တမံ ၃၈ ခုရှိပြီး ယနေ့တွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်ရှိ ဘော်ဆင်ရေလှောင်တမံ(၂)၊ ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် တမန်ဒူးရေလှောင်တမံနှင့် ရှမ်းပြည်နယ် လားရှိုးခရိုင် လားရှိုးမြို့နယ် ဟူးမွန်ရေလှောင်တမံတို့မှာ ရေပိုလွှဲမှ ရေကျော်ကျမှု မရှိတော့ဘဲ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွှေပြည်(၃) ရေလှောင်တမံနှင့် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရွှေနတ်တောင်ရေလှောင်တမံတို့မှာ သတ်မှတ်ကန်ရေပြည့်၍ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသဖြင့် ရေပိုလွှဲမှ ရေကျော်ကျသည့် ဆည်၊ တမံ ၃၇ ခုရှိပြီး အဆိုပါ ဆည်၊ တမံများမှာ အောက်ပါအတိုင်း ဖြစ်သည်-

နေ့စွဲ -၃.၈.၂၀၁၈
(၀၆:၀၀)နာရီ ရေအမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့်(ပေ) ကန်ရေသေ(ပေ) | ရေလှောင်ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | မိုးရေချိန် (လက်မ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင် | ၃၆ | ၂၈၄၇၄ | ၃၇.၉၅ | ၃၃၄၈၀ | ၃.၀၃ | (၁.၉၅)ပေ |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | ရေကျော် |
| | | **ချင်းပြည်နယ်** | | | | | | |
| ၂ | လိုင်ဗားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၁ | ၆၉.၁၀ | ၁၉၀၂ | - | (၀.၃၀)ပေ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | ရေကျော် |
| ၃ | သီကီရ်ရေလှောင်တမံ | ဟားခါးခရိုင်/ | ၆၅ | ၁၃၆၅ | ၆၅.၃၀ | ၁၃၇၉ | ၀.၄၄ | (၀.၃၀)ပေ |
| | | ထန်တလန်မြို့ | ၁၅ | ၇၅ | | | | ရေကျော် |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၄ | မဟာနန္ဒာကန် | ရွှေဘိုခရိုင်/ | ၆ | ၁၀၉၅ | ၆.၁၀ | ၁၁၁၄ | - | (၀.၁၀)ပေ |
| | | ရွှေဘိုမြို့ | ၀ | ၁၂၂ | | | | ရေကျော် |
| ၅ | မြောက်ယမားရေလှောင်တမံ | ယင်းမာပင်ခရိုင်/ | ၅၄ | ၁၄၀၅၇ | ၅၄.၁၀ | ၁၄၀၂၂ | - | (၀.၁၀)ပေ |
| | | ပုလဲမြို့ | ၂၉ | ၂၈၃၆ | | | | ရေကျော် |
| ၆ | ရာဇဂြိုလ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၆.၉၀ | ၅၃၈၀၅ | ၀.၀၃ | (၁.၉၀)ပေ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | ရေကျော် |
| | | **ပဲခူးတိုင်းဒေသကြီး(အရှေ့)** | | | | | | |
| ၇ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၃၀ | ၂၃၈၀ | ၀.၃၀ | (၀.၃၀)ပေ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | ရေကျော် |
| ၈ | ဝမြွေရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၈၀ | ၄၆.၂၀ | ၂၄၀၈ | - | (၀.၂၀)ပေ |
| | | ဖြူးမြို့ | ၂၇.၅ | ၃၅၀ | | | | ရေကျော် |
| ၉ | သောန်ီရေလှောင်တမံ | ပဲခူးခရိုင်/ | ၇၃ | ၃၅၂၀၀ | ၇၄.၀၀ | ၃၆၈၀၀ | ၀.၄၉ | (၁.၀၀)ပေ |
| | | ဒိုက်ဦးမြို့ | ၃၃ | ၂၄၀၀ | | | | ရေကျော် |
| ၁၀ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူးခရိုင်/ | ၄၀ | ၁၁၁၃၀ | ၄၀.၈၀ | ၁၁၂၉၂ | ၀.၇၀ | (၀.၈၀)ပေ |
| | | ဒိုက်ဦးမြို့ | ၈ | ၁၄၂၈ | | | | ရေကျော် |
| ၁၁ | မဇင်းရေလှောင်တမံ | ပဲခူးခရိုင်/ | ၅၂ | ၂၆၁၈၆ | ၅၃.၂၀ | ၂၇၈၈၃ | ၀.၉၈ | (၁.၂၀)ပေ |
| | | ပဲခူးမြို့ | ၂၅ | ၂၄၇၆ | | | | ရေကျော် |
| ၁၂ | ရွှေပြည်(၃)ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၈ | ၃၇၀၀ | ၂၈.၁၀ | ၃၇၆၀ | ၁.၂၀ | (၀.၁၀)ပေ |
| | | ပဲခူးမြို့ | ၈ | ၄၀ | | | | ရေကျော် |
| | | **ပဲခူးတိုင်းဒေသကြီး(အနောက်)** | | | | | | |
| ၁၃ | တောင်နဝင်းရေထိန်းတမံ | ပြည်ခရိုင်/ | ၃၆ | ၂၁၁၉၆ | ၃၆.၉၉ | ၂၄၃၅၂ | - | (၀.၉၉)ပေ |
| | | ပေါက်ခေါင်းမြို့ | ၂၉.၄၄ | ၁၀၅၄၉ | | | | ရေကျော် |
| ၁၄ | ဝဲကြီးရေလှောင်တမံ | ပြည်ခရိုင်/ | ၁၀၂ | ၂၅၂၀၀၀ | ၁၀၃.၅၀ | ၂၆၆၂၅၀ | ၀.၁၂ | (၁.၅၀)ပေ |
| | | ပေါင်းတည်မြို့ | ၇၀ | ၂၅၀၀၀ | | | | ရေကျော် |
| ၁၅ | ညောင်ကိုင်းရေလှောင်တမံ | ပြည်ခရိုင်/ | ၄၈ | ၁၇၅၉၄ | ၄၈.၆၀ | ၁၈၅၉၆ | - | (၀.၆၀)ပေ |
| | | ပန်းတောင်းမြို့ | ၂၆ | ၃၀၀၁ | | | | ရေကျော် |
| ၁၆ | တောင်ညိုရေလှောင်တမံ | သာယာဝတီခရိုင်/ | ၉၅ | ၂၁၀၀၀၀ | ၉၆.၄၀ | ၂၂၂၀၀၀ | - | (၁.၄၀)ပေ |
| | | နတ္တလင်းမြို့ | ၅၇.၅ | ၂၁၉၅၀ | | | | ရေကျော် |
| ၁၇ | သဲကောရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၆ | ၅၂၅၀၀ | ၆၇.၃၅ | ၆၀၈၆၂ | - | (၁.၃၅)ပေ |
| | | လက်ပံတန်းမြို့ | ၄၀ | ၄၁၂၀ | | | | ရေကျော် |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၁၈ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၃.၁၀ | ၆၅၃၆၆၇ | - | (၃.၁၀)ပေ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | ရေကျော် |
| ၁၉ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၀ | ၁၂၀၀၀၀ | ၁၂၁.၈၀ | ၁၂၅၆၀၀ | ၀.၁၉ | (၁.၈၀)ပေ |
| | | ငဖဲမြို့ | ၆၀ | ၁၀၅၀၀ | | | | ရေကျော် |
| ၂၀ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၇.၂၀ | ၃၃၇၄၈၀ | - | (၃.၇၀)ပေ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၃၇၂ | | | | ရေကျော် |
| ၂၁ | မအေးရေလှောင်တမံ | သရက်ခရိုင်/ | ၁၃၈ | ၅၃၉၃၀၈ | ၁၃၈.၇၀ | ၅၄၅၁၈ | - | (၀.၇၀)ပေ |
| | | ကံမမြို့ | ၇၄ | ၁၀၂၁၀ | | | | ရေကျော် |
| | | **မွန်ပြည်နယ်** | | | | | | |
| ၂၂ | ရွှေနတ်တောင် | မော်လမြိုင်ခရိုင်/ | ၇၄ | ၅၂၅၀ | ၇၅.၀၀ | ၅၄၂၇ | ၅.၅၇ | (၁.၀၀)ပေ |
| | ရေလှောင်တမံ | မော်လမြိုင်မြို့ | ၃၄ | ၉၁၀ | | | | ရေကျော် |
| ၂၃ | ဝါးပါးရေလှောင်တမံ | သထုံခရိုင်/ | ၆၁ | ၄၁၅၀ | ၆၁.၅၀ | ၄၂၂၈ | ၂.၃၂ | (၀.၅၀)ပေ |
| | | သထုံမြို့ | ၁၇ | ၁၇၃ | | | | ရေကျော် |
| | | **ရခိုင်ပြည်နယ်** | | | | | | |
| ၂၄ | ပြိုင်းချောင်းရေလှောင်တမံ | စစ်တွေခရိုင်/ | ၉၆ | ၂၅၂၀၅ | ၉၆.၈၀ | ၂၅၆၀၅ | ၀.၆၀ | (၀.၈၀)ပေ |
| | | ကျောက်တော်မြို့ | ၂၆ | ၁၀၅၄ | | | | ရေကျော် |
| ၂၅ | ကြိုးကြာကွင်းရေလှောင်တမံ | သံတွဲခရိုင်/ | ၄၀ | ၅၂၉ | ၄၀.၃၀ | ၅၃၆ | - | (၀.၃၀)ပေ |
| | | တောင်ကုတ်မြို့ | ၁၁ | ၇ | | | | ရေကျော် |
| ၂၆ | ရဟိုင်းကွင်းရေလှောင်တမံ | သံတွဲခရိုင်/ | ၄၀.၆ | ၆၂၅ | ၄၁.၆၀ | ၆၇၅ | - | (၁.၀၀)ပေ |
| | | ဂွမြို့ | ၁၃.၆၀ | ၄၇ | | | | ရေကျော် |
| ၂၇ | ဇီးဖြူကုန်းရေလှောင်တမံ | သံတွဲခရိုင်/ | ၂၇ | ၄၃၀ | ၂၇.၆၀ | ၄၄၈ | - | (၀.၆၀)ပေ |
| | | သံတွဲမြို့ | ၆ | ၂၂ | | | | ရေကျော် |
| ၂၈ | ငပလီရေလှောင်တမံ | သံတွဲခရိုင်/ | ၄၄ | ၁၄၇၀ | ၄၄.၉၀ | ၁၅၃၃ | - | (၀.၉၀)ပေ |
| | | သံတွဲမြို့ | ၉ | ၇၀ | | | | ရေကျော် |
| ၂၉ | ဂရင်ဂျိုင်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၂၆ | ၆၅ | ၂၆.၂၀ | ၆၆ | - | (၀.၂၀) ပေ |
| | | မင်းပြားမြို့ | ၁၂ | ၅ | | | | ရေကျော် |
| ၃၀ | ကြက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၁ | ၃၂.၉၀ | ၁၅၀ | - | (၂.၉၀)ပေ |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | ရေကျော် |
| ၃၁ | ရှောက်ချောင်း | မြောက်ဦးခရိုင်/ | ၄၃ | ၁၁၄၀ | ၄၃.၅၀ | ၁၁၇၁ | ၀.၉၀ | (၀.၅၀)ပေ |
| | ရေလှောင်တမံ | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | ရေကျော် |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| ၃၂ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန်(တောင်ပိုင်း)ခရိုင်/ | ၁၃ | ၁၇၃၅ | ၁၄.၂၅ | ၂၀၁၀ | ၂.၄၀ | (၁.၂၅)ပေ |
| | | သန်လျင်မြို့ | ၂.၅၀ | ၁၅၀ | | | | ရေကျော် |
| ၃၃ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန်(တောင်ပိုင်း)ခရိုင်/ | ၁၂ | ၅၃၆၄ | ၁၃.၂၅ | ၆၂၅၄ | ၃.၅၅ | (၁.၂၅)ပေ |
| | | သန်လျင်မြို့ | ၂ | ၃၂၆ | | | | ရေကျော် |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| ၃၄ | ကွန်ချောင်းရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၂၅ | ၉၈၄၀၀ | ၁၂၆.၂၀ | ၁၀၀၄၄၀ | - | (၁.၂၀)ပေ |
| | | ကြံခင်းမြို့ | ၄၈ | ၇၃၅၀ | | | | ရေကျော် |
| ၃၅ | မမြရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၅ | ၇၁၄၀၀ | ၁၃၆.၇၀ | ၇၃၆၁၇ | ၀.၁၅ | (၁.၇၀)ပေ |
| | | မြန်အောင်မြို့နယ် | ၃၆ | ၂၉၆၂ | | | | ရေကျော် |
| ၃၆ | နန်ကသူရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၄၀.၈၀ | ၄၁၈၆၆ | ၀.၆၂ | (၂.၈၀)ပေ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | ရေကျော် |
| ၃၇ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၇.၆၀ | ၁၅၂၀၄၁ | ၀.၄၁ | (၃.၆၀) ပေ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | ရေကျော် |

## မင်းကင်းနှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများ သတိပြုနေထိုင်ရန်

**နေပြည်တော် ဩဂုတ် ၃-** ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။

ဝဲန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။ သို့ဖြစ်ပါ၍ မင်းကင်းမြို့နယ်နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/၉လ

# ကရင်နှင့် မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့ရန်နှင့် ပြန်လည်ထူထောင်ရေး စီမံချက်ဖော်ဆောင်ရန် ဆွေးနွေး

မော်လမြိုင် ဩဂုတ် ၃

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့သည် ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်ပေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း အမြန်စတင်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့ ရေဘေးသင့်ပြည်သူများ၏စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးနေမှုကို သွားရောက်လေ့လာပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ရှင်းလင်းပြောကြားစဉ်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခုဖြစ်ပေါ်နေသော ရေကြီးရေလျှံမှုများကြောင့် လယ်ယာမြေနှင့် သီးနှံဆုံးရှုံးမှုများ၊ လမ်းတံတားပျက်စီးမှုများ၊ စားဝတ်နေရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လိုအပ်ချက်များကို အမြန်ပြန်လည်ဖြည့်ဆည်းပေးရန်၊ ရေဘေးသင့်ပြည်သူများ မိမိတို့၏ အသက်မွေးလုပ်ငန်းများသို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်ရေး၊ လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရေး၊ တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့်အစားအစာ ကိစ္စရပ်များ၊ ရေများပြန်ကျပြီးနောက် ရေတွင်း၊ ရေကန်များ ပြန်လည်တူးဖော်ရေးနှင့် ရေသန့်ရရှိရေး၊ ကျောင်းများ အမြန်ပြန်လည်ဖွင့်မည်ဖြစ်၍ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးနိုင်ရေးနှင့် ကဏ္ဍအလိုက်လိုအပ်ချက်များကို လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးတို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေး ညှိနှိုင်းမှုကော်မတီကို ဖွဲ့စည်း၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်အတူ ပူးပေါင်းကာ စီမံချက်ဖော်ဆောင်၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက ပျက်စီးဆုံးရှုံးခဲ့ရမှု အခြေအနေများနှင့် ပြန်လည်ထူထောင်ရေးအပိုင်းတွင် ဆောင်ရွက်ရမည့် အခြေအနေများအတွက် အကြံပြု ဆွေးနွေးကြပါရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ၊ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းများ အမြန်စတင်အကောင်အထည်ဖော်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းပွဲကို ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရေသန့်ဆေးများနှင့် ခါတ်ဆားမှုန့်ထုပ်များကို လည်းကောင်း၊ ဦးကိုကိုဦး-ဒေါ်စန္ဒာအောင်မိသားစုက အလှူငွေကျပ်သိန်း ၃၀၀ နှင့် ဘုတ်ဆုံမမိသားစုက ကျပ် ၅၅ သိန်း ကျော်တန်ဖိုးရှိ ဆန်နှင့် စားသောက်ကုန်များကို ထောက်ပံ့လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့ ရွှေယဉ်မျှော်ဘုရားကုန်းတော်နှင့် ပြည်နယ် အားကစားခန်းမတို့တွင် ဖွင့်လှစ်ထားရှိသော ယာယီရေဘေးရှောင်စခန်းများသို့ရောက်ရှိကြပြီး ပြည်သူများစခန်းတွင် နေထိုင်စဉ် စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ထောက်ပံ့ပစ္စည်းများ စနစ်တကျ ဖြန့်ဝေပေးနေမှု အခြေအနေများကို လေ့လာပြီး ကလေးငယ်များအတွက် အာဟာရမုန့်များပေးဝေခြင်း၊ ကိုယ်ဝန်ဆောင်နှင့် ရင်ခွင်ပိုက်ကလေးငယ်မိခင်များကို ထောက်ပံ့ငွေများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိကြပြီး ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမတွင် မွန်ပြည်နယ်အတွင်း ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများက မွန်ပြည်နယ်အတွင်းဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုများနှင့် ယခုလက်ရှိအခြေအနေများ၊ အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများနှင့် လမ်းပန်းဆက်သွယ်မှု အခြေအနေများ၊ ရေဘေးသင့်ပြည်သူများ၏ အခြေခံလိုအပ်ချက်များနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် လိုအပ်မည့် အခြေအနေများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ကနဦး ကောက်ယူရရှိထားသော စာရင်းဇယားများတွင် အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိစေရန်နှင့် ရေကျပြီးနောက် ရေသန့်ရရှိရေးအတွက် ရေစုပ်စက်များနှင့် ရေသန့်ဆေးများကို ထောက်ပံ့ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ကဏ္ဍအသီးသီးက လိုအပ်ချက်အတွက် ဝန်ကြီးဌာနများက ရရှိပြီးသော ဘတ်ဂျက်နှင့် ထပ်မံလိုအပ်သော ဘဏ္ဍာငွေဆိုင်ရာ ကိစ္စရပ်များကို ပြန်လည်ထူထောင်ရေး ညှိနှိုင်းမှုကော်မတီနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီတို့က ကူညီထောက်ပံ့နိုင်ရေး ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ကြုံတွေ့နိုင်သည့် အခက်အခဲများကို အစိုးရ၊ လွှတ်တော်၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး၏စုပေါင်းအားဖြင့် ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းဆွေးနွေး

**ပုသိမ် ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဖွဲ့စည်းနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။ **(ယာပုံ)**



**အသင်းဝင်အဖြစ် လျှောက်ထားနိုင်**

ဆွေးနွေးပွဲတွင် အသင်းဇဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်းက အမျိုးသမီးများနှင့် ကလေးသူငယ်များ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ရန်အတွက် အသင်းဝင်အဖြစ် လျှောက်ထားနိုင်သည့် အခြေအနေများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်များတွင် အသင်းများဖွဲ့စည်း ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း၊ အသင်းဗဟိုအလုပ်အမှုဆောင် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာမြသီတာက ရင်ခွင်မဲ့ကလေးများ ဖြစ်ပေါ်လာမှုအား လျှော့ချရန် ရင်ခွင်မဲ့ ကလေးများ ကာကွယ်စောင့်ရှောက်မှုနှင့် တစ်ကိုယ်ရေမိခင်များ လျှော့ချနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

အခမ်းအနားသို့ ရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာ၊ အဖွဲ့ဝင်များ ဖြစ်သော ဒေါ်ခိုင်နွယ်ဦးနှင့် ဒေါက်တာခင်သန်းအေး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်ခင်နှင်းညို၊ လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အကြံပြုချက်နှင့် ကူညီကယ်ဆယ်ရေးဆောင်ရွက်ထားမှုများ

**နေပြည်တော် ဩဂုတ် ၃**

ဘားအံမြို့နယ်၊ သာပေါင်းမြို့နယ်၊ မင်းကင်းမြို့နယ် ၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့များရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်ကြသူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက အကြံပြုထားသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNICEF ပူးပေါင်းထောက်ပံ့လှူဒါန်းသည့် ပစ္စည်းငါးမျိုးပါ Hygiene Kit နှင့် ရေပုံးများကို ဘားအံမြို့အမှတ်(၁) ရပ်ကွက် မိုးလုံလေလုံ အားကစားရုံ ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့် အိမ်ထောင်စု ၁၄၂ စု၊ ရွှေယဉ်မျှော်ရေဘေးကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၃၅၄ စုနှင့် အထက (၃) အားကစားရုံ ရေဘေးကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၂၆၆ စုတို့အတွက် ယမန်နေ့က ထောက်ပံ့ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

# လှိုင်သာယာတွင် မိုးသည်းထန်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွား ကျောင်းအချို့ပိတ်ထားရ

**ရန်ကုန် ဩဂုတ် ၃**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်တွင် ဩဂုတ် ၂ ရက်က တစ်နေ့လုံး မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလျှံမှုများဖြစ်ပွားလျက်ရှိသည်။

ရေလျှံမှုများကြောင့် အနိမ့်ပိုင်း နေအိမ်တချို့ ရေနစ်မြုပ်လျက်ရှိရာ ကူညီရေးစခန်းများဖွင့်လှစ်ထားလျက်ရှိသည်။ အိမ်ထောင်စု ၁၄ စုမှ လူဦးရေ ၄၄ ဦး ကူညီရေးစခန်းအတွင်း ယာယီနေထိုင်လျက်ရှိသည်။ ကုလားကြီးစုကျေးရွာ ကိုးနဝင်းဘုန်းတော်ကြီးသင် စာသင်ကျောင်းတွင် ကူညီရေးစခန်းဖွင့်လှစ်ထားရှိရာ အိမ်ထောင်စုသုံးစုမှ လူဦးရေ ၁၃ ဦး ယာယီနေထိုင်လျက်ရှိပြီး ကူညီရေးစခန်းများကို နေရာတချို့တွင် ဖွင့်လှစ်ထားသော်လည်း လာရောက်သည့် အိမ်ထောင်စုများမရှိကြောင်း၊ လမ်းမတချို့နှင့် နေအိမ်များတွင် ရေများဆက်လက်ရှိနေပြီး တဖြည်းဖြည်း ရေကျဆင်းလျက်ရှိကြောင်း၊ ရေလျှံမှုများကြောင့် စာသင်ကျောင်းဝင်းအတွင်း ရေဝင်ရောက်မှု ၁၅ ကျောင်း၊ စာသင်ခန်းအတွင်းရေဝင်ရောက်မှု ငါးကျောင်းရှိသဖြင့် ကျောင်းတချို့ ပိတ်ထားရကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# MPT က မြို့ပေါင်း ၁၈ မြို့မှ ရေဘေးသင့်ပြည်သူတို့အတွက် မိနစ် ၃၀ စာ အခမဲ့ ဖုန်းခေါ်ဆိုမှုကို ရက် ၃၀ အတွင်း အသုံးပြုနိုင်ရန် လှူဒါန်း

**ရန်ကုန် ဩဂုတ် ၃**

ရေဘေးသင့်ပြည်သူတို့ မိသားစုအချင်းချင်း ဖုန်းခေါ်ဆိုနိုင်ရန်နှင့် ကယ်ဆယ်ထောက်ပံ့ရေးဆောင်ရွက်နေသောအဖွဲ့များထံ ဆက်သွယ်နိုင်ရန်အတွက် မြန်မာ့ဦးဆောင်ဆက်သွယ်ရေးအော်ပရေတာ MPT က ရက်ပေါင်း ၃၀ အတွင်း မိနစ် ၃၀ စာ အခမဲ့ဝန်ဆောင်မှုကို ဩဂုတ် ၃ ရက်မှစ၍ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ MPTက ရေဘေးသင့်ဒေသတွေဖြစ်တဲ့ မွန်၊ ကရင်နဲ့ ပဲခူးတိုင်း(အရှေ့ခြမ်း)က ပြည်သူတွေရဲ့ လိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးဖို့အမြဲအသင့်ရှိနေပါတယ်။ သဘာဝဘေးအန္တရာယ် ကျရောက်ချိန်မှာ ဆက်သွယ်ရေးကဏ္ဍဟာ အထူးအရေးပါတဲ့အတွက် အခုလိုလှူဒါန်းတာပါ"ဟု MPT-KSGM joint Operations လုပ်ငန်းလည်ပတ်မှုဌာနကြီး၏ ဒုတိယအရာရှိချုပ် ဦးကိုကိုနိုင်က ပြောသည်။

ရက် ၃၀ တွင် မိနစ် ၃၀ စာ အခမဲ့ဖုန်းခေါ်ဆိုနိုင်ရန် လျှောက်ထားရန်မလိုဘဲ အလိုအလျောက် အသုံးပြုနိုင်မည်ဖြစ်ပြီး ထိုသို့ အသုံးပြုနိုင်ပြီဖြစ်ကြောင်းကို MPT မှ စာတို (SMS)ပေးပို့အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရေဘေးသင့်ဒေသများဖြစ်သော မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)တို့ရှိ မြို့နယ်ပေါင်း ၁၈ မြို့နယ်ဖြစ်သည့် ကျိုက်ထို၊ လှိုင်းဘွဲ၊ ညောင်လေးပင်၊ ဘီးလင်း၊ ဘားအံ၊ ပဲခူး၊ သထုံ၊ ဖာပွန်၊ ရွှေကျင်၊ ကျိုက်မရော၊ မြဝတီ၊ ကဝ၊ ကော့ကရိတ်၊ ဒိုက်ဦး၊ ကြာအင်းဆိပ်ကြီး၊ သနပ်ပင်၊ တောင်ငူနှင့် ကျောက်ကြီး မြို့နယ်တို့မှ ပြည်သူများ မိနစ် ၃၀ စာ အခမဲ့ဖုန်းခေါ်ဆိုနိုင်ရန် MPT မှ ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**သန်းထိုက်**

# မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၃**

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ယနေ့တွင် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ရာဇဝတ်ကြီးမှု အမှတ် ၃၄/၂၀၁၈ တရားလို ဦးသန့်ဇင်ဦးက တရားခံ သန်းထွဋ်အောင်(ခ)သားကြီး ပါ (၃)ဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ စွဲဆိုထားသည့် သရုပ်ဆောင် အောင်ရဲထွေး သေဆုံးခဲ့ရသည့် အမှုကိစ္စနှင့်ပတ်သက်၍ ၂၅-၇-၂၀၁၈ ရက်နေ့တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးမှ တရားခံများအပေါ် စွဲဆိုထားသည့်ပြစ်မှုအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၉၄(က)အရ ရုပ်သိမ်းခွင့်ပြုကြောင်း အမိန့်ချမှတ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ဂျာနယ်နှင့် သတင်းမီဒီယာများတွင် အဂတိလိုက်စားမှုရှိနိုင်ကြောင်း သတင်းများပျံ့နှံ့ ဖြစ်ပေါ်နေကြောင်း။

အများပြည်သူများအတွင်း ပျံ့နှံ့နေသော အထက်ပါသတင်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုကျူးလွန်မှုရှိကြောင်း သင်္ကာမကင်းဖွယ်ရာဖြစ်ခြင်းအတွက် ခိုင်လုံသည့် အထောက်အထားရှိနိုင်သည်ဟု ယုံကြည်ရန် အကြောင်းပေါ်ပေါက်သဖြင့် ၂-၈-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ကော်မရှင်အစည်းအဝေးအမှတ်စဉ် (၃၂/၂၀၁၈) ၌ တက်ရောက်သူ ကော်မရှင်အဖွဲ့ဝင်အားလုံးက တညီတညွတ်တည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃(ဂ) အရ ကျော်စောသတင်းအဖြစ် သတ်မှတ်ရန်ဆုံးဖြတ်ခဲ့ပြီး ယင်းဥပဒေပုဒ်မ ၁၇(ဈ) အရ ကော်မရှင်သို့ သတင်းပေးပို့ချက်အဖြစ် အတည်ပြုသတ်မှတ်ကြောင်း ထုတ်ပြန်အပ်ပါသည်ဟု ဖော်ပြပါရှိသည်။

**သတင်းစဉ်**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)
၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ ( စနေ၊ တနင်္ဂနွေ၊ တနင်္လာ )
နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

## မုတ်သုံလေ အားကောင်းနေမည်

**နေပြည်တော် ဩဂုတ် ၃**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေမည်။ မြန်မာ့ပင်လယ်ပြင်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ရန်ကုန်မြစ်အတွင်း အမှိုက်စွန့်ပစ်မှုများကြောင့် စက်တပ်သမ္ဗန်များ မကြာခဏအန္တရာယ်ဖြစ်မှုနှင့် ကြုံတွေ့နေ

**ရန်ကုန် ဩဂုတ် ၃**

ရန်ကုန်မြစ်အတွင်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကြောင့် ရန်ကုန်- ဒလခရီးသည်ပို့ဆောင်နေသော စက်တပ်သမ္ဗန်များတွင် မကြာခဏ အန္တရာယ်ရှိသောအခက်အခဲများနှင့် ရင်ဆိုင်ကြရကြောင်း စက်တပ်သမ္ဗန် မောင်းနှင်သူများက ပြောကြားသည်။



"သမ္ဗန်တွေမှောက်သွားတာတွေ၊ တွဲအောက်ထဲရောက်သွားတာတွေက မဖြစ်သင့်တဲ့ဟာတွေလေ။ ဒါတွေဘာကြောင့်ဖြစ်လဲဆိုတော့ စည်းကမ်းမဲ့အမှိုက်တွေ ပစ်နေတယ်။ ဗားကရာ ဘက်ကပစ်တဲ့ ငှက်ပျောဖက်တွေဆိုတာ နည်းတာမဟုတ်ဘူး။ မိုးတွင်းရယ်၊ ဆောင်းတွင်းရယ်ဆို တော်တော်အခက်အခဲကြုံရတယ်။ ငှက်ပျောဖက် ပန်ကာကိုပတ်တဲ့အချိန်ဆို ကျွန်တော်တို့ မမြင်ရဘူး။ အရှေ့ကို ဂရုစိုက်နေတဲ့အခါကျ ဒီငှက်ပျောဖက်ကို ဂရုမစိုက်နိုင်ဘူး။ မမြင်ရတဲ့ အခါဆိုတော့ အန္တရာယ်ဖြစ်ပြီး မှောက်တဲ့ဟာမျိုးတွေရှိတယ်။ အဲလိုစည်းကမ်းမဲ့အမှိုက်ပစ်တာမျိုးကို တာဝန်ရှိသူတွေအနေနဲ့ တားသင့်တယ်လို့ထင်တယ်" ဟု စက်တပ်သမ္ဗန် မောင်းနှင်သူ ကိုဇော်မင်းဦးက ပြောကြားသည်။

ရန်ကုန်ဘက်ကမ်း မော်တင်နှင့်ဒလဘက်ကမ်း မော်ဆက်ကို ဒလမြို့နယ် မော်ဆက်သမဝါယမအသင်းမှ စက်တပ်သမ္ဗန် ၃၂ စင်းဖြင့် ပြေးဆွဲပေးနေကြောင်း သိရသည်။ သမ္ဗန်များကို နေဆိုင်း၊ ညဆိုင်းခွဲခြားထားပြီး နံနက် ၄ နာရီမှ စတင်ပြေးဆွဲကာ ည ၈ နာရီအထိကို နေ့ပိုင်းအဖြစ်လည်းကောင်း၊ ည ၈ နာရီမှ ည ၁၁ နာရီ ခရီးသည်ကုန်ဆုံးချိန်အထိကို ညပိုင်းအဖြစ်လည်းကောင်း သတ်မှတ်ထားသော်လည်း အရေးတကြီးသွားလာလိုပါက အချိန်မရွေး သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း စက်တပ်သမ္ဗန်သမားများက ပြောကြားသည်။

စက်လှေခကျပ် ၁၀၀ သာကျသင့်ပြီး ပုံမှန်ရာသီဥတုတွင် ခရီးသည် ၁၂ ယောက် တင်ဆောင်မောင်းနှင်သော်လည်း ရာသီဥတုဆိုးရွားချိန်ဖြစ်သည့် မိုးသည်းထန်စွာရွာသွန်းနေခြင်း၊ နှင်းကျခြင်းအချိန်မျိုးတွင် ခရီးသည်ကို ၁၀ ယောက်မှ ရှစ်ယောက်အထိ လျှော့ချကာ ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

စက်လှေတိုင်းတွင် ဖောကွင်းတစ်ခု၊ အသက်ကယ်အင်္ကျီ ၁၂ ထည်နှင့် ပုံးငါးလုံးကိုအရေးပေါ်ကိစ္စရပ်များတွင် အသုံးပြုနိုင်ရန် ထည့်သွင်းထားကြောင်း သိရသည်။ ရန်ကုန်ဝါးတားဘတ်စ်ပြေးဆွဲမှုကြောင့် ပုံမှန်ထက်အနည်းငယ်သာခရီးသည်ရရှိမှုလျော့နည်းခဲ့ကြောင်းသိရသည်။ ဆိပ်ကမ်းသို့ ရောက်ရှိသတင်းယူနေစဉ်မှာပင် ရန်ကုန်ဘက်ကမ်းမှ ထွက်ခွာစပြုနေသည့် စက်တပ်သမ္ဗန်တစ်စင်းတွင် ပန်ကာ၌ တစ်စုံတစ်ရာကပ်ငြိနေသည့်အတွက် သမ္ဗန်သမားမှာရေထဲဆင်းကာ ပန်ကာမှ ကပ်ငြိနေသည့်အရာကို ဖယ်ရှားနေသည်ကို တွေ့ခဲ့ရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**

## အာရှကလပ် ဘော်လီဘောပြိုင်ပွဲတွင် မြန်မာကလပ်အသင်း ရှုံးနိမ့်

**နေပြည်တော် ဩဂုတ် ၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၈ အာရှကလပ် ဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ၌ကျင်းပရာ မြန်မာကလပ် Asia World အသင်းရှုံးပွဲကြုံတွေ့ခဲ့ပြီး အဆင့် ၉/၁၂ နေရာအတွက်သာ ယှဉ်ပြိုင်ရတော့မည် ဖြစ်သည်။

ယနေ့ကျင်းပသည့်ပွဲများတွင် ကွာတားဖိုင်နယ်နှင့် အဆင့် ၉/၁၂ နေရာလုပွဲကစားရန် အဆင့်သတ်မှတ်ချက်အတွက် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ဆီဒင်သတ်မှတ်ချက်တွင် အဆင့် ၁ မှ ၃ အထိ ရရှိသည့်အသင်းများမှလွဲ၍ ကျန် ၁၀ သင်း ယှဉ်ပြိုင်ခဲ့ရသည်။ မြန်မာကလပ် Asia World အသင်းသည် သီရိလင်္ကာကလပ် လန်ကာအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရပြီး သုံးပွဲ- နှစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အနိုင်ရနိုင်သည့်အနေအထားရှိခဲ့သော်လည်း ကပ်၍ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ၁၅-၂၅ မှတ်၊ ၂၅-၂၁ မှတ်၊ ၂၀-၂၅ မှတ်၊ ၂၅-၂၃ မှတ်၊ ၁၃-၁၅ မှတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အခြားပွဲများတွင် ထိုင်းကလပ် နာခွန်ရတ်ချက်စီမာအသင်းက တာ့ခ်မင်နစ္စတန်ကလပ် ဘီနာဂါအသင်းကို သုံးပွဲ-နှစ်ပွဲ၊ တရုတ်တိုင်ပေကလပ် Long Power အသင်းက ဟောင်ကောင်ကလပ် ယန်ချိုင်းအသင်းကို သုံးပွဲ-တစ်ပွဲ၊ ဗီယက်နမ်ကလပ် ဆန်နတ်အသင်းက ဩစတြေးလျကလပ် ကန်ဘီရာအသင်းကို သုံးပွဲပြတ်၊ ပါကစ္စတန်ကလပ် ဝက်ပ်ဒါအသင်းက တရုတ်ကလပ် ဆီချွမ်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။

မြန်မာကလပ် Asia World အသင်းသည် ယခုပွဲရှုံးနိမ့်ခဲ့သောကြောင့် အဆင့် ၉/၁၂ နေရာအတွက်သာ ယှဉ်ပြိုင်ရတော့မည်ဖြစ်ပြီး ဩဂုတ် ၄ ရက် **(ယနေ့)** တွင် တာ့ခ်မင်နစ္စတန်ကလပ် ဘီနာဂါအသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အနိုင်ရပါက အဆင့် ၉ နေရာအတွက် ကစားရမည်ဖြစ်ပြီး ရှုံးနိမ့်ခဲ့ပါက အဆင့် (၁၁) နေရာအတွက်သာ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာကလပ် Asia World အသင်းသည် ဘီနာဂါအသင်းနှင့် အုပ်စုပွဲတွေ့ဆုံစဉ်က အနိုင်ရထားကြောင်း သိရသည်။



မြန်မာကလပ်နှင့် သီရိလင်္ကာကလပ်အသင်း ယှဉ်ပြိုင်နေစဉ်။

**ရဲရင့်ရှိုင်း၊ ဓာတ်ပုံ- ဖိုးသော်ဇင်**

●*ကျောဖုံးမှ*

လျင်မြန်မှုဦးစားပေးသည့် အသင်းဖြစ်သောကြောင့် တန်ပြန်တိုက်စစ်ကို ဦးစားပေးကစားခဲ့ပြီး ၁၂ မိနစ်တွင် သွင်းယူသည့် ဦးဆောင်ဂိုးမှာလည်း တန်ပြန်တိုက်စစ်မှ တစ်ဆင့်ရရှိခဲ့ခြင်းဖြစ်သည်။ ဘာရိန်း ယူ-၂၃ အသင်းအတွက် ဦးဆောင်ဂိုးကို အဗ္ဗဒူလာက သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဂိုးပေးလိုက်ရသော်လည်း ကစားကွက်ပျက်မသွားဘဲ ၁၉ မိနစ်တွင် ရန်နိုင်ဦးက ချေပဂိုး ပြန်သွင်းခဲ့သည်။ သရေကျပြီး နောက်ပိုင်းတွင် မြန်မာအသင်း ပိုဖိကစားနိုင်ခဲ့သော်လည်း ဘာရိန်းခံစစ်ပိုင်းအမှားမရှိသည့်အပြင် အဓိကတိုက်စစ်မှူး အောင်သူကို ထိန်းချုပ်ထားနိုင်၍ အခွင့်အရေးမပေးခဲ့ရခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဘာရိန်းအသင်းထက် ပိုဖိကစားနိုင်သော်လည်း တိုက်စစ်ပိုင်းအားနည်းချက်များကြောင့် အနိုင်ဂိုးနှင့်လွဲချော်ခဲ့ရသည်။

အီစိုးနှင့် စည်သူအောင်တို့ အပိုင်အခွင့်အရေးများ အသုံးမချနိုင်ခဲ့သလို အောင်သူမှာလည်း ဘာရိန်းအသင်း၏ လူကပ်ကစားခြင်းခံထားရသောကြောင့် တိုက်စစ်တွင် ထင်သလောက်ခြေစွမ်းမပြနိုင်ခဲ့ပေ။ ဘာရိန်း ယူ-၂၃ အသင်းသည် မိနစ် ၇၀ နောက်ပိုင်းတွင် ဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း မြန်မာဂိုးသမားကျော်ဇင်ထက်ကာကွယ်နိုင်ခဲ့သည်။

ညနေ ၃ နာရီက ကျင်းပသည့်ပထမပွဲတွင် တောင်ကိုရီးယားအသင်းက ထိုင်းအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲနောက်ဆုံးနေ့ကို ဩဂုတ် ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ကိုရီးယား ယူ-၁၉ အသင်းနှင့် ဘာရိန်း ယူ-၂၃ အသင်း၊ မြန်မာ ယူ-၂၃ အသင်းနှင့် ထိုင်း ယူ-၂၃ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

## မြန်မာ ယူ-၁၆ အသင်း ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရရန် လက်ကျန်နှစ်ပွဲ အရေးပါနေ

**ရန်ကုန် ဩဂုတ် ၃**

၂၀၁၈ အာဆီယံ ယူ- ၁၆ ပြိုင်ပွဲ အုပ်စု (က) စတုတ္ထနေ့ပွဲစဉ်များကို ဩဂုတ် ၄ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာယူ- ၁၆ အသင်းသည် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဩဂုတ် ၂ ရက်က ယှဉ်ပြိုင်ကစားသည့် တတိယနေ့တွင် မြန်မာအသင်း အနိုင်ရပြီး ဗီယက်နမ်အသင်းရှုံးနိမ့်ခဲ့သောကြောင့် ဆီမီးတက်ခွင့်ရရန် အခွင့်အရေးရှိလာပြီး လက်ကျန်နှစ်ပွဲမှာအရေးပါလျက်ရှိသည်။

စတုတ္ထနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ ဗီယက်နမ်အသင်းနှင့် ဖိလစ်ပိုင်အသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အိမ်ရှင်အင်ဒိုနီးရှားအသင်းနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုတတိယနေ့အပြီးတွင် အင်ဒိုနီးရှားအသင်းက သုံးပွဲနိုင် ကိုးမှတ်ဖြင့် ဆီမီးဖိုင်နယ်တက်ရန် သေချာသလောက်ရှိသွားပြီး မြန်မာနှင့် ဗီယက်နမ်အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်စီ၊ ကမ္ဘောဒီးယားနှင့် တီမောအသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး သုံးမှတ်စီရထားကာ ဖိလစ်ပိုင်အသင်းက သုံးပွဲစလုံးရှုံးနိမ့်ထားသည်။

မြန်မာ ယူ-၁၆ အသင်းသည် တီမောအသင်းကို သုံးဂိုး- နှစ်ဂိုး၊ ဖိလစ်ပိုင်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းသည် ယနေ့ကစားမည့်ပွဲတွင် ကမ္ဘောဒီးယားကို အနိုင်ရပါက ဗီယက်နမ်နှင့်ကစားမည့် နောက်ဆုံးပွဲမှာ ဆီမီးဖိုင်နယ်တက်ခွင့်ရရန် အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**



မြန်မာ ယူ-၂၃ အသင်းအတွက် ချေပဂိုးကို ရန်နိုင်ဦး သွင်းယူလိုက်စဉ်။

# ကလေးဝမြို့နယ်၌ ကျောက်မီးသွေးတွင်းပြိုကျ၍ နိုင်ငံခြားသားတစ်ဦးအပါအဝင် ငါးဦးသေဆုံး

**ကလေးဝ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် သစ်ချောက်ဒေသရှိ ထွန်းသွင် ကျောက်မီးသွေးတူးဖော်ရေးကုမ္ပဏီ ရွှေပေါက်ပေါက်မြေအောက် တူးဖော်ရေးလုပ်ကွက် အဝမှ အတွင်းသို့ ပေ ၇၀၀၊ အနက်ပေ ၆၃၀ တွင် ကျောက်မီးသွေးကြောအတွင်းမှ မီသိန်းဓာတ်ငွေ့ပွင့်ထွက်ပြီး ကျောက်မီးသွေးတွင်းပြိုကျ၍ ငါးဦးသေဆုံးမှု ဩဂုတ် ၂ ရက် ည ၁၁ နာရီ ၁၅ မိနစ်ခန့်က ဖြစ်ပွားခဲ့သည်။

အဆိုပါ ကျောက်မီးသွေးတွင်းပြိုကျမှုတွင် မျိုးဝင်းလှိုင် (၂၀ နှစ်)၊ ဉာဏ်ဖြိုးဦး (၁၉ နှစ်)၊ ဇင်ကိုဦး(၂၃ နှစ်)၊ ဆန်းလင်း (၃၁ နှစ်)နှင့် တရုတ်နိုင်ငံသား Mr.Kang Guang Qiang တို့ ပိတ်မိခဲ့ကြောင်းနှင့် အောက်ဆီဂျင်ပြတ်လပ်လူနာ ကျော်ရဲအောင်(၂၇ နှစ်)၊ ဟန်စိုးထက်(၂၀ နှစ်)၊ ကျော်ဇင်လတ် (၂၇ နှစ်)နှင့် ပြည့်ဖြိုးအောင် (၂၆ နှစ်)တို့မှာ ကလေးဝမြို့နယ်ပြည်သူ့ဆေးရုံသို့ အချိန်မီရောက်ရှိပြီး ဆေးကုသမှုခံယူကာ ပြန်လည်ကျန်းမာ ကောင်းမွန်နေပြီဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

မြေအောက်၌ ပိတ်မိနေသူများကို ကုမ္ပဏီမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြို့နယ်လဝကနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတို့က သွားရောက်ကယ်ဆယ်ကြရာ ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်ခန့်တွင် ပိတ်မိသူငါးဦးကို လိုဏ်ခေါင်းအတွင်း၌ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးလျက်တွေ့ရှိသဖြင့် အလောင်းများကို ကလေးဝမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကလေးဝမြို့မရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



မီသိန်းဓာတ်ငွေ့ပွင့်ထွက်ပြီး ကျောက်မီးသွေးတွင်း ပြိုကျမှုဖြစ်ပွားသည့်နေရာကို တာဝန်ရှိသူများ စစ်ဆေးစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

**၄ . ၈ . ၂၀၁၈ (စနေနေ့)**
**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)**

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - Weekly Sport Info
၈း၃၅ - ပန်းပျိုးခင်း(အပိုင်း - ၄၆)
၉း၀၅ - "ဘဒ္ဒန္တ ဥတ္တမဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒုတိယဥက္ကဋ္ဌ ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မိုးကောင်းကျောင်းတိုက် ရေဦးမြို့ စစ်ကိုင်းတိုင်းဒေသကြီး)ထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း"
၉း၂၅ - "News Watch TV"
၉း၄၀ - မြစ်မခမီဒီယာ (စာတတ်ဖို့၊ အသက်ရှည်ဖို့၊ ဝင်ငွေကောင်းဖို့)
၁၁း၀၀ - NHK Program (အရာဝတ္ထုပုံစံများ၏ ပြောပြမှု)
၁၁း၁၅ - ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး "လက်တွေ့အသုံးချဆေးနည်းတိုများ" (အပိုင်း- ၂၉)
၁၁း၅၀ - "ကမ်းရိုးတန်းသယံဇာတ"
၁၃း၄၅ - "မြင်းမိုရ်ပမာ....ညီ"

**ညပိုင်း**

၁၆း၃၅ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၆၉)
၁၆း၄၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ပြန်ပေး"
၁၇း၀၅ - "ပျော်ရွှင်စွာဆင်ကာနွှဲ ထူးခြားတဲ့ ဝါဆိုလှိုင်းခုန်ပွဲ"
၁၇း၂၀ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၇း၃၅ - NHK Programme (သစ်ရွက်ကြွေတွေ ဘယ်ရောက်သွားလဲ)
၁၈း၂၀ - ဇာတ်လမ်းအတိုအထွာပြိုင်ပွဲ ပြုံးစရာ" အထာပေးတဲ့ကောင်မလေး"
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ

# အင်းတော်ကြီး၌ ရွှေမော်ဟောင်းသို့ ရွှေကျင်ရန်သွားသူသုံးဦး မိုင်းပေါက်ကွဲ၍ ဒဏ်ရာရရှိ

**မိုးညှင်း ဩဂုတ် ၃**

မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ နန့်ပဒဲ ရွှေမော်အဟောင်းဘက်သို့ ဩဂုတ် ၂ ရက်က ရွှေကျင်ရန် သွားရောက်သူသုံးဦး မသမာသူများထောင်ထားသည့် မိုင်းပေါက်ကွဲသဖြင့် ဒဏ်ရာများရရှိကာ လုံးတုံတိုက်နယ်ဆေးရုံတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂ ရက် မွန်းလွဲ ၁ နာရီခန့်က မိုးညှင်းမြို့နယ် လွဲမွန်ကျေးရွာနေသူများဖြစ်သည့် မောင်ဝေဖြိုးကျော် (၂၀ နှစ်)၊ ဒေါ်သန်းစိန် (၆၇ နှစ်)နှင့် ဉာဏ်မျိုးအောင်(၂၃ နှစ်) တို့သည် ဆိုင်ကယ်နှစ်စီးဖြင့် တောလမ်းအတိုင်း နန့်ပဒဲကျေးရွာ အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ နတ်စင်တောင်အနီးရှိ ရွှေမော်အဟောင်းသို့သွားရောက်ကြစဉ် မသမာသူများ ထောင်ထားသော လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး သုံးဦးစလုံး ဒဏ်ရာများရရှိခဲ့သဖြင့် ဒုတိယရဲအုပ် ဝေမင်းဖြိုးက ရဲဆေးစာရေးသားပြီး လုံးတုံတိုက်နယ်ဆေးရုံသို့ ဆေးဝါးကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဝ၆၇**

# မရမ်းချောင်စစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ သကြားအိတ်များ ဖမ်းမိ

**ရန်ကုန် ဩဂုတ် ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၂၃၆ စီး၊ သွင်းကုန် ၉၈၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀ စီး၊ သွင်းကုန် ၄၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂ ရက်က မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၂၄၀ သန်းခန့်၊ စုစုပေါင်း တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၂၄၀ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၂ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးခဲ့ရာ ရှောင်ကွင်းလမ်းဘေးတွင် စုပုံထားသည့် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် သကြား (1×50Kg)(70 Bags) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၂၄၀ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်မရော၊ မောင်တော၊ ကျိုင်းတုံနှင့် ပင်လောင်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၃

**တပ်မတော်နှင့် မူးယစ်တပ်ဖွဲ့စု(၃၈)မော်လမြိုင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂ ရက် ညနေ ၄ နာရီခန့်က ကျိုက်မရောမြို့နယ် ကျုံစိန်ကျေးရွာနေ သန်းဝင်း(ခ)အချိုမှုန့်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၆ ပြားနှင့် ဖုန်းတစ်လုံးတို့ကို ဖမ်းဆီးရမိခဲ့သည်။**



အဏ္ဏဝါဆာဒက်အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ယင်းနေ့ည ၁၀ နာရီခွဲက မောင်တောမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့ မြို့မကညင်တန်းရပ်ကွက် ဗလီကြီးလမ်းကြားတွင် အဏ္ဏဝါဆာဒက်ကို ဆာလာအိတ်တစ်အိတ်နှင့်အတူ တွေ့ရှိ၍ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၇၇၅၀ ကိုလည်းကောင်း။

ထို့အတူ ဩဂုတ် ၁ ရက် ည ၇ နာရီခွဲက ကျိုင်းတုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် နောင်ကုန်ကျေးရွာအုပ်စု မိုင်းလားစစ်ဆေးရေးဂိတ်အနီးလမ်းဆုံတွင် စိုင်းရန်အောင် (ခ)ကျောက်ကပ်ကို ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား လေးပြားကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ကျိုင်းလိတ်ကျေးရွာနေ ဝင်းသူအောင်၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၃၅ ပြားကိုလည်းကောင်း။

အလားတူ ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီခွဲက ကျိုင်းတုံမြို့နယ် နောင်နွှန်းကွက်သစ်ကျေးရွာနေ အာမော၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃ ပြား၊ တူမီးသေနတ်တစ်လက်နှင့် ငွေကျပ် ၄၂၀၀၀ တို့ကိုလည်းကောင်း။

ဆက်လက်၍ ဩဂုတ် ၂ ရက် ည ၇ နာရီခွဲခန့်က မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ပင်လောင်း-ညောင်ရွှေသွား(တုံဟုန်း) ကားလမ်း မိုင်တိုင်အမှတ် ၄၄/၁ တွင် ကျော်အောင်နှင့် ကျော်ရဲအောင်(ခ) အိုက်ညောင်တို့နှစ်ဦး အတူမောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၈၀၀ နှင့် ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုးညိုမြို့နယ် လဝက ဦးစီးအရာရှိ ဦးဇော်မိုးအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တရားစွဲအရေးယူ

**နေပြည်တော် ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် လ.ဝ.က ဦးစီးအရာရှိ ဦးဇော်မိုးသည် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းပြုလုပ်သူများထံမှ ငွေကြေးနှင့် လက်ဆောင်ပစ္စည်းများ တောင်းခံခြင်း၊ ဦးစီးအရာရှိရုံးခန်းအတွင်းရှိ အလှူခံပုံးအတွင်းသို့ အလှူငွေများ ထည့်ဝင်ခိုင်းခြင်းတို့ ပြုလုပ်နေမှုအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဩဂုတ် ၁ ရက်တွင် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် လ.ဝ.က ဦးစီးအရာရှိ ဦးဇော်မိုးအား ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၌ ယနေ့တွင် တရားစွဲဆိုတင်ပို့ခဲ့ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ပွင့်ဖြူမြို့နယ်၌ လယ်ထွန်စက် ဘက်ထရီအိုးရှော့ခ်ဖြစ်၍ စပါးကျီနှင့် နေအိမ် မီးလောင်

**ပွင့်ဖြူ ဩဂုတ် ၃**

ပွင့်ဖြူမြို့နယ် သမော်အင်းကျေးရွာ၌ ယနေ့ နံနက်စောစောက နေအိမ်ဝိုင်းအတွင်း ရပ်တန့်ထားသော လယ်ထွန်စက် ဘက်ထရီအိုး ရှော့ခ်ဖြစ်၍ စပါးကျီနှင့် လူနေအိမ် မီးလောင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၃ ရက် နံနက်စောစောက ပွင့်ဖြူမြို့နယ် သမော်အင်းကျေးရွာနေ ဦးခင်စိုး(ခ)ဦးစိုးမြင့် နေအိမ်ဝိုင်း မြေကွက်လပ်တွင် ရပ်တန့်ထားသော လယ်ထွန်စက်မှ ဘက်ထရီအိုးရှော့ခ်ဖြစ်၍ အနီးရှိ စပါးကျီနှင့် လူနေအိမ်ကို မီးကူးစက်လောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ အခင်းဖြစ်ရာနေရာသို့ ပွင့်ဖြူမြို့မရဲစခန်းမှ ဒုရဲအုပ် ရဲမွန် ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရှိန်းမင်းထက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့နှင့်အတူ ဒေသခံရပ်မိရပ်ဖများနှင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် သမော်အင်းကျေးရွာနေ တောင်သူ ဦးခင်စိုး(ခ) ဦးစိုးမြင့် ပိုင်ဆိုင်သော လူနေအိမ်တစ်လုံး၊ စပါးကျီတစ်လုံး၊ စပါးတင်း ၅၀ နှင့် လယ်ထွန်စက်တစ်စီး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အခြားလူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုနှင့် ပတ်သက်၍ သမော်အင်းကျေးရွာနေ ဦးခင်စိုး(ခ) ဦးစိုးမြင့်ကို ပွင့်ဖြူမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# စလင်း၌ ရွှေထည်ပစ္စည်းများ ခိုးယူသူများကိုဖမ်းမိ

**စလင်း ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ ဩဂုတ် ၁ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၄၀ ခန့်က ပွင့်ဖြူနှင့် စကုမြို့နယ်များမှ ရွှေထည်ပစ္စည်းမျိုးစုံခိုးယူသူများကို စလင်းရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမျိုးသမီးနှစ်ဦးသည် ရွှေထည်လက်ဝတ်ရတနာပစ္စည်းများကို မတန်တဆဈေးဖြင့် လျှော့ပေါ့ဈေးဖြင့် လိုက်လံရောင်းချနေကြောင်း သတင်းရရှိသဖြင့် မြို့မစခန်းမှ နယ်ထိန်းအရာရှိ ဒုတိယရဲအုပ် အောင်ဇော်ဝင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေရာ ပေါင်းနားတောင်ကွက်သစ် အမှတ် ၇ လမ်းပေါ်တွင် အဆိုပါ အမျိုးသမီးနှစ်ဦးကိုတွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းခဲ့သည်။


အဆိုပါ အမျိုးသမီးနှစ်ဦးမှာ ပေါင်းနားရပ်ကွက်နေ မအိပုံ့(ခ) မအိခိုင်ထွန်း (၂၃ နှစ်)နှင့် မပေပါ(ခ) မအေးအေးတိုး (၂၄ နှစ်)တို့ဖြစ်ပြီး ၎င်းတို့ထံမှ ရွှေထည်လက်ဝတ်ရတနာမျိုးစုံ အလေးချိန် ၃ ကျပ် ၁၀ ပဲသားခန့်ကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့ပိုင်ဆိုင်ကြောင်း အထောက်အထားမပြသနိုင်သဖြင့် ၎င်းတို့နှစ်ဦးကို စလင်းမြို့မစခန်းက အရေးယူထားကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မြောက်ကိုရီးယားခေါင်းဆောင်ထံသို့ နျူကလီးယားကင်းစင်ရေး စာရေးသားပေးပို့

**ဝါရှင်တန် ဩဂုတ် ၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် မြောက်ကိုရီးယားနိုင်ငံ ခေါင်းဆောင် ကင်ဂျုံအန်း၏စာအား လက်ခံရရှိပြီးနောက် စာပြန်လည်ပေးပို့ခဲ့ရာ အဆိုပါစာမှာ မကြာခင်အချိန်အတွင်း ကင်ဂျုံအန်းထံသို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း မကြာသေးမီက အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဆာရာဟက် ကာဘီဆန်ဒါးက ပြောခဲ့သည်။



THE WHITE HOUSE
WASHINGTON
May 24, 2018

His Excellency
Kim Jong Un
Chairman of the State Affairs Commission
of the Democratic People's Republic of Korea
Pyongyang

Dear Mr. Chairman:

We greatly appreciate your time, patience, and effort with respect to our recent negotiations and discussions relative to a summit long sought by both parties, which was scheduled to take place on June 12 in Singapore. We were informed that the meeting was requested by North Korea, but that to us is totally irrelevant. I was very much looking forward to being there with you. Sadly, based on the tremendous anger and open hostility displayed in your most recent statement, I feel it is inappropriate, at this time, to have this long-planned meeting. Therefore, please let this letter serve to represent that the Singapore summit, for the good of both parties, but to the detriment of the world, will not take place. You talk about your nuclear capabilities, but ours are so massive and powerful that I pray to God they will never have to be used.

I felt a wonderful dialogue was building up between you and me, and ultimately, it is only that dialogue that matters. Some day, I look very much forward to meeting you. In the meantime, I want to thank you for the release of the hostages who are now home with their families. That was a beautiful gesture and was very much appreciated.

If you change your mind having to do with this most important summit, please do not hesitate to call me or write. The world, and North Korea in particular, has lost a great opportunity for lasting peace and great prosperity and wealth. This missed opportunity is a truly sad moment in history.

Sincerely yours,

Donald J. Trump
President of the United States of America

နှစ်နိုင်ငံ ခေါင်းဆောင်များအနေဖြင့် စင်ကာပူနိုင်ငံ၌ တွေ့ဆုံစဉ်အတွင်း ပြုလုပ်ခဲ့သော ကတိစကားများအတိုင်း ကိုရီးယားကျွန်းဆွယ် နျူကလီးယားလုံးဝကင်းစင်ရေးကို တွန်းအားပေးဆောင်ရွက်ရေး စသည့်ကိစ္စရပ်များကို စာရေးသားပေးပို့ ဆွေးနွေးခဲ့ကြကြောင်း ဆန်ဒါးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက ကိုရီးယားစစ်ပွဲအတွင်း ကျဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်များ၏ ရုပ်ကြွင်းများကို ပြန်လည်ပေးပို့ခဲ့သည့်အပေါ် ကျေးဇူးတင်ရှိပါကြောင်းနှင့် အမေရိကန်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများတွင် ရရှိလာသော တိုးတက်မှုများကို ဆက်လက်၍ တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆန်ဒါးက ပြောခဲ့သည်။

အမေရိကန်နိုင်ငံ စစ်ဘက်ဆိုင်ရာက ဩဂုတ် ၁ ရက်တွင် ဟာဝိုင်ယီတွင် မြောက်ကိုရီးယားနိုင်ငံမှ ပြန်လည်ပေးပို့သည့် အမေရိကန်တပ်ဖွဲ့ဝင် ရုပ်ကြွင်း ၅၅ လောင်းကို ပြန်လည်လက်ခံသည့် အခမ်းအနားတစ်ရပ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ကင်ဂျုံအန်းတို့သည် ဇွန် ၁၂ ရက်က စင်ကာပူနိုင်ငံတွင် တွေ့ဆုံဆွေးနွေးမှုတစ်ရပ်ကျင်းပခဲ့ပြီး ပူးတွဲကြေညာချက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မြောက်ကိုရီးယားနိုင်ငံအား လုံခြုံရေးဆိုင်ရာ အာမခံချက်ပေးမည်ဟု ကတိပြုခဲ့ပြီး ကင်ဂျုံအန်းကလည်း ကိုရီးယားကျွန်းဆွယ် နျူကလီးယားလုံးဝကင်းစင်ရေး ထပ်မံကတိပြုခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



# ဂါဇာအရေး စိတ်မအေးသောကြောင့် နေတန်ယာဟု ကိုလံဘီယာခရီးစဉ် ရွှေ့ဆိုင်း

**ဂျေရုဆလင် ဩဂုတ် ၃**

ဂါဇာကမ်းမြောင်ဒေသနှင့် ထိစပ်လျက်ရှိသော အစ္စရေးနယ်စပ်အရေးကို အာရုံစိုက်ချင်သောကြောင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုသည် နောက်အပတ် ကိုလံဘီယာခရီးစဉ်ကို ရွှေ့ဆိုင်းလိုက်ကြောင်း အစ္စရေးအရာရှိများက မကြာသေးမီတွင် ပြောခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုသည် လာမည့်တနင်္လာနေ့တွင် ဘိုဂိုတာသို့ လေယာဉ်ဖြင့် သွားရန် အစီအစဉ် ရေးဆွဲထားပြီးဖြစ်ကြောင်း သိရသည်။

တောင်ပိုင်းတွင် ဖြစ်ပေါ်နေသည့် အခြေအနေကြောင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုသည် လာမည့် အပတ်တွင် နိုင်ငံအတွင်း၌နေရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကိုလံဘီယာခရီးစဉ်ကို ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အစ္စရေးသည် ဟားမားစ်အုပ်ချုပ်နေသည့် ဂါဇာသို့ လောင်စာဆီဖြန့်ဖြူးမှုကို တစ်ဖန်ပိတ်ဆို့လိုက်ရာ အစ္စရေးတောင်ပိုင်း၌ အုန်းအုန်းကျွက်ကျွက် ဖြစ်ကုန်ကြသည်။



ထို့အတူ အစ္စရေးရှိ ပါလက်စတိုင်းဒုက္ခသည်များသည် ၎င်းတို့၏ နေအိမ်များသို့ ပြန်ဖို့အရေး နယ်စပ်တစ်လျှောက် ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစ္စရေးတို့၏ ပစ်ခတ်မှုကြောင့် ယခုအချိန်အထိ ပါလက်စတိုင်း ၁၅၇ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ထို့အတူ အစ္စရေးစစ်သားတစ်ဦးလည်း ကျဆုံးခဲ့သည်။ လွန်ခဲ့သည့်လကလည်း အစ္စရေးတပ်ဖွဲ့နှင့် ပါလက်စတိုင်းတပ်ဖွဲ့တို့ အပြန်အလှန် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

နေတန်ယာဟုအနေဖြင့် ဂါဇာနယ်စပ်အရေး စိတ်မအေးဖြစ်နေသောကြောင့် ဟားမားစ်တို့နှင့် သဘောတူညီချက်တစ်ခုရရန် ၎င်း၏ လုံခြုံရေးဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကို လာမည့် တနင်္ဂနွေနေ့တွင် ပြုလုပ်ဖွယ်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ဆော်ဒီအာရေဗျနိုင်ငံ ပြည်နယ်တစ်ခုအတွင်းရှိ ဈေးတစ်ခုကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အရပ်သား ၅၂ ဦးသေဆုံး

**ကူဝိတ်စီးတီး ဩဂုတ် ၃**

ဆော်ဒီအာရေဗျဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့၏ ပိုင်နက်နယ်နိမိတ်အတွင်းရှိ ပြည်နယ်တစ်ခုအတွင်းရှိ ဈေးတစ်ခုကို ဗုံးကြဲတိုက်ခိုက်ခဲ့သောကြောင့် အရပ်သား ၅၂ ဦးသေဆုံးခဲ့ပြီး လူပေါင်း ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ယီမင်နိုင်ငံ အယ်လ်ဟူဒရာ့ပြည်နယ် ကျန်းမာရေးဌာနက မကြာသေးမီတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဒဏ်ရာရရှိသူများကို အနီးဝန်းကျင်ရှိဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအနက် အလွန်ပြင်းထန်သူများပါဝင်လျက်ရှိရာ သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်ကြောင်း သိရသည်။

ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အချိန်တွင် အဆိုပါဈေးတွင် လူများစွာရှိနေသည့် အချိန်ဖြစ်သောကြောင့် လူအများအပြား သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းပြည်သူတစ်ဦးက ပြောခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့၏ ထောက်ခံမှုဖြင့် ယီမင်နိုင်ငံအစိုးရတပ်ဖွဲ့က ဇွန် ၁၃ ရက်တွင် အယ်လ်ဟူဒါရာ့ပြည်နယ်အား ပြန်လည်သိမ်းပိုက်နိုင်ရေး အကြီးစားစစ်ဆင်ရေးဆောင်ရွက်မှု စတင်ပြုလုပ်ခဲ့သည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလပိုင်းကလည်း ယီမင်ဟူသီလက်နက်ကိုင်တပ်ဖွဲ့မှ ယီမင်နိုင်ငံမြို့တော်ကို သိမ်းပိုက်ခဲ့ပြီးနောက် ယီမင်နိုင်ငံ တောင်ပိုင်းဒေသကို ဆက်လက် သိမ်းပိုက်ခဲ့ရာ ထိုအချိန်က သမ္မတ မန်ဆောဟာဒီလည်း ဆော်ဒီအာရေဗျသို့ တိမ်းရှောင်ခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံတစ်ဝန်း အပူချိန်ဆက်လက်မြင့်တက်နေ

**တိုကျို ဩဂုတ် ၃**

ဂျပန်နိုင်ငံတစ်ဝန်း အပူချိန်ဆက်လက်မြင့်တက်မှုများ ဖြစ်ပွားလျက်ရှိရာ အချို့ဒေသများတွင် အပူချိန်မှာ ၃၅ ဒီဂရီ ဆဲလ်စီးရပ်စ်အထိ မြင့်တက်လျက်ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံ နေရာအတော်များများတွင် လေထုဖိအားများ မြင့်တက်လာခဲ့ရာ ယင်းက အပူချိန်မြင့်မားမှုကိုဖြစ်စေကြောင်း ဂျပန်မိုးလေဝသနှင့် ဇလဗေဒမှ တာဝန်ရှိသူများက ဩဂုတ် ၃ ရက်တွင် ပြောခဲ့သည်။ ဩဂုတ် ၃ ရက်နံနက် ၁၀ နာရီခွဲတွင် ဂျပန်နိုင်ငံအလယ်ပိုင်း အိုင်ချီစီရင်စု အိုဘူမြို့တွင် အပူချိန်မှာ ၃၆ ဒသမ ၄ ဒီဂရီဆဲလ်စီးရပ်စ်အထိရှိခဲ့ကြောင်း သိရသည်။ ထို့အတူ အပူချိန်များမှာ အခြားမြို့လေးမြို့ဖြစ်သည့် နာဂိုရာ၊ ဂီဖုစီရင်စုရှိ မီနို၊ မီးစီရင်စုရှိ ကူဝါနာ၊ ဂမ်မစီရင်စုရှိ ကာယုတို့တွင်လည်း ၃၆ ဒီဂရီဆဲလ်စီးရပ်စ်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

တိုကျိုအလယ်ပိုင်းတွင် အပူချိန်မှာ ၃၄ ဒသမ ၉ ဒီဂရီ ဆဲလ်စီးရပ်စ်နှင့် ကျိုတိုတွင် ၃၄ ဒသမ ၆ ဒီဂရီဆဲလ်စီးရပ်စ်၊ အိုကာယာမနှင့် ဖူကူအိုကာတို့တွင် ၃၄ ဒသမ ၃ ဒီဂရီ ဆဲလ်စီးရပ်စ်၊ အဟီမီစီရင်စု အိုဇူမြို့တွင်လည်း အပူချိန်မှာ ၃၄ ဒသမ ၁ ဒီဂရီ ဆဲလ်စီးရပ်စ်အထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ နေ့အပူချိန်များမှာ အထူးသဖြင့် တိုကိုင်နှင့် ကန်တိုဒေသများနှင့် ယာမာနာရှီနှင့် နာဂါနိုစီရင်စုများတွင် ၃၉ ဒီဂရီ ဆဲလ်စီးရပ်စ်အထိ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ အရာရှိများက ခန့်မှန်းထားသည်။

အပူချိန်အလွန်အမင်းမြင့်တက်လာမှုကြောင့် ယင်းနှင့်ဆက်စပ်သော မတော်တဆမှုများကြောင့် သေဆုံးသူများလည်း ရှိသလို အချို့လူများမှာ ဆေးရုံတွင် ဆေးဝါးကုသခံယူလျက်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ကဘူးလ်၌ နိုင်ငံခြားသားသုံးဦး သေနတ်ပစ်ခံရပြီး သေဆုံး

**ကဘူးလ် ဩဂုတ် ၃**

ကဘူးလ်၌ ပြန်ပေးဆွဲခံရပြီး အသတ်ခံရသည်ဟု အာဖဂန်တပ်ဖွဲ့ဝင်များ ပြောနေသည့် နိုင်ငံခြားသားသုံးဦး၏ ရုပ်အလောင်းများကို မကြာသေးမီက ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်ရပ်သည် စစ်ပွဲကြောင့် နာလန်မထူနိုင်သည့် ကဘူးလ်ကဲ့သို့သော မြို့လေး၌ နိုင်ငံခြားသားများကို ပစ်မှတ်ထားတိုက်ခိုက်မှုဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

မကြာသေးမီလများအတွင်းက အိုင်အက်စ်အစွန်းရောက်အကြမ်းဖက်အဖွဲ့နှင့် တာလီဘန်သောင်းကျန်းသူတို့ လုံခြုံရေးတပ်ဖွဲ့များနှင့် အစိုးရအဆောက်အအုံများကို ဦးတည်တိုက်ခိုက်နေချိန်အတွင်း ထိုကဲ့သို့ နိုင်ငံခြားသားများ ပြန်ပေးဆွဲခံရပြီး အသတ်ခံလိုက်ရခြင်းဖြစ်ကြောင်း သိရသည်။

အသတ်ခံရသည့် နိုင်ငံခြားသားများမှာ ကဘူးလ်ရှိ ပြင်သစ်အဖွဲ့အစည်းတစ်ခုဖြစ်သည့် Sodexo တွင် တာဝန်ထမ်းဆောင်နေစဉ် သေဆုံးခဲ့ခြင်းဖြစ်ပြီး သေဆုံးခဲ့သူများမှာ အိန္ဒိယ၊ မက်ဆီဒိုးနီးယားနှင့် မလေးရှားနိုင်ငံတို့မှဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

ယခုလိုဖြစ်ပွားခဲ့သည့် ကိစ္စများအားလုံးသည် အကြမ်းဖက်ဖြစ်စဉ်ကြောင့် ဖြစ်ကြောင်း ရဲဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဟာ့ရှ်မက် စတာနစ်ဇိုင်က ပြောခဲ့သည်။

Sodexo တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ ယခုလို သေဆုံးခဲ့ရခြင်းအပေါ် အထူးထိတ်လန့်တုန်လှုပ်ခဲ့ပြီး အလွန်ဝမ်းနည်းကြောင်း အဆိုပါအဖွဲ့အစည်းက ပြောခဲ့သည်။ ယခုကဲ့သို့ စိတ်မကောင်းစရာဖြစ်ရပ်များ ဖြစ်ခဲ့ရသည့် ဝန်ထမ်းများအတွက် ၎င်းတို့မိသားစု၊ သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်များနဲ့အတူ ထပ်တူဝမ်းနည်းကြေကွဲရကြောင်း အမှုဆောင်ချုပ် ဒန်းနစ် မက်ချူရယ်က ပြောခဲ့သည်။

၎င်းတို့သေဆုံးခြင်းအတွက် မည်သည့်အဖွဲ့တွင် တာဝန်ရှိကြောင်း မသိရသေးပေ။ ၎င်းတို့သည် ဩဂုတ် ၂ ရက်က ကားမောင်းသမားနှင့်အတူ ကားနှင့် အပြင်ထွက်သွားစဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် အခြားကားတစ်ခုထဲ၌ သေဆုံးနေသည်ကို တွေ့ရှိခဲ့ပြီး ပစ်သတ်ခံရခြင်းဖြစ်နိုင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘဟာမာက ဆိုသည်။

အဆိုပါကားသမားကို စစ်မေးလျက်ရှိပြီး ၎င်းကို ဖြစ်နိုင်ခြေရှိသော သံသယတရားခံအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**



နိုင်ငံတကာ သတင်းတိုထွာ

## မြောက်ကိုရီးယားနိုင်ငံ၏ အချို့နေရာများ၌ အပူလွန်ကဲမှုဖြစ်

**ပြုံယမ်း ဩဂုတ် ၃**

မြောက်ကိုရီးယားနိုင်ငံ၏ အချို့နေရာများ၌ လတ်တလောတွင် ဖြစ်ပေါ်နေသော အပူချိန်သည် မှတ်တမ်းတင်ထားသည့် အပူချိန်ထက် ပိုမိုမြင့်တက်လျက်ရှိပြီး ၄၀ ဒီဂရီဆဲလ်စီးရပ်စ်ထက် ကျော်လွန်လျက်ရှိကြောင်း သိရသည်။

ဇူလိုင်လတွင် စတင်ခဲ့သည့် အပူလှိုင်းသည် မျှော်လင့်မထားသည့် ဖြစ်စဉ်များကို ဖြစ်စေကြောင်း အာဏာရအလုပ်သမားပါတီသတင်းစာဖြစ်သည့် ရိုဒွန်ဆင်မန်တွင် ဩဂုတ် ၂ ရက်က ဖော်ပြခဲ့သည်။

နိုင်ငံပိုင်ရုပ်မြင်သံကြားတွင် ကလေးများနှင့် မိဘများသည် မြို့တော် ပြုံယမ်းရှိ ရေကူးကန်များ၌ အပူရှောင်သည့် ပုံရိပ်များနှင့် လူငယ်များ ရေဘောလုံးများနှင့် ကစားနေသည့်ပုံရိပ်များကို ထုတ်လွှင့်ပြသလျက်ရှိသည်။ ပြုံယမ်းမြောက်ပိုင်း ပြည်နယ်မြို့လေးတစ်ခုဖြစ်သည့် ဆင်နဂျူတွင်လည်း ကလေးများ ပျော်ရွှင်စွာ ရေကစားနေသည့်ပုံများကို ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။

အပူချိန်မြင့်တက်မှု ဆက်လက်ဖြစ်ပေါ်နိုင်သည့် အလားအလာရှိသောကြောင့် အပူရှပ်ခြင်းမှကာကွယ်ရန် လူများအား ရေများများသောက်ရန်နှင့် ဆားစားသုံးရန် အကြံပြုထားကြောင်း ရုပ်မြင်သံကြား မိုးလေဝသသတင်းတွင် သတိပေးထားသည်။ **အင်န်အိတ်ချ်ကေ**

## နယူးဇီလန်ဝန်ကြီးချုပ် နိုင်ငံတော်တာဝန်များကို ပြန်လည်ထမ်းဆောင်

**ဝယ်လင်တန် ဩဂုတ် ၃**

နယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်သည် မီးဖွားခွင့် ခြောက်ပတ်ခံစားပြီးနောက် ယခုအခါတွင် နိုင်ငံတော်တာဝန်များကို ပြန်လည်ထမ်းဆောင်နေပြီဖြစ်ကြောင်း သတင်းများတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

အသက် ၃၈ နှစ်ရှိ နယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်သည် ဇွန်လက သမီးလေးမွေးဖွားပြီးနောက် မီးဖွားခွင့်ယူခဲ့သည့် ကမ္ဘာ့ပထမဆုံး ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။

အာဒန်သည် နယူးဇီလန်ပြည်သူအပေါင်းကို ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့ပြီး ၎င်း၏ဝန်ကြီးအဖွဲ့နှင့် လက်ရှိဝန်ကြီးချုပ် တာဝန်ယူထားသူတို့အနေဖြင့် ၎င်းအား သမီးလေးနှင့်အတူ နေခွင့်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ပါကြောင်း ဖော်ပြခဲ့သည်။

နယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်၏ သမီးလေးနာမည်မှာ Neve Te Aroha ဖြစ်သည်။ နယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်သည် ဩဂုတ် ၂ ရက်တွင် ၎င်း၏ အောက်ကလန်အိမ်၌ လုပ်ငန်းတာဝန်များ စတင်ထမ်းဆောင်ခဲ့ပြီး လာမည့်အပတ်တွင် မြို့တော်ဝယ်လင်တန်ရှိ လွှတ်တော်သို့ လာရောက်မည်ဖြစ်ကြောင်း သိရသည်။

နယူးဇီလန်ဝန်ကြီးချုပ်သည် လာမည့် စက်တင်ဘာလ၌ ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ သမီးနှင့်အတူ တက်ရောက်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# အီဒလစ်ကို အာဆတ် ဘာကြောင့် လိုချင်သလဲ

**တင်လင်းအောင်**

**ဆီးရီးယားရဲ့အစိတ်အပိုင်းအတော်များများကို သိမ်းပိုက်ပြီးတဲ့နောက်မှာ သမ္မတ ဘတ်ရှာ အယ်လ်အာဆတ်ဟာ အီဒလစ်ရှိ အတိုက်အခံအုပ်စုထံ ချီတက်တိုက်ခိုက်မယ်လို့ ခြိမ်းခြောက်လျက်ရှိပါတယ်။ အီဒလစ်ဆိုတာ သူပုန်တို့ရဲ့မဟာမိတ် တူရကီနဲ့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိတဲ့ မြောက်ပိုင်းလူဦးရေထူထပ်သိပ်သည်းတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။**



သို့သော်လည်း စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲဖို့ဆိုတာ စရိတ်စကကြီးမားလှပါတယ်။ ပြီးတော့လည်း အန်ကာရာနဲ့ မော်စကိုတို့ဟာ အာဆတ်တပ်ဖွဲ့ရဲ့လှုပ်ရှားမှုတွေကို စောင့်ကြည့်လျက်ရှိပါတယ်။

### နောက်ဆုံးခံတပ်

အီဒလစ်ဟာ ဆီးရီးယားလက်နက်ကိုင်ဆန့်ကျင်သူတွေအတွက် နောက်ဆုံးခိုလှုံရာ၊ ကွန်းခိုရာလေးတစ်ခုပဲ ဖြစ်ပါတယ်။ အခုနှစ်ထဲမှာပဲ ဒမတ်စကတ်အနီးနဲ့ သူ့ရဲ့တောင်ဘက်မှာရှိတဲ့ အဓိကခြေကုပ်ယူရာနေရာလေးတွေကို အစိုးရတပ်ဖွဲ့တွေက ပြန်လည်သိမ်းပိုက်ခဲ့ပါတယ်။ အီဒလစ်ပြည်နယ်ဟာ တူရကီနဲ့ အကြမ်းဖျင်းအားဖြင့် မိုင် ၆၀ လောက် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ၂၀၁၅ ခုနှစ်မှာ ဂျီဟတ်သူပုန်တွေလက်ထဲ သက်ဆင်းခဲ့ရတာ ဖြစ်ပါတယ်။

အခုအခါမှာတော့ အီဒလစ်ရဲ့ ၆၀ ရာခိုင်နှုန်းလောက်ကို ဟာယက်တာရာ အယ်လ်ရှန် (အိတ်ချ်တီအက်စ်) ဆိုတဲ့ ဂျီဟတ်ဦးဆောင်တဲ့ အကြမ်းဖက်အဖွဲ့က ထိန်းသိမ်းထားပါတယ်။ ကျန်တဲ့ အစိတ်အပိုင်းတွေကိုတော့ ပြိုင်ဘက်အစုလာမ္မစ်နဲ့ သူပုန်တွေက ထိန်းချုပ်ထားပါတယ်။ ထို့အတူပဲ အစိုးရတပ်ဖွဲ့ကလည်း အီဒလစ်ရဲ့အရှေ့တောင်ပိုင်းနယ်မြေအစကို ပြန်လည်ထိန်းသိမ်းထားပါတယ်။

အကြမ်းဖက် ဖြစ်ပွားမှုတွေကို ကာကွယ်ဖို့ အီဒလစ်ပြည်နယ်ကို စစ်မဲ့ဇုန်အဖြစ် တူရကီ၊ ရုရှားနဲ့ အီရန်တို့က ၂၀၁၇ ခုနှစ်မှာ သတ်မှတ်ဖွဲ့စည်းခဲ့ပါတယ်။

အာဆတ်တပ်ဖွဲ့ဟာ အခုနှစ်မှာ တခြားဒေသသုံးခုကို သိမ်းပိုက်ပြီးတဲ့နောက်မှာ နောက်ဆုံးမသိမ်းပိုက်ဘဲ ကျန်ရှိနေခဲ့တာကတော့ အီဒလစ်ပဲ ဖြစ်ပါတယ်။

### အီဒလစ်ကို အာဆတ် ဘာကြောင့် လိုချင်တာလဲ

ဆီးရီးယားပြည်တွင်းစစ်ပွဲ ခုနစ်နှစ်အတွင်း ဖြတ်ကျော်ဝင်ရောက်လာခဲ့ပြီးတဲ့နောက်မှာ အာဆတ်အစိုးရဟာ နိုင်ငံရဲ့တစ်လက်မစာလောက်ပင် မချန်ထားချင်ဘဲ ရနိုင်သလောက် အကုန်လုံးပြန်လည်သိမ်းပိုက်နိုင်ဖို့ ကြိုးစားလျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်မှာ တူရကီတပ်ဖွဲ့တွေ ကျူးကျော်ဝင်ရောက်လာပြီးနောက်မှာတော့ ဒမတ်စကတ်ဟာ သူတို့ကို ကျူးကျော်နေထိုင်သူတွေအဖြစ် ပျစ်ပျစ်နှစ်နှစ် ဝေဖန်ရှုတ်ချခဲ့ပါတယ်။

လွန်ခဲ့တဲ့ ရက်သတ္တပတ်က အာဆတ်က တူရကီတပ်ဖွဲ့ဝင်တွေ ဖြန့်ကြက်ထားတဲ့ အီဒလစ်ဟာ သူ့ရဲ့သိမ်းပိုက်မှု နောက်တစ်ခုဖြစ်ရမယ်လို့ ပြောကြားခဲ့ပါတယ်။ အီဒလစ်ဟာ အစိုးရအတွက် မဟာဗျူဟာကျကျနေရာမှာ တည်ရှိပါတယ်။ ထို့အတူ အလက်ပိုနဲ့ ဒမတ်စကတ်ကို ဆက်ထားပေးတဲ့ M 5 အဝေးပြေးလမ်းလည်း ရှိပါတယ်။ တောင်ဘက်မှာလည်း ဂျော်ဒန်နဲ့ နယ်နိမိတ်ချင်း ထိစပ်နေတဲ့ နာဆစ်ဒေသ ရှိပါတယ်။ အာဆတ်ဟာ အီဒလစ်ကိုလိုချင်တဲ့ အဓိကအကြောင်းကတော့ အဝေးပြေးလမ်းမကြီးကြောင့်ပဲ ဖြစ်ပါတယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။

### ဘယ်လို ကျူးကျော်တိုက်ခိုက်မှုမျိုး ဖြစ်မလဲ

အီဒလစ်ကို ကျူးကျော်တိုက်ခိုက်ဖို့ ဖြစ်နိုင်မယ့် တိုက်ခိုက်မှုတွေကို အစိုးရထိန်းချုပ်ရာ ဆီးရီးယားဘက်အခြမ်းမှာတော့ စိတ်ဝင်တစားနဲ့ စောင့်ကြည့်လျက်ရှိပါတယ်။ သို့သော်လည်း သတိထားရမယ့် အပိုင်းတွေလည်း ရှိပါတယ်။

ပထမဆုံး ရုရှားရဲ့ ဆီးရီးယားသံတမန်ဖြစ်သူ အလက်ဇန်ဒါလက်ဗ်ရန်တစ်က အခုတစ်ပတ်မှာ အီဒလစ်နဲ့ပတ်သက်ပြီး ဘယ်လိုစစ်ဆင်ရေး ဆောင်ရွက်မလဲဆိုတဲ့အပေါ် မေးမြန်းထားတာ မရှိပါဘူးလို့ ဆိုပါတယ်။

အစိုးရရဲ့ အဓိကအတားအဆီးကတော့ အန်ကာရာပဲဖြစ်တယ်လို့ ခေတ်သစ်အမေရိကန်လုံခြုံရေးစင်တာ ဆန်းစစ်လေ့လာသူ နီကိုလက်စ်ဟီရက်စ်က ဆိုပါတယ်။ အာဆတ်အစိုးရအတွက် အကြီးမားဆုံး အဟန့်အတားကတော့ တူရကီနဲ့ တူရကီအစိုးရရဲ့ ဆီးရီးယားအနောက်မြောက်ပိုင်းပေါ်မှာ ထားရှိတဲ့ မူဝါဒပဲ ဖြစ်ပါတယ်လို့ သူကဆက်ပြောပါတယ်။

ကျူးကျော်တိုက်ခိုက်မှုကြောင့် လူထောင်ပေါင်းများစွာ ရွှေ့ပြောင်းစစ်မျက်နှာကို ထွက်ပြေးမှာကို စိုးရိမ်နေတဲ့အတွက် သမ္မတ ရီဆက်ပ်တေရစ် အာဒိုဂန်ဟာ ကျူးကျော်တိုက်ခိုက်မှုနဲ့ ပတ်သက်ပြီး သတိကြီးကြီးထားနေတာကို တွေ့ရပါတယ်။ ဟိုးအရင် ဇွန်လက အစိုးရတပ်ဖွဲ့ဝင်တွေ ဆီးရီးယားတောင်ပိုင်းကို စတင်တိုက်ခိုက်တုန်းက ဂျော်ဒန်နယ်စပ်မှာ ဖြစ်ပွားတဲ့ပုံစံအတိုင်း ဖြစ်သွားမှာကို အာဒိုဂန်က စိုးရိမ်လျက်ရှိပါတယ်။

အခုလောလောဆယ် မှာတော့ အာဆတ်ဟာ ဆီးရီးယားမှာ လုပ်ချင်နေတဲ့ စစ်ရေးဆိုင်ရာ ချဲ့ထွင်မှုတွေကို ထင်သလို လုပ်လို့မရတဲ့အနေအထား ဖြစ်နေပါတယ်။ အာဆတ်ရဲ့ဆန္ဒအပေါ် သမ္မတ ရီဆက်ပ်တေရစ်အာဒိုဂန်က ငါသေမှ ရမယ်ဆိုတဲ့ မူဝါဒနဲ့ လက်ကိုင်ပြု ကန့်သတ်ထားတာကို တွေ့ရမှာပဲဖြစ်ပါတယ်။

စစ်ရေးဆိုင်ရာ ချဲ့ထွင်မှုကို မလုပ်ဖို့ တူရကီက ကျားကန်ပေးထားတဲ့ အနေအထားရှိပါတယ်လို့ ဆီးရီးယားအတိုက်အခံခေါင်းဆောင် နာ့အယ်လ်ဟာရီရီက ပြောပါတယ်။

တူရကီအခြေစိုက် အွမ်ရမ်စင်တာမှ နာဝါအိုလီဗာက ရုရှား၊ တူရကီနဲ့ အီရန်တို့ဟာ မြောက်ပိုင်းမှာ ဘယ်ပုံစံနဲ့မဆို စစ်ရေးဆိုင်ရာ ချဲ့ထွင်မှုတွေကို ပေးလုပ်မှာမဟုတ်ဘူးလို့ ခန့်မှန်းထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တကယ်လို့သာ စစ်ရေးဆိုင်ရာ ချဲ့ထွင်မှုလုပ်ခဲ့မယ်ဆိုပါက အဲဒီမှာရှိတဲ့ လူတွေ ဒုက္ခခံစားရနိုင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

### ဒါဆို ဘာလုပ်မလဲ

တကယ်လို့ အီဒလစ်ကို တပ်ဖွဲ့ဝင်တွေအနေနဲ့ တိုက်ခိုက်ချင်တယ်ဆိုရင်တော့ ရုရှား၊ တူရကီနဲ့ အီရန်တို့ သဘောတူညီမှုပဲ တိုက်လို့ရမယ်လို့ အိုလီဗာက ဆက်ပြောခဲ့ပါတယ်။

တကယ်လို့သာ အစိုးရက တိုက်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်အတိုင်းသာ ရှေ့တိုးဆောင်ရွက်မယ်ဆိုပါက သဘောတူညီမှုအတိုင်းသာ ရှေ့ဆက်သွားလို့ရမှာ ဖြစ်ပါတယ်။ အဲဒီသဘောတူညီမှုဟာလည်း အဆုံးသတ်အဆင့် မရောက်လာသေးဘူး ဖြစ်ပါတယ်။

တကယ်လို့သာ တိုက်မယ်ဆိုပါက အဲဒီဒေသမှာရှိတဲ့ ဒေသခံ ၂ ဒသမ ၅ သန်းလောက် ကပ်ဆိုးဆိုက်ကပ်မှာ ဖြစ်ပါတယ်။ သူတို့ထဲက ထက်ဝက်ကျော်လောက်ဟာ တခြားဆီးရီးယားပြည်နယ်တွေကနေ လာရောက်နေထိုင်တဲ့သူတွေ ဖြစ်ပါတယ်။

အီဒလစ်ရဲ့ လူဦးရေဟာ အတော်လေးများလာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တခြားဒေသတွေကို အစိုးရတပ်ဖွဲ့တွေက သိမ်းပိုက်တဲ့အခါမှာ အဲဒီဒေသမှာရှိတဲ့ ပြည်သူတွေဟာ အီဒလစ်ဒေသကို ထွက်ပြေးတိမ်းရှောင်လာကြပြီး အီဒလစ်မှာ အခြေချနေထိုင်ကြလို့ပဲ ဖြစ်ပါတယ်။

ပြည်သူတွေဟာ ပြေးစရာမြေမရှိဘူးလို့ ဆီးရီးယားဆိုင်ရာ ကုလသမဂ္ဂဒေသတွင်း လူသားချင်းစာနာထောက်ထားမှု ညှိနှိုင်းရေးမှူး ပါနို့စ်မောင့်ဇစ်က ဆိုပါတယ်။ အီဒလစ်ဟာ နောက်ဆုံးကွန်းခိုရာပဲဖြစ်ပြီး အီဒလစ်မှလွဲပြီး ပြေးစရာမရှိတော့ဘူးလို့ သူက ဆိုပါတယ်။

### အိတ်ချ်တီအက်စ်ကို ဘယ်လို လုပ်မလဲ

ဒမတ်စကတ်နဲ့ မော်စကိုတို့ဟာ အကြမ်းဖက်သမားတွေလို့ သတ်မှတ်ထားတဲ့ အိတ်ချ်တီအက်စ်တွေကို လေကြောင်းကနေ ဗုံးကြဲတိုက်ခိုက်လျက်ရှိပါတယ်။ အဲဒီလို တိုက်ခိုက်တာနဲ့ပတ်သက်ပြီး တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်စွပ်စွဲမှုတွေ မလုပ်စေချင်ဘူးလို့ အန်ကာရာက ဆိုပါတယ်။

အိတ်ချ်တီအက်စ်ကိစ္စဟာ တူရကီရဲ့ ကိစ္စလို့ တူရကီက ရှုမြင်ထားပုံပေါ်ပါတယ်။ အိတ်ချ်တီအက်စ်ကိစ္စနဲ့ပတ်သက်ပြီး အာဆတ်အနေနဲ့ အီဒလစ်ကို စစ်မျက်နှာဖွင့်လို့မရဘူးလို့ ဆိုပါတယ်။

သိပ်မကြာသေးခင်ကလည်း ပြည်သူ့လွတ်မြောက်ရေး ရှေ့တန်းစစ်မျက်နှာဆိုတဲ့ နာမည်နဲ့ သူပုန်အဖွဲ့လေးဖွဲ့ ပေါင်းပြီး အိတ်ချ်တီအက်စ်ကို ဆန့်ကျင်တိုက်ထုတ်ဖို့ လုပ်ဆောင်နေပါတယ်။ အနေးနဲ့အမြန်ဆိုသလိုပဲ အာဒိုဂန်ကတော့ အီဒလစ်မှာရှိတဲ့ အကြမ်းဖက် အဖွဲ့အစည်းတွေကို အမြစ်မြေလှန်ပစ်မှာ ဖြစ်ပါတယ်။

အခုတစ်ပတ်မှာတော့ အန်ကာရာနဲ့ သူ့ရဲ့မဟာမိတ် သူပုန်တွေဟာ အီဒလစ်ကို တည်ငြိမ်အောင် လုပ်ဆောင်နိုင်လိမ့်မယ်ဆိုပြီး မော်စကိုက ပြောပါတယ်။ အီဒလစ်ကို အစိုးရရဲ့ ကျူးကျော်မှုမှ ရှောင်ရှားဖို့ဆိုရင် တူရကီအနေနဲ့ အိတ်ချ်တီအက်စ်နဲ့ သူ့လိုမျိုး အကြမ်းဖက်စစ်သွေးကြွအုပ်စုတွေကို တိုက်ခိုက်နှိမ်နင်းသွားဖို့ လိုအပ်ပါတယ်။ သို့မဟုတ်ပါက အာဆတ်အစိုးရ တပ်ဖွဲ့တွေဟာ အီဒလစ်ကို ဝင်ရောက်တိုက်ခိုက်မယ့် အနေအထားအထိ ရောက်လာမှာပဲ ဖြစ်ပါကြောင်း။ ။

**ကိုးကား- အေအက်ဖ်ပီ**

**“အီဒလစ်ဟာ အစိုးရအတွက် မဟာဗျူဟာကျကျနေရာမှာ တည်ရှိပါတယ်။ ထို့အတူ အလက်ပိုနဲ့ ဒမတ်စကတ်ကို ဆက်ထားပေးတဲ့ M 5 အဝေးပြေးလမ်းလည်း ရှိပါတယ်။ တောင်ဘက်မှာလည်း ဂျော်ဒန်နဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ နာဆစ်ဒေသ ရှိပါတယ်။ အာဆတ်ဟာ အီဒလစ်ကိုလိုချင်တဲ့ အဓိကအကြောင်းကတော့ အဝေးပြေးလမ်းမကြီးကြောင့်ပဲဖြစ်”**

# အာရှအားကစားပြိုင်ပွဲ အောင်မြင်မှုအစဉ်အလာကို ဆက်ထိန်းရမည့် မြန်မာပိုက်ကျော်ခြင်းအသင်း

ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်

**အာရှနိုင်ငံအများစု ဝင်ရောက်ယှဉ်ပြိုင်သည့် အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရန် ခက်ခဲလှရှိသော်လည်း မြန်မာပိုက်ကျော်ခြင်းအသင်းသည် နှစ်ကြိမ်ဆက်တိုက် ရွှေဆုရယူနိုင်ခဲ့ပြီး ယခုကျင်းပမည့် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုအစဉ်အလာကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။**




မြန်မာပိုက်ကျော်ခြင်းအသင်းသည် ပြီးခဲ့သည့် ဆယ်စုနှစ်ဝန်းကျင်မှ စတင်ကာ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများ ဆက်တိုက်ရခဲ့ပြီး အာရှအားကစားပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်းသည် ၂၀၁၀ နှင့် ၂၀၁၄ ခုနှစ် နှစ်ကြိမ်ဆက်တိုက် ရွှေတံဆိပ်နှစ်ခုစီရယူနိုင်ခဲ့သည်။ အာရှအားကစားပြိုင်ပွဲကို လေးနှစ်တစ်ကြိမ် ကျင်းပခြင်းဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပသည့် (၁၆) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့် ၂၀၁၄ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပသည့် (၁၇) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတို့တွင် နှစ်ကြိမ်ဆက်တိုက် ရွှေတံဆိပ်ဆုများရယူနိုင်ခဲ့ပြီး နောက်ဆုံး ကျင်းပသည့် ၂၀၁၄ အင်ချွန်းအာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ရရှိသည့် ဆုတံဆိပ်လေးခုစလုံးကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် နှစ်ကြိမ်ဆက်တိုက် ရွှေတံဆိပ်ရယူနိုင်ခဲ့သည့် နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲမှာ ယခုအကြိမ်တွင် ပါဝင်လာခြင်းမရှိရာ ရွှေတံဆိပ်ရယူနိုင်ရန် ပိုမိုကြိုးစားရဖွယ် ရှိနေသည်။ (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံသည် ၎င်းတို့အားသာသည့် အားကစားနည်းများမှ ပြိုင်ပွဲအမျိုးအစားများကို ထည့်သွင်းကျင်းပခြင်းဖြစ်ပြီး နှစ်ယောက်တွဲပြိုင်ပွဲတွင် အားနည်းသောကြောင့် အခြားသုံးယောက်တွဲ၊ လေးယောက်တွဲနှင့် နှစ်ယောက်တွဲအသင်းလိုက်ပြိုင်ပွဲကိုသာ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

"ကျွန်တော်တို့က အာရှအားကစား ပြိုင်ပွဲ အပါအဝင် ဒီနှစ်ကုန်မှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် အာဆီယံ တက္ကသိုလ်ပြိုင်ပွဲအတွက်ပါ လေ့ကျင့်နေတာဖြစ်ပါတယ်။ ပြိုင်ပွဲနှစ်ခုအတွက် ပြင်ဆင်နေတာဖြစ်ပြီး လူငယ်ကစားသမားတွေကိုပါ ပူးတွဲလေ့ကျင့်ပေးလျက်ရှိပါတယ်။ လက်ရှိ ရွေးချယ်ထားတဲ့ ကစားသမားတွေထဲမှာ လူဟောင်း ကစားသမားတွေပါဝင်လာသလို အကောင်းဆုံးပုံစံရထားတဲ့ သူတွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ အခုပြိုင်ပွဲက အာရှအဆင့်ပြိုင်ပွဲဖြစ်တာကြောင့် ပိုပြီးခက်ခဲနိုင်သလို အောင်မြင်မှု ပိုက်ကျော်ခြင်းရော ခြင်းလုံးအတွက်ပါ လုပ်ဆောင်နေတာတွေကို ပြောကြားမှာဖြစ်ပါတယ်။ အောင်မြင်မှုရထားတဲ့ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်ကို ဆက်လက်အောင်မြင်အောင် ဆောင်ရွက်ခဲ့ရသလို မြန်မာ့ရိုးရာအားကစားနည်းဖြစ်တဲ့ ခြင်းလုံးအားကစားနည်းကို ပြည်ပကို ထိုးဖောက်နိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲမှာ ခြင်းလုံးအားကစားနည်းပါအောင် ဆောင်ရွက်ခဲ့ပြီး နောက်ထပ်ကျင်းပတဲ့ ဆီးဂိမ်းပြိုင်ပွဲတွေမှာ ကရော နိုင်ငံတော်အစိုးရကပါ အားကစားနည်းတွေအပေါ် သေချာပံ့ပိုးပေးမယ်ဆိုရင် အခုထက်အများကြီး တိုးတက်လာနိုင်ပါတယ်။ လက်ရှိစီးပွားရေးအနေအထားအရ ကျွန်တော်အပါအဝင် အားကစားအဖွဲ့ချုပ်တွေရဲ့ ဥက္ကဋ္ဌတွေအနေနဲ့ အများကြီး မပံ့ပိုးပေးနိုင်ပါဘူး။ ပိုက်ကျော်ခြင်းအားကစားနည်းဆိုတာ နှစ်ပေါက်လေ့ကျင့်ရတာဖြစ်ပြီး ကစားသမားတွေအနေနဲ့ သူတို့ရဲ့ မိသားစုကို ပြန်ပြီးပံ့ပိုးပေးနိုင်ဖို့ လိုပါတယ်။ ကစား ရဖို့ ကြိုးစားရမှာပါ။ ပိုက်ကျော်ခြင်းက ထိုင်းက အကောင်းဆုံးဖြစ်တာကြောင့် သူတို့ကို ကျော်ဖြတ်နိုင်ဖို့ ရှိသမျှအစွမ်းကုန်ထုတ်ပြီး ကစားရမှာပါ။ အောင်မြင်မှုဆက်ထိန်းနိုင်အောင် ကြိုးစားမှာပါ" ဟု မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောသည်။

ဦးစိုးနိုင်သည် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်အပြင် ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ်ပါ တာဝန်ယူထားသူဖြစ်သည်။ အာရှအားကစားပြိုင်ပွဲ၏ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ လေးမျိုး၊ အမျိုးသမီးပြိုင်ပွဲနှစ်မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်တစ်နိုင်ငံလျှင် နှစ်မျိုးစီသာ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကာ အမျိုးသမီးပြိုင်ပွဲတွင် နှစ်မျိုးသာပါဝင်သောကြောင့် ရွေးချယ်ခွင့်မရှိကြောင်း သိရသည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် အမျိုးသားပြိုင်ပွဲတွင် နှစ်ယောက်တွဲအသင်းလိုက်ပြိုင်ပွဲနှင့် လေးယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲတွင် သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲနှင့် လေးယောက်တွဲပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

ဆက်လက်၍ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က "ကျွန်တော့်အနေနဲ့ အဖွဲ့ချုပ်နှစ်ခုရဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေတာကြောင့် ဆက်တိုက်ပါလာအောင် အများကြီး အားထုတ်ခဲ့ရပါတယ်။ လာမယ့်နှစ်မှာကျင်းပမယ့် ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းမှာ ခြင်းလုံးအားကစားနည်း ပါဝင်မှာဖြစ်ပြီး ၂၀၁၅၊ ၂၀၁၇ နဲ့ ၂၀၁၉ ဆီးဂိမ်းမှာ ခြင်းလုံးအားကစားနည်းပါဖို့ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ရပါတယ်။ သူတို့ကို ခြင်းလုံးအားကစားနည်းအပေါ် စိတ်ဝင်စားလာအောင် လုပ်ဆောင်ရသလို ပူးတွဲလေ့ကျင့်တာတွေလည်း အကုန်အကျခံဆောင်ရွက်ပေးခဲ့ရပါတယ်။ အခုဆိုရင် အရှေ့တောင်အာရှခြင်းလုံးအဖွဲ့ချုပ်၊ အာရှခြင်းလုံးအဖွဲ့ချုပ်တို့ကို ဖွဲ့စည်းထားနိုင်ပြီးဖြစ်ပါတယ်။ ဆီးဂိမ်းပြိုင်ပွဲမှာ ခြင်းလုံးအားကစားနည်း ပါဝင်နေရုံနဲ့ ကျေနပ်နေလို့ မရပါဘူး။ အာရှအဆင့်၊ ကမ္ဘာ့အဆင့်ပြိုင်ပွဲတွေမှာ ပါဝင်လာဖို့ ထပ်ပြီးကြိုးစားရမှာပါ။ ကျွန်တော့်ရဲ့ ဆန္ဒကလည်း မြန်မာ့ရိုးရာအားကစားနည်းဖြစ်တဲ့ ခြင်းလုံးအားကစားနည်းကို ကမ္ဘာ့အဆင့်ရောက်ချင်ပါတယ်။ ဒါကြောင့်လည်း ကြိုးစားနေပါတယ်။

"ငွေအားရော၊ လူအားပါ စိုက်ထုတ်လုပ်ဆောင်နေပြီး အခုထက်ပိုပြီး တိုးတက်ချင်တယ်ဆိုရင် ကျွန်တော်တစ်ယောက်တည်းရဲ့အားနဲ့မရပါဘူး။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန


မြန်မာပိုက်ကျော်ခြင်း အမျိုးသားကစားသမားများ လေ့ကျင့်နေစဉ်။


မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်

သမားတွေအနေနဲ့ သူတို့မိသားစုကို ပြန်မပံ့ပိုးပေးနိုင်ရင် သူလုပ်နေတဲ့ အားကစားနည်းကို စိတ်နှစ်ပြီး လုပ်ဆောင်နိုင်မှာ မဟုတ်ပါဘူး။ သူတို့အနေနဲ့ နောင်ရေးစိတ်အေးရအောင် လုပ်ပေးနိုင်မှ အားကစားအပေါ် သေချာအာရုံစိုက်ပြီး လုပ်ဆောင်နိုင်မှာပါ။ သူတို့တွေစိတ်ပါလာမှ လေ့ကျင့်မှုအသေအချာ ပြုလုပ်နိုင်မှာဖြစ်ပြီး အောင်မြင်မှုတွေရလာမှာပါ။ နိုင်ငံ့ဂုဏ်ဆောင်နေတဲ့ ကစားသမားတွေကို သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ သေချာပံ့ပိုးပေးစေချင်ပါတယ်။ ကစားသမားတွေကို ထိထိရောက်ရောက် ပံ့ပိုးပေးမှ ကစားသမားတွေအနေနဲ့ စိတ်ဓာတ်တက်ပြီး ပိုကြိုးစားလာမှာဖြစ်သလို မျိုးဆက်သစ်ကစားသမားတွေလည်း အားကျပြီး ကြိုးစားချင်စိတ်ဖြစ်လာမှာပါ။ လူငယ်ကစားသမားတွေ ထွက်ပေါ်လာအောင် ကျောင်းသားအားကစားပြိုင်ပွဲတွေလုပ်ဖို့လိုပါတယ်။ လူငယ်တွေအနေနဲ့ အားကစားလိုက်စားမယ်ဆိုရင် လမ်းမှားမရောက်တော့ဘဲ နိုင်ငံရော သူတို့အတွက်ပါ နှစ်ဦးနှစ်ဖက်အကျိုးရှိမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အားကစားအဖွဲ့ချုပ်နှစ်ခုရဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေတာကလည်း လူငယ်တွေကို အားကစားကို လိုက်စားစေချင်တယ်။ အားကစားနဲ့ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးချင်တယ်။ ကိုယ့်နိုင်ငံအတွက် ကိုယ်တတ်နိုင်တဲ့ဘက်က လုပ်ဆောင်ပေးနေတာပါ။ နိုင်ငံ့အတွက် ပေးဆပ်ချင်လို့ ငွေကြေးများစွာ အကုန်အကျခံပြီး ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ အားကစားနည်းတွေ တိုးတက်အောင်မြင်လာဖို့ နိုင်ငံတော် အစိုးရရော၊ ဝန်ကြီးဌာနရော၊ အဖွဲ့ချုပ်နဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေရော ပြည်သူတွေပါ ပူးပေါင်းလုပ်ဆောင်ရမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ပိုက်ကျော်ခြင်းနှင့် ခြင်းလုံးအဖွဲ့ချုပ်ကို ယခုလကုန်ပိုင်းတွင် ပြန်လည်ဖွဲ့စည်းမည်ဖြစ်ပြီး မဲပေးစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ အားကစား အဖွဲ့ချုပ်များ၏ လက်ရှိအနေအထားအရ အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့်သူမှာ ငွေကြေးစိုက်ထုတ်သုံးစွဲရပြီး ဥက္ကဋ္ဌအသစ်မှာ တာဝန်ယူမည့်အားကစားနည်းအပေါ် စိတ်ဝင်စားရန် လိုအပ်သလို ငွေကြေးသုံးစွဲနိုင်ရန်မှာလည်း အရေးပါနေသည်။

*စာမျက်နှာ ၁၇ သို့*

**"နိုင်ငံ့ဂုဏ်ဆောင်နေတဲ့ ကစားသမားတွေကို သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ သေချာပံ့ပိုးပေးစေချင်ပါတယ်၊ ကစားသမားတွေကို ထိထိရောက်ရောက် ပံ့ပိုးပေးမှ ကစားသမားတွေအနေနဲ့ စိတ်ဓာတ်တက်ပြီး ပိုကြိုးစားလာမှာ ဖြစ်သလို မျိုးဆက်သစ်ကစားသမားတွေလည်း အားကျပြီး ကြိုးစားချင်စိတ်ဖြစ်လာမှာပါ"**


အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာပိုက်ကျော်ခြင်း အမျိုးသမီးအသင်း။

# ကိုရီးယားနိုင်ငံ၏အစီအစဉ်ဖြင့် တိုင်းဒေသကြီးသုံးခုအတွင်း စွမ်းအားမြင့်မီးဖို ၅၄၀၀၀၀ ဖြန့်ဝေသွားမည်

**ရေနံချောင်း ဩဂုတ် ၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ကိုရီးယားသမ္မတနိုင်ငံ Climate Change Center ၏အစီအစဉ်ဖြင့် တောင်အာရှနှင့် အရှေ့တောင်အာရှဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပါဝင်သော မြန်မာနိုင်ငံတွင် စွမ်းအားမြှင့်မီးဖိုများဖြန့်ဝေရေးစီမံကိန်း ကနဦးအလုပ်ရုံဆွေးနွေးပွဲကို ရေနံချောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၂ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမာန်ကိုဟောက အမှာစကားပြောကြားပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မကွေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်သိန်းနှင့် ရေနံချောင်းမြို့နယ် ဦးစီးအရာရှိတို့က စီမံကိန်းနှင့်ပတ်သက်၍လည်းကောင်း၊ စွမ်းအားမြှင့်မီးဖိုဖြန့်ဝေမည့် အစီအစဉ်နှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

စွမ်းအားမြှင့်မီးဖိုများကိုသုံးစွဲခြင်းဖြင့် ဒေသတွင်းထင်းလောင်စာသုံးစွဲမှု လျှော့ချခြင်းကြောင့် သဘာဝတောကျန်များထိန်းသိမ်းရေးကို အထောက်အကူပြုစေရန်နှင့် ဒေသခံလူထု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ခြင်း၊ သမားရိုးကျမီးဖိုများထက် ထင်းလောင်စာသုံးစွဲမှု ၄၀ ရာခိုင်နှုန်း သက်သာသောကြောင့် ကျေးရွာများတွင် ထင်းလိုအပ်မှုကြောင့်ဖြစ်သော သစ်တောသစ်ပင်ပြုန်းတီးမှု သက်သာစေခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ၊ သစ်ကိုင်းခြောက်များ၊ အမှိုက်သရိုက်များ၊ မီးသွေးနှင့် လောင်စာတောင့်များဖြင့်လည်း ချက်ပြုတ်နိုင်ကြောင်းနှင့် တစ်နှစ်လျှင် ခရိုင်တစ်ခုကို စွမ်းအားမြှင့်မီးဖို ၁၈၀၀၀ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်သိန်းက ပြောသည်။

လောင်စာစွမ်းအင်ချွေတာနိုင်သော ကွန်ကရစ်ဖြင့်ပြုလုပ်သည့် ဒေသထုတ်စွမ်းအားမြှင့်မီးဖိုကို မြန်မာနိုင်ငံ စဉ့်အသင်း၏ နည်းပညာပံ့ပိုးကူညီမှု၊ အရည်အသွေးကြီးကြပ်မှုတို့ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ် နွယ်ငြိမ်းကျေးရွာရှိ ဒေသခံ ၄၀ တို့က ထုတ်လုပ်ခြင်းဖြစ်ကြောင်းနှင့် ၂၀၁၈ ခုနှစ်အတွင်း မကွေးခရိုင် ရေနံချောင်းမြို့နယ်ရှိ ကျေးရွာ ၁၃ ရွာမှ အိမ်ထောင်စု ၂၆၁၁ စုကို စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိထံမှ သိရသည်။

အဆိုပါစီမံကိန်းမှာ ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ခြောက်နှစ်စီမံကိန်းဖြစ်ပြီး စီမံကိန်းဆောင်ရွက်မည့် ဒေသများမှာ အပူပိုင်းဒေသများဖြစ်သော မန္တလေးတိုင်းဒေသကြီးအတွင်းမှ မြင်းခြံခရိုင်နှင့် ရမည်းသင်းခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ စစ်ကိုင်းခရိုင်နှင့်မုံရွာခရိုင်၊ မကွေးတိုင်းဒေသကြီးအတွင်းမှ မကွေးခရိုင်နှင့် ပခုက္ကူခရိုင်များမှ မြို့နယ် ၂၇ မြို့နယ်ရှိ အိမ်ထောင်စုဝင်များအား စီမံကိန်းကာလအတွင်း စွမ်းအားမြှင့်မီးဖိုအလုံးပေါင်း ၅၄၀၀၀၀ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုးကြီး(မြန်/ဆက်)**

## ပေါက်တောမြို့နယ်၌ ကျေးရွာသစ် လေးရွာ လျှပ်စစ်မီး ၂၄ နာရီ ထပ်မံရရှိ

**ပေါက်တော ဩဂုတ် ၃**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ပေါက်တောမြို့နယ်ရှိ ကျေးရွာသစ်လေးရွာသို့ လျှပ်စစ်မီး ၂၄ နာရီ ရရှိနေပြီဖြစ်ကြောင်း ဩဂုတ် ၁ ရက်က မြို့နယ်လျှပ်စစ်မှူးထံမှ သိရသည်။

လျှပ်စစ်မီးရရှိပြီး ဖြစ်သော ကျေးရွာလေးရွာမှာ ကျော်ရှင်ကျေးရွာ၊ ငခူရှည်ကျေးရွာ၊ သရွေးကျေးရွာ၊ ကျောက်ဆိပ်ကျေးရွာတို့ ဖြစ်သည်။ အဆိုပါကျေးရွာများနှင့် ယခင်လျှပ်စစ်မီးရရှိပြီးဖြစ်သော ကျေးရွာများသို့ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်မိုးနှင့် မြို့နယ်လျှပ်စစ်မှူး ဦးကျော်မျိုးဝင်းတို့က ကြီးကြပ်၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ လိုက်ပါကာ လူထုများနှင့်တွေ့ဆုံပြီး ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းနှင့် လျှပ်စစ်နှင့်သက်ဆိုင်သောလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**



လမ်းမတော်မြို့နယ်အတွင်း ကားလမ်းများပေါ်တွင်ရှိနေသော လမ်းပေါက်ချိုင့်များကို သက်ဆိုင်ရာမှ ပြုပြင်ပေးနေမှုကို ဩဂုတ် ၁ ရက်ကတွေ့ရစဉ်။ ခင်ဆိုင်

## ရေကြီးရေလျှံမှုကြောင့် ညောင်လေးပင်မြို့နယ်အတွင်း လယ်ကေ ၄၁ သောင်းနီးပါး ရေနစ်မြုပ်ကာ ကျောင်းပေါင်း ၄၅ ကျောင်း ယာယီပိတ်ထားရ

**ညောင်လေးပင် ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ စစ်တောင်းမြစ်ရေလျှံမှုကြောင့် မြစ်ကမ်းဘေးနှင့် အနိမ့်ပိုင်းနေရာများ၌ ရေကြီးရေနစ်မြုပ်မှုများဖြစ်ပေါ်လျက်ရှိရာ လယ်ကေပေါင်း ၄၁သောင်းနီးပါး ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ကာ ကျောင်းပေါင်း ၄၅ ကျောင်း ယာယီပိတ်ထားရကြောင်း သိရသည်။

လက်ရှိတွင် ညောင်လေးပင်မြို့နယ် မဒေါက်မြို့ရှိ စစ်တောင်းမြစ်ရေအမှတ်သည် ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီခွဲ တိုင်းတာချက်အရ ၁၂၂၁ စင်တီမီတာရှိကာ ဇူလိုင် ၂၉ ရက်အမြင့်ဆုံးရေမှတ် ၁၂၈၂ မှ ကျဆင်းခဲ့သော်လည်း စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် တည်ရှိသည်။ ထို့ကြောင့် ညောင်လေးပင်မြို့နယ်အတွင်း ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာပေါင်း ၄၀ ရှိကွင်းပေါင်း ၁၉၇ ကွင်း၊ တောင်သူပေါင်း ၇၄၇၄ ဦး၊ ဦးပိုင်ပေါင်း ၈၆၀၀ ရှိ စိုက်ခင်းပေါင်း ၇၆၃၅ ဧက ၊ ကြံခင်းပေါင်း ၄၂၂၁ဧက ရေနစ်မြုပ်လျက်ရှိကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် လယ်စိုက်ကေများရေနစ်မြုပ်သည့်အပြင် အခြေခံပညာကျောင်းအချို့လည်း ယာယီပိတ်ထားရကာ အထက်တန်းကျောင်း နှစ်ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) နှစ်ကျောင်း၊ အလယ်တန်းကျောင်း သုံးကျောင်း၊ အလယ်တန်းကျောင်း(ခွဲ)ခုနစ်ကျောင်း၊ မူလတန်းကျောင်း သုံးကျောင်းနှင့် မူလတန်းလွန်ကျောင်း ၂၈ ကျောင်း ယာယီပိတ်ထားရပြီး ယခုရက်အတွင်း နှစ်ကျောင်း ပြန်လည်ဖွင့်နိုင်မည် ဖြစ်ကြောင်းမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

## သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး

*စာမျက်နှာ (၁၆) မှ*

"ကျွန်တော် တာဝန်ယူထားတဲ့ အဖွဲ့ချုပ်နှစ်ခု ပြန်လည်ဖွဲ့စည်းဖို့ လုပ်ဆောင်ထားပါတယ်။ ကျွန်တော့်အနေနဲ့ အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်ခြင်းခံရခြင်း ရှိ၊ မရှိ မသိရသေးပေမယ့် ပိုက်ကျော်ခြင်းရော ခြင်းလုံးအတွက်ပါ စီမံချက်တွေချမှတ်ပြီး လုပ်ဆောင်ထားပါတယ်။ ကျွန်တော် ဥက္ကဋ္ဌ ဆက်မဖြစ်ရင်လည်း နောက်လုပ်မယ့်သူကို ဒါတွေ လွှဲပေးသွားမှာပါ။ အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် လုပ်ဆောင်မယ့်သူကတော့ အားကစားအပေါ်လည်း စိတ်ဝင်စားရမယ်၊ ငွေကြေးလည်း သုံးစွဲနိုင်ရမယ်၊ အားကစားအဖွဲ့တွေနဲ့လည်း အနီးကပ်ဆောင်ရွက်နိုင်ရပါမယ်။ မြန်မာ့ရိုးရာ အားကစားနည်းဖြစ်တဲ့ ခြင်းလုံးအားကစားနည်းကို အခုရထားတဲ့ အနေအထားထက် အဆင့်တစ်ခုရလာအောင် လုပ်ဆောင်ချင်ပါတယ်။ ဆီးဂိမ်းမှာ ပုံစံပါဝင်နေတဲ့အပြင် အာရှအဆင့်၊ ကမ္ဘာ့အဆင့်ပြိုင်ပွဲတွေမှာလည်း ပါဝင်လာစေ ချင်ပါတယ်။ ၂၀၁၉ ဆီးဂိမ်းမှာ ပါဝင်လာဖို့အတွက်လည်း အများကြီးလုပ်ဆောင်ခဲ့ရပါတယ်။ ပိုက်ကျော်ခြင်း အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးကျော်ဇင်မိုးအနေနဲ့လည်း ပိုက်ကျော်ခြင်းရော ခြင်းလုံး အတွက်ပါ အားသွန်ခွန်စိုက် လုပ်ပေးနေတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ ပိုက်ကျော်ခြင်းရော ခြင်းလုံးအားကစားနည်းကိုပါ စိတ်ပါဝင်စားသလို တိုးတက်အောင်မြင်ပြီး နိုင်ငံတကာပြိုင်ပွဲတွေမှာ အောင်မြင်မှုတွေ ရယူပေးချင်ပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌအဖြစ် ဆက်လက်ဆောင်ရွက်နိုင်ဖို့ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံမှာပါ။ ပိုက်ကျော်ခြင်းနဲ့ ခြင်းလုံးအားကစားနည်းက နိုင်ငံအတွက် နိုင်ငံတကာမှာ အောင်မြင်နေတယ်ဆိုရင် ကျွန်တော့်ရဲ့ လုပ်ဆောင်မှုတွေ၊ ငွေကြေးကုန်ကျခံရမှုတွေက အကျိုးရှိတယ်လို့ ခံစားရပါတယ်"ဟု ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောကြားသည်။

အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာပိုက်ကျော်ခြင်းအသင်းတွင် နည်းပြများအဖြစ် ဦးကျော်မင်းစိုး၊ ဦးဇော်ဇော်ထက်၊ ဦးဇော်ဇော်အောင်၊ ကစားသမားများအဖြစ် အမျိုးသားအသင်းတွင် အောင်မျိုးဆွေ၊ ဇော်လတ်၊ စည်သူလင်း၊ ဇင်မင်းဦး၊ ဝေလင်းအောင်၊ ဇင်ကိုကို၊ ဟိန်းလတ်၊ သန့်ဇင်ဦး၊ အောင်ပြည့်ထွန်း၊ ထက်မြတ်သူ၊ အောင်နိုင်ဦး၊ အောင်မျိုးနိုင်၊ အောင်သူမင်း၊ ဇော်မျိုးသူ၊ အမျိုးသမီးအသင်းတွင် နန့်ယဉ်ယဉ်မြင့်၊ ဆုမွန်အောင်၊ လိုင်ရှီအင်း၊ ဆုရည်ထက်၊ ဖြူဖြူသန်း၊ ကြူကြူသင်း၊ နန်းဆုမြတ်စံ၊ ဆုမွန်ကျော်၊ ခင်နှင်းဝေ၊ ယမုံဇင်၊ အေးအေးသန်း၊ ငြိမ်းချမ်းသူတို့ ပါဝင်ကြသည်။

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃-၈-၂၀၁၈

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၆၀/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၅/၉၄၀ ကျပ် | ၉၇၀/၉၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၈၀/၉၀၀ ကျပ် | ၉၅၅/၉၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၅/၉၅၀ ကျပ် | ၁၀၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၁ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၅၈ · ၀ |
| စင်္ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၄၅ · ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၆၂ · ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၀ · ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၃ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၉ · ၁၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ · ၈၅၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၆ · ၉၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၀ · ၅၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ · ၉၄၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm

## သရုပ်ဆောင် ရတနာဗို

# ဇာတ်ဝင်ခန်းအချို့ကြောင့် အခက်တွေ့ခဲ့ရ

အနုပညာပျိုးခင်းကနေ အနုပညာလောကထဲကို ရောက်ရှိလာခဲ့ပြီး ဘောစိရုပ်ရှင်ဇာတ်ကားတွင် တက္ကသိုလ်ဂွမ်းပုံ၏ တူမအဖြစ် သရုပ်ဆောင်ရာမှ ပရိသတ်သတိထားမိလာသည့် တက်သစ်စ မင်းသမီးလေးတစ်ဦးဖြစ်သည့် သရုပ်ဆောင် ရတနာဗိုအနေဖြင့် မကြာမီက ရုံတင်ပြသသွားခဲ့သည့် ကာဗွန်ဒိုင်အောက်ဆိုဒ် ရုပ်ရှင်ဇာတ်ကားကြီးထဲမှာ အဓိကနေရာဖြစ်သည့် မကျွတ်မလွတ်သေးသော ဝိညာဉ်ဘဝနှင့် မိမိအား အဖွဲ့လိုက် အဓမ္မပြုလုပ်သွားသူနှင့် နောက်ကနေ ခေါင်းဆောင်သူတွေကို ကလဲ့စားချေသူအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါ ဇာတ်ကားထဲမှာ ဇာတ်ဝင်ခန်းအချို့ကြောင့် အခက်တွေ့ခဲ့ရမှုနှင့် ပတ်သက်ပြီး ယခုကဲ့သို့ ပြောလာသည်။



**အခက်အခဲ**

"ဒီကားက ပရိသတ်အတွက် ပညာပေးကားလည်း ဟုတ်တယ်။ ကိုဝိုင်းက ဒီကားနဲ့ ပတ်သက်ပြီး ကမ်းလှမ်းတယ်။ ဒီကားမှာ သရဲမလုပ်ရမယ်လို့ ပြောတုန်းကတော့ ဘာမှမဖြစ်ဘူး။ အဓမ္မလုပ်ခံရမယ် ပြောတော့ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားတယ်။ ငါရိုက်ရဲပါ့မလား ဖြစ်ပါ့မလားပေါ့။ ငါရိုက်နေရင် အိုက်တင်လုပ်နိုင်ပါ့ မလားပေါ့။ အုပ်စုလိုက် Rape လုပ်ခံရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ခံစားချက်ကရော ဘယ်လိုရှိမလဲပေါ့။ အများကြီးတွေးခဲ့တယ်။ အဲ့ဒီဇာတ်ဝင်ခန်းမှာလည်း အကောင်းဆုံးသင်ကြားပေးခဲ့တယ်။ ညီမ ဘက်ကလည်း အကောင်းဆုံးဖြစ်အောင်တော့ ကြိုးစားခဲ့ပါတယ်။ နောက်ပြီး Rape လုပ်တဲ့အခန်းက လူငါးယောက်က ညီမကို ဖွဲ့အိတ်တွေပေါ် ပစ်တင်တဲ့ အခန်းဆိုရင် ကြည့်တော့သာ ခဏလေးရယ် ညီမဆိုရင် အဲ့ဒီဖွဲ့အိတ်ပေါ် ပစ်ချခံရတာ အခေါက် ၂၀ ကျော် လောက်ရှိတယ်။ ပစ်ချတဲ့ပုံမဟုတ်တာနဲ့ အလွဲလွဲအချော်ချော်တွေ ဖြစ်တာလေးတွေရှိတော့ နှစ်ရက်လောက်က ကိုယ်တွေလက်တွေနာပြီးတော့ တစ်ရက်လောက် ဖျားသွားတယ်။ ဒီဇာတ်လမ်းက မကောင်း တဲ့အမှု၊ မကောင်းတဲ့အရာတွေကိုလုပ်ရင် ကိုယ်ဘယ်လိုပြန်ပြီး ခံစားရတယ်ဆိုတာတွေ ပညာပေးပါပါတယ်။ မိန်းကလေးတွေက အဓိကက အယုံအကြည် မလွယ်ဖို့၊ ကိုယ်နဲ့ သိပ်ပြီးမရင်းနှီးတဲ့သူတွေကို အယုံအကြည် မလွယ်ဖို့ ၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်တတ်ဖို့ အများကြီး အရေးကြီးတယ်။ အခုနောက်ပိုင်းဆိုလည်း မုဒိမ်းမှုတွေ ခဏခဏဖြစ်တယ်။ သက်ငယ်မုဒိမ်းတွေလည်း ခဏခဏ ကြားနေရတယ်။ အဓိကကတော့ ကိုယ့်ကိုယ်ကိုယ်ကာကွယ်နိုင်ဖို့၊ ပညာဉာဏ်ရှိဖို့လည်း လိုပါတယ်။ တချို့လူတန်းစားတွေအတွက် ပညာများများရအောင်၊ ဗဟုသုတများများရအောင် လုပ်ပေးသွားသင့်တယ်။ ဗဟုသုတရမယ့်ကားမျိုးတွေ ရိုက်ပေးသင့်တယ်လို့ ထင်ပါတယ်။

**အမှတ်တရများ**

ဒီကားရိုက်တုန်းက အမှတ်တရတွေက အများကြီးရှိတယ်။အခုလည်းပြန်ကြည့်တဲ့ အချိန်မှာ သရဲမ ဖြစ်တဲ့ ကိုယ့်ရုပ်ကိုကြည့်ပြီး လန့်သွားတယ်။ နောက်ပြီး လောက်ကောင်အစစ်တွေကို ကိုယ့်ရဲ့ခန္ဓာကိုယ်ပေါ်၊ လက်တွေပေါ်မှာ တင်ရိုက်ခဲ့ရတယ်။ အဲ့ဒါတွေကလည်း အမှတ်တရတွေပါ။ တကယ့်ကိုပဲ ကိုဝိုင်းက လောက်အစစ်တွေ ဖောက်ထားတာ။ ကြွက်သေကရတဲ့ လောက်တွေလေ။ နောက်ရေခဲတိုက်လို အခန်းတွေမှာ ရိုက်ခဲ့ရတဲ့အခန်းတွေကတော့ အမှတ်တရတွေပါပဲ"

**ကိုလင်း**

# မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့သည့် စည်သူကျော်

# နိုင်ငံပေါင်း ၄၂ နိုင်ငံထဲကနေ Winner ဆုရရှိ

ထိုင်းနိုင်ငံ ဖူးခက်တွင် ကျင်းပခဲ့သည့် Prince & Princess International 2018 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် Mister စည်သူကျော်က သွားရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို ဇူလိုင် ၂၅ ရက်တွင် စတင်ကျင်းပခဲ့ကြောင်း သိရသည်။

"Prince & Princess International 2018 ပြိုင်ပွဲကို ထိုင်းနိုင်ငံ ဖူးခက်မှာ ကျင်းပခဲ့တဲ့ပွဲမှာ နိုင်ငံပေါင်း ၄၂ နိုင်ငံက ပြိုင်ပွဲဝင်ပေါင်း ၁၀၃ ဦး ဝင်ပြိုင်ခဲ့တာ။ အဲဒီအထဲမှာ ကျွန်တော်က Mister Per-Teen 2018 Winner ဆု၊ Best Talent Winner ဆုနှင့် Teen Achievement of the year ဆုတွေကို ရရှိခဲ့ပါတယ်။ Talent အပိုင်းမှာတော့ ကျွန်တော်က သူများနဲ့မတူအောင် ဇော်ဂျီအကကို မျက်လှည့်ပညာနဲ့ပေါင်းပြီး ကိုယ်ပိုင် creation အဖြစ် ဖန်တီးပြသဖြစ်ပါတယ်။ အဲဒီမှာပဲ အကုန်လုံးက သဘောကျသွားပြီး Best Talent ဆုကို ရရှိခဲ့တာပါ။



ကိုယ့်နိုင်ငံအတွက် ကိုယ်စားပြုပြီး ဒီဆုကို ရရှိလာခဲ့တဲ့အတွက် ကျွန်တော် အလွန်ပျော်ပါတယ်။ ဆုရခဲ့တဲ့အချိန်ကနေ အခုအထိ ပီတိဖြစ်နေတုန်းပါပဲ။ ကျွန်တော့်ဘဝမှာ International Winner ဆုကို ရချင်ခဲ့တာ ကျွန်တော့်ရဲ့အိပ်မက်တစ်ခုပါပဲ။ အလွန်ပျော်ပါတယ်။

ဒီပြိုင်ပွဲပြီးသွားရင်လည်း Organization နဲ့ ပူးပေါင်းပြီးတော့ အနုပညာအလုပ်တွေကို ဆက်ပြီးလုပ်သွားမှာပါ။ ပရဟိတအနေနဲ့ကတော့ လိုအပ်တဲ့နေရာတွေကို ဖြည့်ဆည်းပေးသွားဖို့ အစီအစဉ်တွေ လုပ်နေပါတယ်။ ကျွန်တော်တို့အတွက် ဆုအနေနဲ့ အခုဆောင်းပေးလိုက်တဲ့ ရွှေသားအတိ စိန်အစစ်နဲ့ သရဖူရယ်၊ စိန်ရင်ထိုးရယ် ဖြစ်ပါတယ်။ စက်တင်ဘာလကျရင် စင်ကာပူသံအမတ်ကြီးက Winner တွေကို တွေ့ဆုံဖို့ ဖိတ်ခေါ်ထားပါတယ်။ ဒီဇင်ဘာကျရင်တော့ ဒူဘိုင်းမှာ cat walk လျှောက်ရမှာပါ။ နွေရာသီ ကျောင်းပိတ်ရက်မှာလည်း စင်ကာပူမှာ နှစ်လကျောင်းတက်ဖို့ စီစဉ်ပေးမှာပါ။ ကျွန်တော့်အမေက ဒီပြိုင်ပွဲမှာ တစ်နှစ်တာအမေဆုရခဲ့လို့ ကျွန်တော့် ခရီးစဉ်တိုင်းမှာ အမေပါ အတူလိုက်ပါခွင့်ရမှာပါ"ဟု ပြောသည်။

**ကိုလင်း**

# ချမ်းမြေ့မောင်ချိုနှင့် ဖြိုးမြတ်အောင်တို့ မြန်မာအိုင်ဒေါလ် နောက်ဆုံးယှဉ်ပြိုင်မှုအဆင့်တက်လှမ်း



မြန်မာအိုင်ဒေါလ်အတွက် နောက်ဆုံးအဆင့် တက်ရောက်သူနှစ်ဦးမှာ ယနေ့ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။ ဆန်ခါတင်အဆင့်အထိ အဆင့်ဆင့် ကြိုးစားဖြတ်ကျော်ခဲ့ကြသူများအနက် ဇော်ကြီးသည် တော့ပ်သရီးအဖြစ် ကျန်ရစ်ခဲ့ပြီး ချမ်းမြေ့မောင်ချိုနှင့် ဖြိုးမြတ်အောင်တို့မှာ နောက်ဆုံးပြိုင်ပွဲကို လာမည့်သီတင်းပတ်တွင် တွေ့ဆုံယှဉ်ပြိုင် ကြရတော့မည် ဖြစ်သည်။

ယခုသီတင်းပတ်တွင် တစ်ဦးချင်းယှဉ်ပြိုင်မှုဖြစ်သည့် နာမည်ကျော်ကြားလူကြိုက်များသည့် သီချင်းများအပြင် နာမည်ကြီး အနုပညာရှင်များနှင့် စုံတွဲသီဆိုယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ချမ်းမြေ့မောင်ချိုက စည်သူလွင်နှင့်အတူ တို့မဝေးဘူး၊ ဇော်ကြီးက Jewel နှင့်အတူ တစ်ယောက်တည်းငိုမယ်နှင့် ဖြိုးမြတ်အောင်က ဆုန်သင်းပါရ်နှင့်အတူ ကြိုးပုခက်၌ ငြိတွယ်ခြင်းတို့ကို သီဆိုယှဉ်ပြိုင်ခဲ့ကြသည်။

"အစကတည်းက အကောင်းဆုံးတွေထဲက အကောင်းဆုံးတွေမို့ တော့ပ် ၁၁ ဦးထဲကို ပါဝင်ခဲ့ရတာပါ။ အခုလည်း ယှဉ်ပြိုင်သူတွေဟာ သူတို့ရဲ့ အားထုတ်မှုတွေ၊ ပေးဆပ်မှုတွေ၊ ခံစားမှုတွေ အများကြီးရှိကြမှာပါ။ အားပေးကြသူတွေကလည်း ကိုယ့်စိတ်ကြိုက်အားပေးခွင့်ရခဲ့တယ်။ ကျွန်တော်တို့က အနာဂတ် ဂီတမျိုးဆက်သစ်တွေကို ဖော်ထုတ်ပေးမယ်။ ဒါပေမယ့် မြန်မာအိုင်ဒေါလ်ရဲ့ အနိုင်ရရှိသူကိုတော့ ပရိသတ်တေးချစ်သူတွေကပဲ ရွေးထုတ်ပေးရမှာပါ။ ဒါကြောင့် ရသင့်ရထိုက်သူကို အမှန်တကယ် ရွေးချယ်ပေးကြမယ်လို့ ယုံကြည်တယ်" ဟု ဒိုင်အဖြစ် ဆောင်ရွက်ခဲ့သူ မြန်မာပြည်သိန်းတန်က ပွဲစဉ်အပြီးတွင် ပြောကြားခဲ့သည်။

မြန်မာအိုင်ဒေါလ် Season 1 အနိုင်ရရှိသူမှာ စောလားထော်ဝါး၊ မြန်မာအိုင်ဒေါလ် Season 2 တွင် အနိုင်ရရှိသူမှာ သားငယ်တို့ဖြစ်ကြပြီး ချမ်းမြေ့မောင်ချိုနှင့် ဖြိုးမြတ်အောင်တို့ကလည်း မြန်မာအိုင်ဒေါလ် Season 3 အနိုင်ရရှိသူအဖြစ် လာမည့်သီတင်းပတ်တွင် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

**သွန်းဝဏ္ဏ**

# ဟဲလေး ၂၀၁၉ မှာ ပထမဆုံး တစ်ကိုယ်တော်ဖျော်ဖြေပွဲ ပြုလုပ်မည်

**ကိုလင်း**



သံစဉ်မြူးမြူးလေးများနှင့် ယနေ့ခေတ်လူငယ်တွေအကြိုက် ဖန်တီးတတ်သည့် အဆိုတော် ဟဲလေးတစ်ယောက် ယခုလ ၅ ရက်နေ့တွင် The Sun Music တေးထုတ်လုပ်ရေးမှ ဖြန့်ချိမည့် အဆိုတော် သွန်း၏ အချစ်နန်းတော်တေးစီးရီးတွင် ပါဝင်သီဆိုထားကြောင်းသိရပြီး ဂီတအနုပညာအဖြစ် တစ်ကိုယ်တော်ခွေ ထွက်ရှိနိုင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

"မသွန်းနဲ့တော့ တစ်ခါမှ မဆိုဖူးပါဘူး။ သူ့သီချင်းလေးတွေလည်း ကျွန်တော်နားထောင်ဖူးတာရယ်။ သူကလည်း အချစ်နန်းတော်သီချင်းကို စုံတွဲဆိုချင်တယ်ဆိုပြီး ကမ်းလှမ်းလာတာမို့ ဆိုဖြစ်ခဲ့တာပါ။ သီချင်းပုံစံလေးကလည်း မြန်မာသံဘက်လည်း မရောက်သလို အနောက်တိုင်းလည်းမဆန်ဘူး။ မြင်နေ၊ ကြားနေကျပုံစံလေးနဲ့ ကွာခြားချင်တဲ့သဘောနဲ့ ဆိုဖြစ်ခဲ့တာပါ။ နောက်စက်တင်ဘာလထဲမှာ ကျွန်တော့်ရဲ့ အကောင်းဆုံးတေးများဆိုပြီး အမည်ပေးထားတဲ့ သီချင်းခွေ ချိုကြည်သာတေးထုတ်လုပ်ရေးကနေ ထွက်ဖို့ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဂီတသက်တမ်း ၁၈ နှစ်ပြည့် အမှတ်တရအခွေဆိုလည်း မမှားပါဘူး။ သီချင်းအားလုံး အပုဒ်၂၀ လောက်ရွေးထားပေမယ့် ၁၆ ပုဒ်လောက်ပဲ ထည့်ထားပါပြီး သီချင်းသစ်လေးတစ်ပုဒ်ပါတယ်။ အဆိုတော် ထက်မွန်နဲ့ သီဆိုထားတဲ့ သီချင်းသစ်လေးပါ။ နောက်ထပ် ကျွန်တော် သီချင်းအများကြီး ဖန်တီးတာထက် တစ်ပုဒ်ချင်းဆီ ပရိသတ်ကို ချပြသွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သီချင်းကောင်းကောင်းလေးတစ်ပုဒ် ရွေးထားပါတယ်။ အမ်တီဗွီအဖြစ်နဲ့ လုပ်မှာပါ" ဟု ပြောသည် ။

လက်ရှိ ဂီတဈေးကွက် ပျက်နေသော်လည်း ဟဲလေးအနေဖြင့် လတ်တလောတွင် သူ၏ ဂီတဖန်တီးမှုကို ပံ့ပိုးကူညီပေးနေသောသူများ ရှိနေသေးကြောင်း၊ ထို့ကြောင့် တေးသီချင်းများကို မိမိစိတ်ကြိုက်ဖန်တီးနေကြောင်း သိရသည် ။

" စိတ်ကြိုက်သေချာရွေးချယ်ပြီး လုပ်တတ်တဲ့ အချက်ကြောင့်ပဲ ကျွန်တော့်ကို အားပေးကြတယ်။ ကူညီကြတယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ ဂီတလောက ဆိုတာကြီးက လုံးဝစုတ်ပြတ်နေတာ။ ဒါကိုတောင် ကျွန်တော့်ကို ပရိုဂျူဆာတွေက သူတို့ အရှုံးအမြတ်မတွက်ဘဲ လုပ်ပေးကြတယ်။ စပွန်ဆာပေးကြတယ်ဆိုတော့ ကိုယ့်အတွက်ပရိသတ်ကို အကောင်းဆုံးတွေ ချပြနိုင်သေးတယ်လို့ ပြောလို့ရပါတယ်" ဟု ထပ်မံပြောကြားခဲ့သည်။ ၎င်းအနေဖြင့် ပထမဆုံးတစ်ကိုယ်တော် ဖျော်ဖြေပွဲပြုလုပ်ရန်စီစဉ်ထားပြီး လာမည့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်မည်ဟု သိရသည်။

# နိုင်ငံတကာ အနုပညာသတင်း

## အင်ဂျလီနာဂျိုလီ ကလေးထပ်မွေးစားမှာ ဘရက်ပစ် စိတ်ကုန်နေပြီလား

မွေးစားထားတဲ့ကလေး သုံးယောက်၊ သားသမီးအရင်း သုံးယောက်နဲ့ မိသားစုကြီး ပိုင်ဆိုင်ထားတဲ့ အင်ဂျလီနာဂျိုလီဟာ နောက်ထပ်ကလေး ထပ်မွေးစားမယ်ဆိုတဲ့သတင်းတွေ ကြားနေရပါတယ်။ ခုနစ်ယောက်မြောက်ကလေး ထပ်မွေးစားမယ့်အပေါ် ဘရက်ပစ်ကတော့ စိတ်ပျက်နေတယ်လို့ သတင်းအရင်းအမြစ်တစ်ခုက ဟောလိဝုဒ်လိုက်ဖ်ကိုပြောပါတယ်။ ဘရက်ပစ်ကိုယ်တိုင်ကတော့ နောက်ထပ်ကလေးထပ် မမွေးစားချင်တော့ပါဘူး။ သူဟာ အခုကလေးခြောက်ယောက်ကိုပဲ အလွန်ချစ်နေပြီး နောက်ထပ် ကလေးထပ်မွေးစားဖို့ စိတ်ကူးမရှိတော့ပါဘူး။

ဒီကလေးခြောက်ယောက်ကိုပဲ ကောင်းမွန်အောင်မွေးဖို့ အစီအစဉ်ချထားပါတယ်။ ဂျိုလီ နောက်ထပ်ကလေးထပ်မွေးစားမယ့်သတင်းကို ကြားရလို့ ဘရစ်ပစ်ကတော့ အံ့ဩသွားမှာ မဟုတ်ပါဘူး။ ဟိုးအရင်ကတည်းက ဂျိုလီဟာ မိသားစုအကြီးကြီး ပိုင်ဆိုင်ချင်တယ်လို့ ဘရက်ပစ်ကို ပြောထားလို့ပါပဲ။ အခုအချိန်မှာတော့ ဘရက်ပစ်ဟာ ဂျိုလီနဲ့ ကွာရှင်းထားပြီး ဇနီးဟောင်းနဲ့ အပြိုင်ကလေးထပ် မွေးစားဖို့ ဘရက်ပစ်မှာအစီအစဉ်မရှိဘူးလို့ သတင်းအရင်းအမြစ်တစ်ခုက ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။ ဂျိုလီကတော့ လက်ရှိကလေးတွေဟာလည်း ကြီးပြင်းလာပြီဖြစ်လို့ အလွန်ဂရုစိုက်စရာမလိုတော့တဲ့အတွက် နောက်ထပ်ကလေး မွေးစားဖို့ စိတ်ကူးနေတယ်ဆိုပြီး သတင်းတွေထွက်ပေါ်ခဲ့တာပဲ ဖြစ်ပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**



## Good News ဇာတ်ကားမှာ အတူတွဲတွေ့ရမယ့် ကရီနာကပူးလ်နဲ့ အက်ခ်ရှေးကူးမား

ကရီနာကပူးလ်နဲ့ အက်ခ်ရှေးကူးမားတို့ဟာ ဇာတ်ကားတစ်ခုထဲမှာတွဲပြီး သရုပ်မဆောင်တာ ကိုးနှစ်နီးပါးရှိပါပြီ။ အခုအခါမှာတော့ သူတို့နှစ်ဦးကို Good News ဆိုတဲ့ ဇာတ်ကားမှာ အတူတွဲပြီး တွေ့ရတော့မှာပါ။ သူတို့နှစ်ဦးတွဲပြီး သရုပ်ဆောင်ခဲ့တဲ့ ဇာတ်ကားတွေကတော့ Ajnabee ၊ Kambakkht Ishq ဆိုတဲ့ဇာတ်ကားတွေပဲ ဖြစ်တယ်။ အခု ရိုက်မယ့် Good News ဆိုတဲ့ ဇာတ်ကားကတော့ ဟာသဒရာမာ ဇာတ်ကားဖြစ်ပြီး ဒီဇာတ်ကားပြသမယ့်ရက်ကိုတော့ ၂၀၁၉ ဇူလိုင် ၁၉ ရက်လို့ သတ်မှတ်ထားပါတယ်။ အက်ခ်ရှေးကူးမားကိုယ်တိုင်ကလည်း သူ့ရဲ့တွစ်တာအကောင့်မှာ Good News ဇာတ်ကားနဲ့ပတ်သက်ပြီး အချက်အလက်တွေကြေညာထားပါတယ်။

ဒီဇာတ်ကားကိုရိုက်ကူးမယ့် ဒါရိုက်တာကတော့ ရာ့ချ်မီတာပဲ ဖြစ်တယ်။ ဒီဇာတ်ကားမှာ နောက်ထပ်ပါဝင်လာမယ့် သရုပ်ဆောင်တွေကတော့ ဒယ်ဂျစ်ဒိုဆန့်ဂျ်နဲ့ ကီအာရာအက်ဗန်းနီတို့ပဲဖြစ်တယ်။ မိသားစုဟာသ ဇာတ်ကားလေးဖြစ်တဲ့ Good News ဇာတ်ကားမှာ ကရီနာကပူးလ်နဲ့ အက်ခ်ရှေးကူးမားတို့ဟာ ကလေးရဖို့ ကြိုးပမ်းနေကြတဲ့ ဇနီးမောင်နှံအဖြစ် သရုပ်ဆောင်ထားပါတယ်။ ဒီလိုပါပဲ ဒယ်ဂျစ်ဒိုဆန့်ဂျ်နဲ့ ကီအာရာတို့စုံတွဲကလည်း နောက်ထပ်ကလေးရဖို့ ကြိုးစားနေတဲ့ စုံတွဲအဖြစ် ပါဝင်ထားပါတယ်။ နာမည်ကျော်သရုပ်ဆောင်တွေနဲ့ ဘယ်လိုမျိုး ဟာသဇာတ်ကွက်တွေနဲ့ ပရိသတ်တွေကို ဖျော်ဖြေမလဲဆိုတာကတော့ ရုံတင်မယ့်နေ့ကို စောင့်ကြည့်ရမှာပါပဲ။

**အီးတိုင်းမ်**



**ဖြူး**



# ဘာသာခြားစကားလုံးများမွေးစားသည့် အစဉ်အလာ (၂)

**မောင်ခင်မင် (ဓနုဖြူ)**

"တစ်ခုပြောချင်တာက မြန်မာတွေဟာ ဘာသာခြားစကားလုံးတွေကို အသံဖလှယ်ပြီး မွေးစားတဲ့အခါမှာ ကိုယ့်လူမျိုးရဲ့ အာထား လျှာထားနဲ့ လိုက်ဖက်အောင် အသံတွေကို ပြုပြင်ပြီး မွေးစားတတ်တယ်ဆိုတဲ့အချက်ပဲ"

"ဘယ်လိုပြုပြင်တာပါလဲ ဆရာ"

"သားတို့၊ သမီးတို့ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားတို့၊ ဘကြီးတော်ဘုရားတို့ လက်ထက်က အကြောင်းအရာတွေကို ဖတ်ဖူးမှာပေါ့"

"ရာဇဝင်တွေထဲမှာ ဖတ်ဖူးပါတယ် ဆရာ"

"အာသံစော်ဘွား စန္ဒရဂန္တရှိန်ဆိုတာ ရာဇဝင်ထဲမှာ တွေ့ဖူးသလား"

"တွေ့ဖူးပါတယ် ဆရာ။ အာသံမှာ ထီးနန်းလက်လွတ်သွားလို့ မြန်မာဘုရင်က ထီးနန်းပြန်တင်ပေးရတဲ့ စော်ဘွားပါ။ နောက်တော့ သူက ပြန်ပြီးပုန်ကန်လို့..."

"ဟုတ်ပါပြီ။ အဲဒီနာမည်ကို အာသံနိုင်မော်ကွန်းထဲမှာလည်း ဖွဲ့ထားတယ်။ 'စန္ဒနရိန်၊ ဂန္တရှိန်ကို' စသည်ဖြင့်ပေါ့"

"ဟုတ်ကဲ့။ သမီးတို့ သင်ဖူးပါတယ်ဆရာ"

"အဲဒီ စော်ဘွားရဲ့နာမည်ကို အင်္ဂလိပ်လို Chandra Kanta Singh လို့ ရေးတယ်ကွဲ့။ မြန်မာလို တိုက်ရိုက်အသံလှယ်ရင် ချန်ဒရာ ကန်တဆင်းပေါ့"

"ဩော်၊ ဒါဆို 'ချန်ဒရာ ကန္တဆင်း' ကို 'စန္ဒရ ဂန္တရှိန်' လို့အသံထွက်တာပေါ့နော် ဆရာ"

"ဟုတ်ပါတယ်။ မြန်မာအာထားလျှာထားနဲ့ ရွတ်ရဆိုရ အဆင်ပြေအောင် အဲဒီလို အသံလှယ်ခဲ့တာပေါ့။ ရှိသေးတယ်။ ပထမ အင်္ဂလိပ် - မြန်မာစစ်ပွဲပြီးလို့ ရန္တပိုစာချုပ်အရ အင်းဝမှာ ရုံးထိုင်တဲ့ ဗြိတိသျှကိုယ်စားလှယ် မေဂျာဟင်နရီဘာနေး (Major Henry Burney) ကို မြန်မာစာပေတွေထဲမှာ ဘယ်လိုရေးသလဲ သိသလား"

"ပြောပြပါ ဆရာ"

"'မယ်ဇယ် ဘော်ရနီ' တဲ့"

"ဩော်"

"နောက် အဲဒီပုဂ္ဂိုလ်က ကာနယ်ဘာနေး ( Coloney Burney) ဖြစ်သွားတော့ 'ကောရနေဗရဏီ' လို့ ဖော်ပြတယ်"

"စိတ်ဝင်စားစရာပါပဲ ဆရာ"

"ခုပြောခဲ့တာတွေက လူနာမည်တွေမို့ မွေးစားယူတဲ့အဆင့်တော့ မရောက်ဘူးလို့ ဆိုနိုင်ပါတယ်။ အသံလှယ်ပုံကို ထင်ရှားစေချင်လို့ ပြောတာပါ။ အသုံးအဆောင်တွေ၊ အရာဝတ္ထုပစ္စည်းတွေ၊ အစားအသောက်တွေ ဖော်ပြတဲ့ စကားလုံးတွေကို မွေးစားတာကတော့ မြင်သာထင်သာရှိတာပေါ့။ ကုန်းဘောင်ခေတ်မှာပဲ ဦးကြင်ဥရဲ့ ပါပဟိန်ပြဇာတ်မှာ အသုံးအနှုန်းတစ်ခုပါတယ်။ ပါပဟိန်မင်းသား နောက်လိုက် နောက်ပါတွေနဲ့ အရက်မူးပြီးဆိုတဲ့ သီချင်းလေ"

"ဩော်"

"အဲဒီသီချင်းမှာ 'တစ်ကျွန်းပါ၊ ဖြန်သူရာ စည်ပေါက်ကယ်၊ မီးတောက်ကိုဖမ်း' ဆိုပြီး ဖွဲ့တာမှာ 'ဖြန်သူရာ' ဆိုတာပါတယ်"

"အဲဒါဘာပါလဲဆရာ"

"သူရာတော့ သိမှာပေါ့"

"သိပါတယ်။ အရက်ကို ဆိုလိုတာပါ"

"'ဖြန်' က ဘာလဲ"

"'ဖြန်' က မသိပါဘူးဆရာ"

"ဖြန်ဆိုတာ လျှာလိပ်သံနဲ့ဆိုရင် 'ဘရန်' ပေါ့။ 'ဘရန်ဒီ' ကို ပြောတာလေ။ 'Brandy' ပေါ့။ ဟိုး... တစ်ကျွန်း တစ်ပြည်ကပါလာတဲ့ ဘရန်ဒီအရက်လို့ ပြောတာလေ"

"ဟာ... ဒါဆို ပါပဟိန်မင်းသားက တော်တော်ခေတ်မီတာပဲနော်"

"ပါပဟိန်မင်းသားက ခေတ်မီတာမဟုတ်ဘူး။ ပြဇာတ်ရေးတဲ့ ဦးကြင်ဥက ခေတ်မီတာလေ။ ဖြန်သူရာခေါ်တဲ့ ဘရန်ဒီကို သူ့ပြဇာတ်ထဲမှာ ထည့်ရေးတာ ခေတ်မီတာပေါ့။ အဲဒီခေတ်မှာ မွေးစားစကားလုံးအဖြစ် တွင်ကျယ်နေလို့ ထည့်ရေးတာ ဖြစ်မှာပေါ့"

"ဟုတ်ကဲ့ပါဆရာ"

"အဲဒီခေတ်မှာ မွေးစားစကားလုံးတွေ၊ ဘာသာပြန်စကားလုံးတွေ တိုးပွားလာအောင် ရှေ့ဆောင်လမ်းပြတဲ့ ပညာရှင်ကြီး နှစ်ယောက်ကတော့ ကင်းဝန်မင်းကြီးနဲ့ ယောအတွင်းဝန် ဦးဘိုးလှိုင်ပေါ့ကွယ်"

"ဟုတ်ကဲ့၊ သမီးတို့ ဖတ်ဖူးပါတယ် ဆရာ။ ကင်းဝန်မင်းကြီးက ပြင်သစ်တို့ လန်ဒန်တို့ကို သံတမန်အဖွဲ့ကို ခေါင်းဆောင်ပြီး သွားပါတယ်"

"ဟုတ်တယ်။ ကင်းဝန်မင်းကြီးက အဲဒီအတွေ့အကြုံကို 'ပြင်သစ်သွား နေ့စဉ်မှတ်စာတမ်း၊ လန်ဒန်သွား နေ့စဉ်မှတ်စာတမ်း' ဆိုပြီး မှတ်တမ်းနှစ်စောင် ရေးခဲ့တယ်။ အဲဒီမှာ စကားလုံးတော်တော်များများကို အသံလှယ်ပြီး သုံးထားတယ်။ ဒီနေ့ 'ဟိုတယ်' လို့ သုံးနေတဲ့ စကားလုံးကို ကင်းဝန်မင်းကြီးက 'ဟိုတက်' လို့ အသံလှယ်တယ်။ ကင်းဝန်မင်းကြီးများ မှားတာလားလို့ ထင်စရာပေါ့။ တကယ်က အဲဒီ 'ဟိုတက်' ဆိုတဲ့ အသံထွက်ဟာ မူရင်းပြင်သစ်စကားသံနဲ့ ပိုနီးစပ်တယ်လို့ ပညာရှင်တွေက ဆိုကြတယ်"

"ဟုတ်ကဲ့ပါ"

"ယောမင်းကြီး ဦးဘိုးလှိုင်ဆိုရင်လည်း အင်္ဂလိပ်စကား၊ ပြင်သစ်စကားတတ်တဲ့ တပည့်တွေရဲ့ အကူအညီနဲ့ လေ့လာပြီး ဘာသာခြားစကားလုံးတွေကို အသံလှယ်တာတို့၊ ဘာသာပြန်တာတို့ လုပ်ခဲ့တာပဲ။ ဟိုင်ဒရော်ဂျင် (Hydrogen)၊ အောက်ကဇီဂျင် (Oxygen)၊ ဗြန္ဒီ (Brandy)၊ ဝှစ္စကီ (Whisky) စသည်ဖြင့် အသံဖလှယ်တဲ့ စကားလုံးတွေ တော်တော်များများ သုံးခဲ့တာပဲ။ ယောမင်းကြီးက 'ဘိဇစ်ကျမ်း' တို့၊ 'ဂျော်လော်ဂျီကျမ်း' တို့ကို လေ့လာသင့်တဲ့အကြောင်းလည်း ရေးထားတယ်"

"ဩော်... Physics တို့၊ Geology တို့ ပြောတာပေါ့နော် ဆရာ"

"ဟုတ်ပါတယ်။ အဲဒီလို အသံလှယ်ထားတဲ့ စကားလုံးတော်တော်များများဟာ အခုဆိုရင် မွေးစားစကားလုံးတွေအဖြစ် အသုံးတွင်ကျယ်နေပြီ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"နောက်တစ်ခုပြောချင်တာက အဲဒီပညာရှင်တွေရဲ့ သဘောထားပဲ။ အဲဒီစကားလုံးတွေကို မြန်မာအသံနဲ့ ဖလှယ်ပြီး သုံးဖို့ လက်တွန့်မနေဘူး။ ဝန်မလေးဘူး။ တို့စကားထဲကို နိုင်ငံခြားစကားတွေ ဝင်လာရကောင်းလားဆိုပြီးတော့လည်း မလိုမလား မဖြစ်ဘူး။ အလွယ်တကူ မွေးစားယူလိုက်တာပဲ။ ဒီလိုမွေးစားလိုက်တဲ့အတွက် မြန်မာစကားထဲမှာ စကားလုံးတွေကို ကြွယ်ဝသွားတာ အမှန်ပဲလေ။ တချို့ကိုလည်း မြန်မာဘာသာပြန်ပြီး ယူတာပေါ့။ အခုကတော့ မွေးစားစကားလုံး အစဉ်အလာအကြောင်း ပြောနေကြတာမို့ ဘာသာပြန်အကြောင်း နောက်ကြုံရင် ပြောကြတာပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"

"အထက်မြန်မာနိုင်ငံမှာ ကုန်းဘောင်မင်းဆက်က မင်းတွေ အုပ်ချုပ်နေတဲ့ အချိန်မှာပဲ အောက်မြန်မာနိုင်ငံက အင်္ဂလိပ် ကိုလိုနီဖြစ်နေပြီလေ။ ပုံနှိပ်စာတွေ ပေါ်လာတာ၊ သတင်းစာတွေ တွင်ကျယ်လာတာ၊ ပြီးတော့ အတန်းကျော်စနစ် ပေါ်ပေါက်လာတာတွေဟာ မြန်မာစကားထဲကို အင်္ဂလိပ်မွေးစားစကားလုံးတွေ ဝင်လာတဲ့ အကြောင်းအရင်းတစ်ခုပဲ ဆရာထင်တယ်။ ခပ်စောစောကတည်းက မွေးစားစကားလုံးဖြစ်နေတဲ့ စကားလုံးတွေထဲမှာ 'ကောလိပ်' ဆိုတဲ့ စကားလုံးလည်း ပါတယ်ကွဲ့။ ရန်ကုန်ကောလိပ်က ခပ်စောစောကတည်းက ပေါ်လာတာနဲ့အတူ College ကို မွေးစားတဲ့ 'ကောလိပ်' လည်း ပေါ်လာတာပေါ့။ အဲ... တစ်ခုသတိရလို့ ပြောဦးမယ်။ College ကို မြန်မာတွေ အသံဖလှယ်တာ 'ကောလစ်ဂျ်' ဆိုတာမျိုး အဆုံးဗျည်းသံထည့်တာ မဟုတ်ဘူးနော်။ ကောလိပ်လို့ပဲ မြန်မာ့အာလျှာနဲ့ ကိုက်အောင် ဖလှယ်ခဲ့တာ။ ဒီစကားကို စသုံးကတည်းကပဲလေ။ ကဲ - ကဲ... ကြုံတုန်း မေးရဦးမယ်။ အဆုံးဗျည်းသံမထည့်တာ ဘာကြောင့်လို့ ထင်သလဲ"

"မြန်မာစကားမှာ အဆုံးဗျည်းသံမထွက်လို့ မြန်မာစကားနဲ့ အသံထွက်ရတာ အဆင်ပြေအောင် အဆုံးဗျည်းသံ မထည့်တာလို့ ထင်ပါတယ်ဆရာ"

"ဟုတ်ပါတယ် ဆရာ။ အင်္ဂလိပ်ဆီက မွေးစားတဲ့ စကားလုံးတွေမှာ အဆုံးဗျည်းသံထည့်လေ့မရှိပါဘူး"

"အဲဒါ မှတ်သားစရာ အချက်တစ်ချက်ပဲလေ။ ကိုယ့်စကားနဲ့ အံဝင်ခွင်ကျဖြစ်အောင် အဆုံးဗျည်းသံမထည့်ဘဲ ချန်ခဲ့တာ အသံဖလှယ်တဲ့ အစဉ်အလာတစ်ခုပဲ မဟုတ်လား။ ball တို့၊ goal တို့ဟာ အခုအထိ 'ဘော'တို့၊ 'ဂိုး'တို့ ဖြစ်နေတယ် မဟုတ်လား။ ဘယ်သူက 'ဘောလ်' လို့ ပြောမှာလဲ။ ဘယ်သူက 'ဂိုးလ်' လို့ အသံထွက်မှာလဲ။ ခုခေတ်မှာ 'စတိုင်လ်' တို့ 'စကူးလ်' တို့ဆိုတဲ့ စာလုံးပေါင်းမျိုးတွေ တချို့သုံးနေကြတာတွေ့လို့ ပြောတာပါ"

"မှတ်ထားပါ့မယ် ဆရာ"

"အစောပိုင်းကပေါ်တဲ့ စာအုပ်တစ်အုပ်နာမည်က 'အရိသမတိတ်တွက်ပုံစာ' တဲ့။ Arithmetic ကို အသံဖလှယ်ထားတာလေ။ ဂဏန်းသင်္ချာပေါ့။ Cube ကို ကုဗလို့ သုံးတာလည်း ခုအထိ တွင်ကျယ်နေပြီလေ။ တစ်ခုသတိရလို့ ပြောရဦးမယ်။ ဆရာတို့ ငယ်ငယ်က စာအုပ်တစ်အုပ်မှာ 'ဂဲဩမေဋ္ဌရီ' လို့ တွေ့လိုက်တော့ အံ့ဩသွားတယ်။ အဓိပ္ပာယ်လုံးဝနားမလည်လို့လေ။ နောက်ပိုင်းကျတော့ 'ဂျီဩမေတြီ' လို့ ရေးတယ်။ နောက်မှ ' Geometry'ကို အသံလှယ်ထားတဲ့ စကားလုံးမှန်း သိလာတာလေ"

"ဩော်"

"ငယ်ငယ်တုန်းက ဂဏန်းသင်္ချာစာအုပ်မှာ 'ရာရှို' ဆိုတဲ့ စကားလုံးလည်း တွေ့တယ်။ အဓိပ္ပာယ်မပေါက်ဘူး။ နောက်မှ 'ratio ' အချိုးကို ဆိုလိုတာမှန်း နားလည်သွားတယ်။ နောက်ပိုင်းကျတော့ အဲဒီစကားလုံးကို မတွေ့ရတော့ဘူးလေ"

"ဟုတ်ကဲ့ပါ"

"ထူးခြားတဲ့ စာလုံးပေါင်းပါလို့ မှတ်မိနေတဲ့ မွေးစားစကားလုံး နှစ်လုံးရှိတယ်။'ဒိဆတြိတ်' နဲ့ 'ရိစစ္စတြီ' ဆိုတဲ့ စာလုံးတွေပဲ။ တဝမ်းပူရရစ်နဲ့ရေးလို့ ထူးခြားတယ်။ အရင်ကတော့ အဓိပ္ပာယ်မသိဘူး။ နောက်မှ 'ဒိစတြိတ်' ဆိုတာ destrict ကို အသံလှယ်တာမှန်း သိတယ်။ ခုတော့ ခရိုင်လို့ သုံးတယ်။ 'ရိစစ္စတြီ'က ' registered' ကို အသံလှယ်တာ။ မှတ်ပုံတင်တာပေါ့။ ကုန်အမှတ်တံဆိပ်တို့၊ စာတိုက်က ပို့တဲ့စာတို့ မှတ်ပုံတင်ရင် 'ရိစစ္စတြီ'လုပ်ပြီးလို့ ရေးလေ့ရှိတယ်ကွဲ့။ ဒီစကားလုံးလည်း အခုဆိုရင် လုံးဝပျောက်သွားပြီလေ"

# စစ်ကိုင်းမြို့တွင် တရားဝင် ကျောက်မျက်ရတနာဈေးတည်ဆောက်ရန် ကြိုးပမ်းသွားမည်

**စစ်ကိုင်း ဩဂုတ် ၃**

စစ်ကိုင်းမြို့တွင် ကျောက်မျက်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် တရားဝင် ကျောက်မျက်ရတနာဈေးတစ်ခု တည်ဆောက်ဖွင့်လှစ်နိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(စစ်ကိုင်း)မှ ကြိုးပမ်းဆောင်ရွက်နေကြောင်း အဆိုပါ အသင်းဥက္ကဋ္ဌ ဦးအောင်ကြီးက ပြောပြသည်။

လက်ရှိ စစ်ကိုင်းမြို့ ဘော်ဂါကျောက်စိမ်းပုတီးဝိုင်းမှာ တရားဝင် ကျောက်မျက်ရတနာဈေး မဟုတ်သည့်အတွက် အခွန်အခများကောက်ခံခွင့်မရှိသောကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရသင့်ရထိုက်သောအခွန်အခများ ဆုံးရှုံးနေကြောင်း၊ တရားဝင် ကျောက်မျက်ရတနာဈေး ဖြစ်ပေါ်လာပါက တိုင်းဒေသကြီးအတွင်း အခွန်ဆောင်နိုင်ကာ ရရှိလာမည့်အခွန်အခများကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကျိုးရှိရှိ အသုံးချနိုင်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(စစ်ကိုင်း)မှ သိရသည်။

"တရားဝင်ကျောက်မျက်ဈေးမရှိတဲ့အတွက် စည်ပင်သာယာအက်ဥပဒေနဲ့ညီတဲ့ အခွန်ကောက်ခံခြင်း ပြုလုပ်လို့မရဘူး၊နိုင်ငံခြားသားကုန်သည်တွေဆီက ရရှိလာမယ့် အခွန်အခတွေ နေ့စဉ်ဆုံးရှုံးတယ်၊ တရုတ်ကုန်သည်တစ်ယောက်ကို မန္တလေးမှာ ငွေကျပ်တစ်ထောင်ကောက်တယ် ။ဒီနေ့မနက်ပဲ ဘော်ဂါကျောက်ဝိုင်းကို သွားလေ့လာတော့ အင်မတန်ဈေးကွက်ပျက်နေတဲ့အချိန်မှာတောင် တရုတ်ကုန်သည် ၃၇ ဦးရှိတယ်၊ အဲဒါဆို ငွေကျပ် ၃၇၀၀၀ နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးတယ် ၊အရောင်းအဝယ်ကောင်းတဲ့ကာလမှာ ပျမ်းမျှတွက်ကြည့်မယ်ဆို တရုတ်ကုန်သည် ၈၀ နဲ့ ၁၀၀ ကျော်မှာရှိတယ်၊ တစ်ရက်တစ်ရက် အခွန်ငွေ တစ်သိန်းနီးပါးလောက် နစ်နာဆုံးရှုံးနေတယ်၊ ဒါကြောင့် မြို့က အခွန်အခရအောင် တရားဝင်ကျောက်မျက်ရတနာဈေးဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်နေတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(စစ်ကိုင်း)မှ ဥက္ကဋ္ဌ ဦးအောင်ကြီးက ပြောပြသည်။

စစ်ကိုင်းမြို့တွင် တရားဝင် ကျောက်မျက်ရတနာဈေး ဖွင့်လှစ်နိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(စစ်ကိုင်း)က ယခင်အစိုးရလက်ထက်ကတည်းက ကြိုးပမ်းဆောင်ရွက်ခဲ့ရာ မအောင်မြင်ခဲ့ကြောင်း၊ ယခုအစိုးရသစ်လက်ထက်တွင်လည်း တရားဝင် ကျောက်မျက်ရတနာဈေး ဖွင့်လှစ်နိုင်ရေးအတွက် စစ်ကိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ထံ သွားရောက်တွေ့ဆုံမှုများပြုလုပ်ခဲ့ပြီး မြေနေရာတင်ပြတောင်းခဲ့သော်လည်း ယနေ့အထိ ထူးခြားမှု ရှိမလာသေးကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်း(စစ်ကိုင်း)မှ သိရသည်။

ထို့အပြင် စစ်ကိုင်းမြို့တွင် ကျောက်မျက်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားဝင် ကျောက်မျက်ဈေးဖွင့်လှစ်နိုင်ရေးတို့အတွက် စစ်ကိုင်းမြို့နယ်က လွှတ်တော် (၃)ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကြီးများက ကူညီဆောင်ရွက်ပေးရန် ယခုနှစ် ဧပြီ ၉ ရက်က တင်ပြအကူအညီတောင်းခံသော်လည်း ယနေ့အချိန်အထိ လေးလနီးပါးကြာမြင့်ခဲ့သော်လည်း တွေ့ဆုံဆောင်ရွက်နိုင်ခြင်းမရှိခဲ့သဖြင့် ဇူလိုင် ၃၀ ရက်က လွှတ်တော် (၃)ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကြီးထံ ထပ်မံ၍ တင်ပြတောင်းဆိုထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(စစ်ကိုင်း)မှ သိရသည်။

"စစ်ကိုင်းမှာ ကျောက်မျက်ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် အင်မတန်လိုအပ်ပါတယ်၊ တရားဝင် ကျောက်မျက်ရတနာဈေးဖွင့်လှစ်နိုင်ခြင်းအားဖြင့် တိုင်းဒေသကြီးအတွင်း ရန်ပုံငွေရမယ်၊ နိုင်ငံခြားဝင်ငွေတွေရမယ်၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါမယ် ၊ ကျောက်မျက်ဈေးကွက်တွေ မှန်ကန်ဈေးကွက်တွေရရှိမှာမို့ ဆောင်ရွက်ပေးပါလို့ စစ်ကိုင်းမြို့က အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တွေဆီ စာတင်ပြခဲ့တာ လေးလကြာခဲ့ပြီး ခေါ်ယူတွေ့ဆုံခြင်း မရှိသလို၊ မည်သို့ ဆောင်ရွက်ပေးမယ် ကူညီပေးမယ်ဆိုတဲ့အကြောင်း ပြန်ကြားခြင်း မရှိတဲ့အတွက် ကျွန်တော်တို့ ဒုတိယမြောက်စာတင်ပြီးတောင်းဆိုထားတယ် "ဟု စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(စစ်ကိုင်း)မှ ဥက္ကဋ္ဌ ဦးအောင်ကြီးက ပြောပြသည်။

စစ်ကိုင်းမြို့ ဘော်ဂါကျောက်စိမ်းပုတီးဝိုင်းတွင် ကျောက်စိမ်းဈေးဆိုင်ခန်းပေါင်း ၂၀၀ ကျော်ရှိပြီး အရောင်းအဝယ်ကောင်းသည့်ကာလတွင် တရုတ်ကုန်သည် ၁၀၀ ခန့် လာရောက်အရောင်းအဝယ်ပြုလုပ်ကြကြောင်း၊ ယင်းကျောက်စိမ်းပုတီးဝိုင်းမှာ တရားမဝင် ကျောက်မျက်ဈေးမဟုတ်သည့်အတွက် ၎င်းတရုတ်ကုန်သည်များထံက အခွန်အခများ ကောက်ခံလို့ရရှိသည့်အပြင် တရုတ်ကုန်သည်များသည် သတ်မှတ်ထားသော ဟိုတယ်များ၌ နေထိုင်ခြင်းမရှိဘဲ ရပ်ကွက်များတွင် အိမ်ငှားနေထိုင်ပြီး ကျောက်ဖြတ်စက်များ တည်ထောင်ကာ ကျောက်စိမ်းလုပ်ငန်းများကို အခြေခံကအစ ပြုလုပ်နေခြင်း၊ ဝယ်ယူရာတွင်လည်း ဈေးနှိမ်ဝယ်ယူခြင်း စသည်တို့ကြောင့် ကျောက်စိမ်းအချောထည်လုပ်ငန်း လုပ်ကိုင်သည့်သူများအတွက် များစွာနစ်နာမှုများရှိလာသည့်အပြင် နိုင်ငံတော်အတွက်လည်း ရသင့်ရထိုက်သည့်အခွန်အခများ များစွာဆုံးရှုံးနေသောကြောင့် တရားဝင် ကျောက်မျက်ရတနာဈေးတစ်ခုတည်ဆောက်ရန် အမြန်လိုအပ်နေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်း (စစ်ကိုင်း)မှ သိရသည်။



စစ်ကိုင်းမြို့တွင် လက်ရှိအရောင်းအဝယ်ပြုလုပ်လျက်ရှိသော ဘော်ဂါကျောက်စိမ်းပုတီးဝိုင်းကို တွေ့ရစဉ်။

**ကိုမင်း(အင်းတော်)**

# ရန်ကုန်ပညာရေးတက္ကသိုလ်၌ အခြေခံကင်းထောက်လူငယ်သင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၃**

ရန်ကုန်ပညာရေးတက္ကသိုလ်၌ အခြေခံကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံအမျိုးသားကင်းထောက်ချုပ် ဆရာကြီး ဒေါက်တာတင်ညိုက ကင်းထောက်မောင်မယ်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံကင်းထောက်သမိုင်းကြောင်းအကျဉ်းကို ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်ချုပ် ဆရာမကြီး ဒေါက်တာတင်လှကြည်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာမှ ရန်ကုန်ပညာရေးတက္ကသိုလ်ကင်းထောက်မောင်မယ်များအား ပြက္ခဒိန် လက်ဆောင်ပေးအပ်ခဲ့သည်။

"ကင်းထောက်တွေဟာ သူတစ်ပါးအတွက် ကိုယ်တိုင်ခံယူထားတဲ့ ကင်းထောက်ကတိ၊ ကင်းထောက်ကျင့်ဝတ်ကို အခြေခံပြီး တတ်ကျွမ်းထားတဲ့အသိ၊ တတ်ကျွမ်းထားတဲ့ပညာနဲ့ သူတစ်ပါးကို ကူညီပေးဖို့ဆိုတာ ကင်းထောက်ရဲ့မွေးရာပါကတိကဝတ်ဖြစ်တယ်။ ဒါကြောင့် ကင်းထောက်ကလေးတွေကို စပြီးလေ့ကျင့်ကတည်းက ဒီလို အလေ့အကျင့်မျိုးရအောင် လေ့ကျင့်ပေးထားတယ်"ဟု မြန်မာနိုင်ငံအမျိုးသား ကင်းထောက်ချုပ် ဆရာကြီး ဒေါက်တာတင်ညိုက ပြောကြားသည်။

ရန်ကုန်ပညာရေးတက္ကသိုလ် ပထမနှစ်မှ နောက်ဆုံးနှစ်အထိ တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများမှ အမျိုးသားကင်းထောက် ၃၅ ဦး နှင့် အမျိုးသမီးကင်းထောက် ၁၆၂ ဦး စုစုပေါင်း ၁၉၇ ဦးတက်ရောက်မည့် အခြေခံကင်းထောက်သင်တန်းကို လေးရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း



သိရသည်။

၂၀၁၃ ခုနှစ်တွင် ပြန်လည်ပေါ်ပေါက်ခဲ့သော မြန်မာ့ကင်းထောက်အဖွဲ့သည် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် ၁၆၄ နိုင်ငံမြောက်အဖြစ် သတ်မှတ်ခြင်းခံရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**

# ပုဇွန်တောင်မြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်း

**ရန်ကုန် ဩဂုတ် ၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မြို့တော်ပုံရိပ်ကောင်းမွန်စေရေးအတွက် ယနေ့ နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် (၇)ရပ်ကွက် အထက်ပုဇွန်တောင်လမ်း၌ ခရိုင်နှင့်မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှ အရာထမ်း၊ အမှုထမ်းအင်အား ၈၀ တို့က ဗို့အား ၄၀၀ဓာတ်အားလိုင်းတိုင် ၁၅ တိုင်၊ တိုက် ၁၈ တိုက်ရှိ ရှုပ်ထွေးဆားဗစ်ကြိုး ၃၈၃ ချောင်းတို့ကို ရှင်းလင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပုဇွန်တောင်မြို့နယ် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့်အပြင် ဌာနမှ ငွေကျပ် ၂၄၄ သိန်းကျော် ကျခံသုံးစွဲခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရွှေကျင်၌ အနယ်နယ်အရပ်ရပ်မှ လှူဒါန်းမှုများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေး

**ရွှေကျင် ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ရွှေကျင်မြစ်ရေနှင့် စစ်တောင်းမြစ်ရေတို့ မြင့်တက်မှုကြောင့် မြို့ပေါ်နှင့် ကျေးရွာများရှိ ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေ



ထိုင်ကြသည့် ရေဘေးသင့်ပြည်သူများအတွက် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက စားသောက်စရာများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ရွှေကျင်မြို့ ရေဘေးကယ်ဆယ်ရေးကွပ်ကဲရေးရုံးသို့ နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိသည်။

မြစ်ရေကြီးမှုနှင့်ပတ်သက်၍ ရွှေကျင်မြစ်ရေ၏စိုးရိမ်ရေမှတ်သည် ၇၀၀ စင်တီမီတာနှင့် စစ်တောင်းမြစ်ရေ၏စိုးရိမ်ရေမှတ်သည် ၁၀၇၀ စင်တီမီတာတို့ဖြစ်သည်။ ဇူလိုင် ၂၈ ရက် ည ၉ နာရီခွဲတွင် ရွှေကျင်မြစ်ရေသည် အမြင့်ဆုံး ၈၈၆ စင်တီမီတာနှင့် စစ်တောင်းမြစ်ရေသည် ၁၂၈၂ စင်တီမီတာအထိ မြင့်တက်လာမှုကြောင့် ရွှေကျင်မြို့နယ်အတွင်း ကယ်ဆယ်ရေးစခန်းပေါင်း ၅၄ ခု အိမ်ထောင်စု ၅၆၃၉ စု လူဦးရေ ၂၆၆၉၈ ဦးအထိ ပြောင်းရွှေ့ခဲ့ရသည်။ အဆိုပါပြောင်းရွှေ့နေထိုင်ကြသည့် ရေဘေးသင့်ပြည်သူများအား အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ဖွင့်လှစ်ထားရှိသော ရေဘေးကယ်ဆယ်ရေးကွပ်ကဲရေးရုံးသို့ နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိသည်။

အနယ်နယ်အရပ်ရပ်မှလှူဒါန်းသည့် စားသောက်စရာများနှင့်ထောက်ပံ့ရေးပစ္စည်းများကို ရေဘေးကယ်ဆယ်ရေးကွပ်ကဲရေးရုံးမှလက်ခံပြီး မြို့ပေါ်နှင့်ကျေးရွာများရှိ ကယ်ဆယ်ရေးစခန်းများသို့ အချိန်မီရောက်ရှိနိုင်ရေးအတွက် ရွှေကျင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများကကြီးကြပ်၍ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ဝိုင်းဝန်းကူညီမှုဖြင့် နေ့စဉ်ကယ်ဆယ်ရေးစခန်းများသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းဇော် (ပြန်/ဆက်)**

# လူသားချင်းစာနာမှု အကူအညီပေးရေးအဖွဲ့မှ ရေဘေးသင့်ဒေသများသို့ အလှူငွေများ သွားရောက်လှူဒါန်း

**ဒေးဒရဲ ဩဂုတ် ၃**

ဒေးဒရဲမြို့နယ် လူသားချင်းစာနာမှု အကူအညီပေးရေးအဖွဲ့သည် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၁ ရက်အထိ ဗိုလ်ချုပ်လမ်းနှင့် ပြည်တော်သာလမ်းထိပ်ရှိ မဏ္ဍပ်တွင် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ရေဘေးသင့်ပြည်သူများအား အကူအညီပေးနိုင်ရေး အလှူခံမှုများ ဆောင်ရွက်ခဲ့သည်။ ယခင်နှစ်က ဘဏ်လက်ကျန်ငွေ ကျပ် ၁၀ သိန်းနှင့် ယခုအလှူခံရရှိငွေစုစုပေါင်း ငွေကျပ် ၇၅၃၂၀၀၀ တို့အား စုပေါင်း၍ ရေဘေးသင့်ပြည်သူများထံသို့ ဩဂုတ် ၂ ရက်တွင် သွားရောက်အကူအညီပေးကာ လှူဒါန်းသွားခဲ့ကြောင်း သိရှိရသည်။

**ဝင်းမော်(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးတွင် စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ၁၆၀၀၀၀ ကျော် ထုတ်ပေး

**မကွေး ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းစီမံချက်အား ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁ ရက် မှ ၂၀၂၀ ပြည့်နှစ်အထိ စီမံချက်ရေးဆွဲကာ (ပ+ဒု+တ)အဆင့်များခွဲ၍ဆောင်ရွက်ခဲ့ရာ လူဦးရေ ၁၆၀၀၀၀ ကျော်အား နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးနိုင်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီး အလုပ်သမားလူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးမြင့်ဆွေထံမှ သိရသည်။

အဆိုပါစီမံချက်၏ ၁-၁၁-၂၀၁၆ မှ ၃၁-၃-၂၀၁၈ ကာလအတွင်းပထမအဆင့် ငါးလ၊ ဒုတိယအဆင့် လေးလနှင့် တတိယအဆင့် သုံးလခွဲ၍ဆောင်ရွက်ခဲ့ရာ ရပ်ကွက်(၁၂၄) ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၀၃၆ အုပ်စု၊ စာသင်ကျောင်း ၁၀၅၄ ကျောင်းတို့မှ အသက်(၁၀)နှစ်ပြည့် ၁၁၇၆၆၄ ဦး၊ အသက်(၁၈)နှစ်ပြည့် ၄၉၃၀၃ ဦး စုစုပေါင်း ၁၆၆၉၆၇ ဦးတို့အား ထုတ်ပေးနိုင်ခဲ့သည်။

နိုင်ငံသားစိစစ်ရေးကွင်းဆင်းစီမံချက်ဆောင်ရွက်ခဲ့ရာတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကွင်းဆင်းကုန်ကျစရိတ်ထုတ်ပေးခဲ့ရာ ပထမငါးလစီမံချက်အတွက် ၁၃၃၁၀၆၀၀ ကျပ်၊ ဒုတိယလေးလစီမံချက်အတွက် ၁၅၉၀၉၅၀၀ ကျပ်၊ တတိယသုံးလစီမံချက်အတွက် ၁၁၃၂၈၅၀၀ ကျပ်အား ထောက်ပံ့ပေးခဲ့ပြီး ယခုအခါ စတုတ္ထလေးလတာစီမံချက်အား ၁-၇-၂၀၁၈ မှ ၃၁-၁၀-၂၀၁၈ အထိ သတ်မှတ်ထားပြီး နိုင်ငံသားစိစစ်ရေးကတ်များထုတ်ပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

**မေသူလွင်(မကွေး-ကိုယ်ပွား)**



## တနိုင်းမြို့၌ အပြည်ပြည်ဆိုင်ရာ ကျားများနေ့ အခမ်းအနားကျင်းပ

**တနိုင်း ဩဂုတ် ၃**

အပြည်ပြည်ဆိုင်ရာ ကျားများနေ့အခမ်းအနားကို ဩဂုတ် ၁ ရက်က ကချင်ပြည်နယ် တနိုင်းမြို့ ပုန်ခုန်းရပ်ကွက်ရှိ ဟူးကောင်းခန်းမ၌ ကျင်းပရာ တနိုင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနမှ ကျားထိန်းသိမ်းရေးဦးစီးမှူး ဦးမင်းနိုင်ဦးက ကျားထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကိုလည်းကောင်း၊မြို့နယ်ဥပဒေအရာရှိ ဦးဇော်မင်းနိုင်က သဘာဝနယ်မြေထိန်းသိမ်းခြင်းဆိုင်ရာဥပဒေနှင့် တရားမဝင်တောရိုင်းတိရစ္ဆာန်များ သတ်ဖြတ်ရောင်းချခြင်းဆိုင်ရာ ဥပဒေများနှင့် ပြစ်မှုပြစ်ဒဏ်များအားလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ ကျားများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အင်အား ၃၀၀ ကျော်တက်ရောက်၍ တက်ရောက်လာသူများအား ကျားထိန်းသိမ်းခြင်းဆိုင်ရာနှင့် မျိုးတုံးပျောက်ကွယ်လုနီးသည့် တောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းခြင်းလုပ်ငန်းနှင့်စပ်လျဉ်းသည့် လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**



## သထုံတွင် ရေဘေးသင့်နေသူများအား ထိရောက်သောကူညီလှူဒါန်းမှုများ ဆောင်ရွက်နေ

**သထုံ ဩဂုတ် ၃**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ရေကြီးရေလျှံမှုများကြောင့် ဘေးဒုက္ခရောက်နေသူများအတွက် ထိရောက်သော ကူညီလှူဒါန်းမှုများကို မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီမှ ဦးဆောင်မှုဖြင့် စနစ်တကျဆောင်ရွက်နေကြောင်း သိရသည်။

မြို့နယ်ရေဘေးကယ်ဆယ်ရေးကြီးကြပ်ကွပ်ကဲမှုရုံးကို ခရိုင်မီးသတ်ဦးစီးဌာနရုံးနေရာ၌ ယာယီဖွင့်လှစ်ထားပြီး ရေဘေးအတွက် နေ့စဉ်လာရောက်လှူဒါန်းမှုများအား လက်ခံရယူခြင်းနှင့် ပြန်လည်ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးနေကြောင်း မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက ပြောသည်။

“သွားလာရခက်ခဲတဲ့နေရာတွေအထိ ရောက်အောင်ပို့ပေးနေပါတယ်။ ကွပ်ကဲရေးရုံးမှာ လာလှူကြသလို အဖွဲ့အလိုက် မိမိအစီအစဉ်နဲ့မိမိ သွားလှူကြတာလည်းများတယ်”ဟု ဦးသိန်းဝင်းက ပြောသည်။

မွန်ပြည်နယ်အတွင်း ဇူလိုင်လနောက်ဆုံးအပတ်မှစတင်ကာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သထုံမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၄ ရွာတို့၌ ရေကြီးရေလျှံမှုများဖြစ်ပွားပြီး လူဦးရေ ၁၂၀၀၀ ကျော် ရေဘေးဒဏ်ခံနေရသဖြင့် အနယ်နယ်အရပ်ရပ်မှ အဖွဲ့အစည်းပေါင်း ၅၀ ခန့်တို့က ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၁ ရက်အထိ ဆန် ၈၀၅ အိတ်၊ ရေသန့် ၂၄၁၆ ကတ်၊ ဆီ ၃၂၁ ဗါ၊ ခေါက်ဆွဲခြောက် ၃၂၈ ဗါ၊ ငါးသေတ္တာ ၁၀ ဗါ၊ လူသုံးကုန်ပစ္စည်းမျိုးစုံ ၅၆ အိတ်နှင့် ငွေသားကျပ် ၁၃၆ သိန်းကျော်တို့အား လာရောက်ကူညီလှူဒါန်းခဲ့ကြပြီး လှူဒါန်းမှုများအား မြို့နယ်ရေဘေးကယ်ဆယ်ရေးကြီးကြပ်ကွပ်ကဲမှုရုံးမှတစ်ဆင့် ရေဘေးသင့်ပြည်သူများထံ အရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**



## ရေသန့်စက်ရုံများအား သတ်မှတ်စည်းကမ်းချက်များ လိုက်နာမှုရှိ၊ မရှိ ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်သွားမည်

**မန္တလေး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေသန့်စက်ရုံများကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာမှုရှိ၊ မရှိ ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၎င်းဌာနမှ ရေသန့်စက်ရုံများကို ရှောင်တခင်စစ်ဆေးမှုများပြုလုပ်သွားမည့်အပြင် ရေများတွင် ဓာတုဆေးဝါး ပစ္စည်းများ ပါဝင်မှုရှိ၊ မရှိကိုလည်း ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကာ သတ်မှတ်စည်းကမ်းနှင့်ကိုက်ညီမှုမရှိသည့် ရေသန့်စက်ရုံများတွေ့ရှိပါက ယာယီပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ “မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ရေသန့်စက်ရုံပေါင်း ၂၀၀ ကျော်ရှိပါတယ်။ အဲ့ဒီစက်ရုံတွေကိုစစ်ဆေးလို့ စည်းကမ်းချက်နဲ့မညီရင် ယာယီပိတ်သိမ်းခိုင်းတယ်။ သူတို့ရောင်းချနေတဲ့ရေတွေကို ဓာတ်ခွဲစစ်ဆေးလို့ စစ်ဆေးတဲ့ရလဒ်ထဲမှာ ဓာတုပစ္စည်းတွေပါတယ်ဆိုရင်တော့ ဥပဒေနဲ့အညီ အရေးယူသွားမှာပါ”ဟု ၎င်းကပြောသည်။

လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ ၂၀၁၆ ခုနှစ်က စစ်ဆေးမှုများပြုလုပ်ခဲ့ရာတွင် စည်းကမ်းနှင့် ကိုက်ညီမှုမရှိသည့် ရေသန့်စက်ရုံ ၁၂ ရုံ၊ ၂၀၁၇ ခုနှစ်စမှစ၍ လက်ရှိအချိန်ထိ စက်ရုံ ၁၅ ရုံကို ယာယီပိတ်သိမ်းမှုများပြုလုပ်ထားကာ ပြန်လည်ဖွင့်လှစ်နိုင်ရန် ထပ်မံစစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ဓာတုပစ္စည်းများ အသုံးပြုထားသည်ကိုတွေ့ရှိပါက ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

“ကျွန်တော်တို့ ဌာနရဲ့ ထောက်ခံချက်လက်မှတ်ရအောင် ရေသန့်စက်ရုံတွေကို အခန်းဖွဲ့စည်းပုံ၊ လုပ်သားဝတ်စုံ၊ ရေအရည်အသွေးတွေကို စစ်ဆေးပါတယ်။ ကိုက်ညီရင်တော့ လက်မှတ်ထုတ်ပေးတယ်။ ထုတ်ပေးပြီးရင်လည်း ရှောင်တခင်စစ်ဆေးမှုတွေကို လုပ်ဆောင်ပါတယ်။ ဒီလိုစစ်ဆေးတဲ့အခါမှာ စည်းကမ်းကိုက်ညီမှုမရှိတာတွေ့ရင် ဒဏ်ငွေကျပ်သုံးသောင်းနဲ့ ထောင်ဒဏ်သုံးနှစ်အထိချလို့ရပါတယ်”ဟု ၎င်းက ဆက်လက်ပြောဆိုသည်။ မန္တလေးတိုင်းဒေသကြီးအတွင်းတွင် ရေသန့်စက်ရုံများတည်ဆောက်မှုမှာ ၂၀၁၀ နောက်ပိုင်းမှစတင်၍ တဖြည်းဖြည်းများပြားလာခဲ့ပြီး ယခုအခါ ရေသန့်စက်ရုံပေါင်း ၂၀၀ ကျော်ရှိကာ ထပ်မံဖွင့်လှစ်ရန်အတွက် တင်ပြလာသည့် အရေအတွက်မှာလည်း များပြားလျက်ရှိကြောင်း အဆိုပါဌာနမှ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရေတာရှည်မြို့နယ်၌ ဝက်တစ်ပိုင်တစ်နိုင်မွေးမြူသူများ အရှုံးခံရောင်းနေရ

**ရေတာရှည် ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း တစ်ပိုင်တစ်နိုင်မွေးမြူကြသည့် ဒေသဝက်မျိုးများ ဈေးနှုန်းအဆမတန်ကျဆင်းလာခြင်းကြောင့် အစာဖိုးကုန်ကျစရိတ်နှင့် မကာမိသည့်အတွက် အရှုံးခံကာ ရောင်းချနေရကြောင်း သိရသည်။

ကျေးရွာများတွင် တစ်ပိုင်တစ်နိုင်မိသားစုအတွက် ငွေစုဆောင်းမိစေရန် ဒေသဝက်မျိုးများကို ဝယ်ယူမွေးမြူလေ့ရှိကြပြီး ထိုစဉ်က ဝက်သားပေါက်တစ်ကောင်လျှင် ကျပ် ငါးသောင်းမှ ငါးသောင်းခွဲအထိပေးကာ ဝယ်ယူထားကြခြင်းဖြစ်သည်။ဝက်ဝယ်ယူပြီးသည်နှင့် ဝက်အစာဖြစ်သော ဆန်ကွဲ၊ ဖွဲနုများကိုပါ ဆက်စပ်ဝယ်ယူကြရသည့်အခါ ဆန်ခွဲတစ်အိတ်လျှင် ကျပ် ၁၈၀၀၀၊ ဖွဲနုတစ်အိတ်လျှင် ကျပ် ၁၁၀၀၀ နှုန်းပေါက်ဈေးရှိနေကာ တစ်ကောင်တည်းမွေးလျှင် တစ်လခန့်သာကျွေးနိုင်ပြီး အကောင်အရေအတွက်ပိုလျှင် ယခုထက်ကုန်ကျမှုများပြားလှကြောင်း ဝက်မွေးမြူထားသူတစ်ဦးက ပြောသည်။

လက်ရှိဈေးကွက်တွင် ဝက်သားပေါက်တစ်ကောင်လျှင် ကျပ် သုံးသောင်းခွဲသာဈေးရှိပြီး တစ်နှစ်သားအရွယ်ဆိုရင် အရင်က နှစ်သိန်းနဲ့အထက်ဈေးရတယ်၊ အခုကျတော့ ရှစ်သောင်းနဲ့တစ်သိန်းတောင်အနိုင်နိုင်ဖြစ်ကုန်တာ၊ ဝယ်မယ့်သူကိုမလာလို့ အရပ်လည်ပြီး အသားပေါ်ရောင်းပြန်တော့ တစ်ပိဿာမှ ၃၅၀၀ ပဲရောင်းရတော့ တအားရှုံးတာပေါ့၊ အစာဖိုးတောင်ပြန်မရတော့ဘူး ”ဟု ၎င်းကပင် ဆက်လက်ပြောကြားသည်။

ယခုကဲ့သို့ ဒေသဝက်မျိုးများ အရောင်းကျဆင်းမှုသည် အသားတိုးဝက် CP ဝက်မျိုးများ မွေးမြူရောင်းချမှုတွင်ကျယ်လာခြင်းကြောင့်ဖြစ်ကြောင်း သိရှိရပြီး အဆိုပါ အသားတိုးဝက်ဈေးနှုန်းမှာ ၁၀ ကီလိုရှိ ဝက်သားပေါက်တစ်ကောင်လျှင် ကျပ်ခုနစ်သောင်းခွဲနှင့် ကျပ် ရှစ်သောင်းအထိ ပေါက်ဈေးရှိကြောင်း မြို့နယ်တိရစ္ဆာန်မွေးကုဦးစီးဌာနမှ ဒေါက်တာဇော်မင်းနိုင် ကပြောကြားသည်။ထို့သို့ ကျေးလက်ဒေသများတွင် ဝက်ဈေးနှုန်းကျဆင်းသော်လည်း မြို့အသီးသီးရှိ စည်ပင်သာယာဈေးအတွင်း ဝက်ဒိုင်အဖြစ်ရောင်းချသူများအနေဖြင့် အသားဈေးနှုန်းချခြင်းမရှိဘဲ တစ်ပိဿာလျှင် ကျပ် ၅၅၀၀ ကျပ်ဖြင့် ရောင်းချနေဆဲဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## ပူတာအိုရှိ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ ဥပဒေရှင်းလင်း

**ပူတာအို ဩဂုတ် ၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်က ကြီးမှူးကျင်းပသော ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝ ထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ ၂၀၁၈ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၂) အား ရှင်းလင်းခြင်းအခမ်းအနားကို ဩဂုတ် ၁ ရက်က ပူတာအိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးအောင်မောင်းက တောရိုင်းတိရစ္ဆာန်ဆိုသည်မှာ၊ သဘာဝအပင်ဆိုသည်မှာ၊ သဘာဝနယ်မြေဆိုသည်မှာ၊ အခန်း(၄) ပုဒ်မ(၈) ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေတည်ထောင်ခွင့်တို့ကို အသေးစိတ်ရှင်းလင်းသည်။ ဆက်လက်၍ ကာကွယ်ထိန်းသိမ်းမှုအဆင့်သုံးမျိုးဖြစ်သည့် လုံးဝကာကွယ်ထားသောတောရိုင်းတိရစ္ဆာန်များအကြောင်း၊ သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များအကြောင်း၊ ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးသည်။ အဆိုပါအခမ်းအနားတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်စု စာရေးဝန်ထမ်းများအား ရှင်းလင်းဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ကရင်ပြည်နယ်အတွင်း ၅၄၄၁၄ ဧက ရေလွှမ်းခံခဲ့ရပြီး ယနေ့အထိ ၁၇၄၃၁ ဧက ပြန်ပေါ်လာ၊ ဧက ၃၆၉၀၀ ကျော်မှာ ရေလွှမ်းမိုးလျက်ရှိ

နေပြည်တော် ဩဂုတ် ၃

**ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုများကြောင့် မိုးစပါးသီးနှံရေကြီးနစ်မြုပ်မှုမှာ ဩဂုတ် ၃ ရက်အထိ ကျေးရွာပေါင်း ၂၂၂ ရွာမှ တောင်သူ ၉၈၅၄ ဦး၏ စိုက်ပျိုး ပြီးဖြစ်သော မိုးစပါး ၁၉၁၂၂၅ ဧက အနက် ရေလွှမ်းမိုးခြင်းခံခဲ့ရသည့် စိုက်ပျိုးဧက ၅၄၄၁၄ ဧကရှိခဲ့သည်။ အဆိုပါ ရေလွှမ်းမိုးခံခဲ့ရသည့် စိုက်ခင်းများအနက် ၁၇၄၃၁ ဧက ပြန်ပေါ်လာပြီး ဧက ၃၆၉၈၃ ဧကကျော်မှာ ယနေ့အချိန်အထိ ရေလွှမ်းမိုးလျက်ရှိနေသေးကြောင်း ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။**

ဘားအံမြို့နယ် အတွင်း ရေနစ်မြုပ်မှုကြောင့် ပျက်စီးသွားသည့် စိုက်ခင်းဧရိယာမှာ အများဆုံးဖြစ်ပြီး ဧက ၃၇၃၀ ကို ပြန်လည်စိုက်ပျိုးရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စိုက်ခင်းများ ရေလွှမ်းမိုးခံရမှုမှာ ဇူလိုင် ၂၆ ရက်မှ ၂၉ ရက်အတွင်း သံလွင်မြစ်၏ အမြင့်ဆုံး ရေမှတ်သို့ ရောက်ရှိချိန်အတွင်း အများဆုံး ရေလွှမ်းမိုးခံခဲ့ရခြင်းဖြစ်သည်။ အဆိုပါ ရေကြီးရေလျှံမှုကြောင့် ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း တောင်သူ ၆၀၁၂ ဦး၏ ရေလွှမ်းဧရိယာ ဧက ၄၂၄၈၀၊ လှိုင်းဘွဲ့မြို့နယ်အတွင်းမှ တောင်သူ ၈၉၉ ဦး၏ ရေလွှမ်းဧရိယာ ၃၀၉၁ ဧက၊ ပိုင်ကျုံမြို့နယ်အတွင်းမှ တောင်သူ ၄၇၃ ဦး၏ ၁၅၁၇ ဧက၊ ဖာပွန်မြို့နယ်အတွင်းမှ တောင်သူ ၃၅ ဦး၏ ရေလွှမ်း ဧရိယာ ၁၁၁ ဧက၊ ကမမောင်းမြို့နယ်အတွင်းမှ တောင်သူ ၂၂၈ ဦး၏ ရေလွှမ်းဧရိယာ ၇၆၈ ဧက၊ ကော့ကရိတ်မြို့နယ်အတွင်းမှ တောင်သူ ၁၀၄၇ ဦး၏ ရေလွှမ်းဧရိယာ ၅၈၇၅ ဧက၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းမှ တောင်သူ ၁၈၇ ဦး၏ ရေလွှမ်းဧရိယာ ၂၄၅ ဧက၊ ဘုရားသုံးဆူမြို့နယ်အတွင်းမှ တောင်သူ ၃၆ ဦး၏ ရေလွှမ်းဧရိယာ ၃၄ ဧက၊ မြဝတီမြို့နယ်အတွင်းမှ တောင်သူ ၁၃၇ ဦး၏ ရေလွှမ်းဧရိယာ ၂၉၃ ဧက စုစုပေါင်း ရေလွှမ်းဧရိယာ ၅၄၄၁၄ ဧကရှိခဲ့ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းဇယားများအရ သိရသည်။

ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်များအတွင်း ယခုအခါ ရေများတဖြည်းဖြည်းကျဆင်းလျက်ရှိကာ ဩဂုတ် ၃ ရက်အထိ ရေလွှမ်းဧရိယာ ၅၄၄၁၄ ဧက အနက် ၁၇၄၃၁ ဧက ပြန်ပေါ်လာပြီဖြစ်ပြီး ၃၆၉၈၃ ဧက မှာ ယခုအချိန်အထိ ရေလွှမ်းမိုးလျက်ရှိနေသေးကြောင်း သိရသည်။ ထို့ပြင် ဖာပွန်ဒေသ ယွန်းစလင်းချောင်း နန်းပို့သွားသည့် စိုက်ခင်းများနှင့် ပိုင်ကျုံမြို့အတွင်းရှိ ချောင်းရေလျှံမှုများကြောင့် လမ်းများ ပျက်စီးကာ စိုက်ခင်းများအတွင်း သဲလွှမ်းကာ ပျက်စီးသွားသည့် မိုးစပါးစိုက်ခင်းဧရိယာ စုစုပေါင်းဧက ၁၀၀ ဝန်းကျင်ရှိကြောင်းသိရပြီး ရေလွှမ်းခံခဲ့ရသည့် စိုက်ပျိုးဧရိယာများအနက် ၁၀၁၉၇ ဧကမှာ အနည်းငယ်ထိခိုက်မှုများ ရှိသော်လည်း ၆၄၆၇ ဧကကို ပြန်လည်စိုက်ပျိုးရမည်ဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

ရေကြီးရေလျှံမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မိုးအစေ့ထုတ်ပြောင်းစိုက်ခင်းများမှာ မြဝတီမြို့နယ် မဲ့ပလဲဒေသ သောင်ရင်းမြစ်ရေကြောင့် ၁၆၇၇ ဧကရေမြုပ်ပြီး ပျက်စီးမှု ၁၃၆၃ ဧကရှိခဲ့ကြောင်း ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောသည်။

ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်း၌ ရေများပြန်လည် ကျဆင်းသွားသည့် လယ်ကွင်းများအား နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံများ၊ စိုက်ပျိုးရေးဝန်ထမ်းများ ပူးပေါင်း၍ နန်းတင်ကျန်ရှိသော လယ်ကွက်များ၌ ပြန်လည်ထွန်ယက်စိုက်ပျိုးမှုများ စတင်လုပ်ဆောင်နေပြီဖြစ်သည်။

ကော့ကရိတ်မြို့နယ်မြောက်ပိုင်း ထို့ကော်ကိုး၊ နဘူးတိုက်နယ်အတွင်း ရေကြီးနစ်မြုပ်ကျေးရွာများသို့ ခရိုင် မြေမျိုး၊ ပိုးတာဝန်ခံများ၊ မြို့နယ်ကွင်းဝန်ထမ်းများ ပူးပေါင်း၍ ထိခိုက်ပျက်စီးသွားသည့် စပါး စိုက်ဧကများ ပြန်လည်ထူထောင်ရေး ဟောပြောခြင်း၊ ဆွေးနွေးခြင်းနှင့် ကွင်းဆင်းနည်းပညာ ပေးခြင်းများကို တစ်ရွာဝင်တစ်ရွာထွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရေများ ကျဆင်းသွားပြီး ပြန်ပေါ်လာသည့် စိုက်ခင်းများအား စိုက်ပျိုးနိုင်စွမ်းအား မလျော့စေရန်အတွက် ပြန်လည်ပြုစုခြင်း၊ အချိန်မီ ပြန်လည်စိုက်ပျိုးခြင်း၊ အစားထိုးသီးနှံပြောင်းလဲစိုက်ပျိုးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ယခုနှစ် စိုက်ပျိုးရာသီကာလ ဇူလိုင်လကုန်အထိ အကွက်အလိုက် ပျက်စီးမှု၊ ဖျက်ဆီးမှုများ မရှိသေးသော်လည်း ရေများပြန်လည်ကျဆင်းသွားပြီးနောက် ကြွင်းကျန်ရစ်သော ခရုများ ဥချထားမှု၊ ချောင်းများ၊ မြောင်းများမှ ရေဖြင့်ပါလာသော ခရုများကို တွေ့ရှိနေရကြောင်း သိရသည်။ ရေလွှမ်းမိုးမှုကြောင့် ခရုများပေါက်ပွားမှု အနည်းငယ်သာလျော့နိုင်ပြီး ခရုများသည် ရေအမြင့်လွတ်ရာသို့တက်၍ ဥချထားမှုများကို သံလွင်မြစ်ကြောင်းရေလွှမ်းမိုးသော ကျေးရွာများသို့ စိုက်ပျိုးရေးဝန်ထမ်းများ ကွင်းဆင်းရာတွင် တွေ့ရှိနေရသဖြင့် တောင်သူများအနေဖြင့် ခရုဖျက်ပိုးရန်ကို မမေ့မလျော့ဘဲ ဥများကို ချက်ချင်းဖျက်ဆီးခြင်း၊ တစ်ပိုင်တစ်နိုင်ကောက်ယူခြင်း၊ ခရုစုပ်ငှက်များကို ကာကွယ်ခြင်းတို့ ဆောင်ရွက်ရန် အသိပေးနှိုးဆော်ထားပြီး တောင်သူများအနေဖြင့် လိုအပ်သော နည်းပညာ အကြံဉာဏ်များ တောင်းခံနိုင်ကြောင်း ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**



ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်း ရေများပြန်လည်ကျဆင်းသွားသည့်အတွက် စပါးများပြန်လည်စိုက်ပျိုးနေစဉ်။




**ရေဘေးသင့် ပြည်သူများအတွက် ကြည့်မြင်တိုင်မြို့နယ်နေ သုဓမ္မဇောတဓရ ဦးအောင်သန်းစိန်နှင့် ဇနီးဒေါ်အေးမြင့်သန်း၊ သမီး မစိုးစိုးသန်း (အောင်ရတနာ သက်န်းတိုက်)မိသားစုက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ဩဂုတ် ၂ ရက်က ငွေကျပ်သိန်း၁၀၀ လှူဒါန်းရာ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက လက်ခံယူစဉ်။** တင်ဝင်းလေး (ကြည့်မြင်တိုင်)

## ကရင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်း

**ဘားအံ ဩဂုတ် ၃**

ကရင်ပြည်နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် သံလွင်မြစ်ရေ မြင့်တက်လာမှုကြောင့် ရေဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ပြည်သူများအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဇူလိုင် ၃၁ ရက်အထိ ငွေကျပ် ၆၁၄၉၁၂၅ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ရေဘေးသင့်အိမ်ထောင်စု ၇၂၄စု၊ ကမမောင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်အိမ်ထောင်စု ၃၆၉စုတို့အတွက် ဆန်အိတ် ၁၅၀၊ ခေါက်ဆွဲခြောက်ဖာ ၂၀ နှင့် ရေသန့်ဘူးကတ် ၅၅၀၊ ရေသန့်ဆေးပြား ၃၀၀၀ တို့ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## တနင်္သာရီမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်များက လာရောက်ထောက်ပံ့

**တနင်္သာရီ ဩဂုတ် ၃**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင် ၁၅ ရက်မှစ၍ ယနေ့အထိ မြစ်ရေကြီးလျက်ရှိပြီး ယာယီကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေကြရသော အိမ်ထောင်စု ၁၁၀၉စု တို့မှ ရေဘေးသင့်ပြည်သူ အမျိုးသား ၂၈၈၄ ဦးနှင့် အမျိုးသမီး ၂၇၇၄ ဦး စုစုပေါင်း ၅၆၅၈ ဦးတို့အတွက် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်မိတ ပြည်သူများက ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

### ထောက်ပံ့ လှူဒါန်းခဲ့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထားဝယ်မြို့နယ်၊ လောင်းလုံးမြို့နယ်၊ သရက်ချောင်းမြို့နယ်၊ မြိတ်ခရိုင် မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်တို့မှ အဖွဲ့ချုပ်အဖွဲ့ဝင်များ၊ လူငယ်လုပ်ငန်းအဖွဲ့များစုပေါင်း၍ ဩဂုတ် ၂ ရက်က ငါးသေတ္တာ ပါကင် ၁၂၀၊ ဆန်အိတ် ၂၀၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် ရေသန့်ဘူးများ၊ အဝတ်အထည်များနှင့် ရေဘေးပြန်လည်ထူထောင်ရေးအတွက် အလှူငွေကျပ် ၂၄၅၅၅၀၀ ကို လည်းကောင်း၊ မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေး(ဗဟို) ကိုယ်စားဥက္ကဋ္ဌ ဒေါ်အိရွှေစင်၊ ဒုဥက္ကဋ္ဌ ဦးလှကြည်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း(မြိတ်ခရိုင်)မှ အလှူငွေကျပ် ၄၁၅၀၀၀ ကို လည်းကောင်း။

မြိတ်ခရိုင်အတွင်းမှ သတ္တုတူးဖော်ထုတ်လုပ်နေသော ကုမ္ပဏီများ စုပေါင်း၍ ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ငါးပြည့်ဝင် ဆန်အိတ် ၅၀၀ ကို လည်းကောင်း၊ မြိတ်မြို့ ဦးအောင်ကျော်မြင့်နှင့် ဦးထွန်းထွန်းနိုင်(ကိုထွန်း-ဘိတ်) တို့က အလှူငွေကျပ်သိန်း ၂၀၊ Kyaw Maw 19 Co.,Ltd မှ ကာလတန်ဖိုး ငွေကျပ် ၁၀ သိန်းဖိုးရှိ ဆန်အိတ်များကို လည်းကောင်း၊ မြိတ်ခရိုင် ပလောက်မြို့မှ ဟိတကာရီလူမှုကူညီမှုအသင်းမှ အလှူငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့ Old Star အားကစားအထောက်အကူပြုအဖွဲ့မှ အလှူငွေကျပ် တစ်သိန်းကို လည်းကောင်း ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

### လက်ခံရယူ

ယင်းလှူဒါန်းငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ တိုင်းဒေသကြီးအမှတ်(၂)ကိုယ်စားလှယ် ဦးရဲမြင့်ဆွေနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များက လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## ဖလမ်း၌ သဘာဝဘေးအန္တရာယ်လျော့ပါးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**ဖလမ်း ဩဂုတ် ၃**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဌာဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းကျင်းပသည့် သဘာဝဘေးအန္တရာယ်လျော့ပါးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့မွန်းလွဲ ၂ နာရီက ဖလမ်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ဇုန်လွယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖလမ်းခရိုင် ဦးစီးအရာရှိ ဦးရှိန်းတမ်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်တာဝန်ခံ ဦးကျော်ကိုကိုနှင့် ဦးဆောင်ဆွေးနွေးသူများက သဘာဝဘေးကြုံတွေ့လာပါက ကူညီကယ်ဆယ်ဆောင်ရွက်ရသည့်အကြောင်းအရာများကို ဆွေးနွေးကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးကြသည်။




(**အပေါ်ပုံ**)ပြည်သူ့စကားဝိုင်းတွင် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ NGO အဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ CISS သင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းတံတားများ ရေလွှမ်းမိုးမှုဖြစ်ပေါ်

**ဘုရားသုံးဆူ ဩဂုတ် ၃**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့မှ ကြာအင်းဆိပ်ကြီးသွားရာလမ်း ကြာအင်းဆိပ်ကြီးမြို့အဝင်ချောင်းဝတံတားနှင့် အနီးနားပတ်ဝန်းကျင်ကားလမ်းမများ၌ ဇူလိုင် ၂၂ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ကာ ခရီးသွားပြည်သူများ အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် ကြာအင်းဆိပ်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံများက ပူးပေါင်း၍ ခရီးသည်များ၊ မော်တော်ဆိုင်ကယ်များအား စက်လှေများဖြင့် ကမ်းကူးပေးခြင်း၊ ယာဉ်ငယ်များအား ဖောင်ဖြင့်ကမ်းကူးပေးခြင်းတို့ကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ ဩဂုတ်၂ ရက် မွန်းတည့် ၁၂ နာရီ အထိ ချောင်းရေမှာ အနည်းငယ်ကျဆင်းခဲ့သော်လည်း ထိုချောင်းဝတံတားအား ကုန်တင်ယာဉ်ကြီးများသာ ခက်ခဲစွာဖြတ်သန်းသွားလာနိုင်သဖြင့် ယာဉ်ငယ်များနှင့်ခရီးသည်များ၊ မော်တော်ဆိုင်ကယ်များအား စက်လှေများ၊ ဖောင်များဖြင့် သွားလာမှုအဆင်ပြေစေရေး ဆက်လက်ဆောင်ရွက်ပေးနေကြောင်း သိရသည်။ **အောင်သူဟိန်း(ပြန်/ဆက်)**

# “ဣတ္ထိယ” ရုပ်ရှင်ဇာတ်ကား ဩဂုတ် ၁၀ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

ရန်ကုန် ဩဂုတ် ၃

**စိန်ငွေးရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်သည့် “ဣတ္ထိယ” ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲ အခမ်းအနားကို ဩဂုတ် ၂ ရက် ညနေ ၆ နာရီခွဲ က ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဩဂုတ် ၁၀ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**



ဒါရိုက်တာ ကိုဇော် (အာရုဏ်ဦး)


သရုပ်ဆောင် အလင်းရောင်


သရုပ်ဆောင် ခိုင်သင်းကြည်


သရုပ်ဆောင် ယွန်းရွှေရည်

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ကိုဇော်(အာရုဏ်ဦး)က ရိုက်ကူးထားခြင်းဖြစ်ပြီး ငယ်စဉ်ကတည်းက မိဘများဆုံးပါးသွား၍ ဘဝကိုကြမ်းတမ်းခက်ခဲစွာ နေထိုင်ဖြတ်သန်းရင်း စိတ်ကြမ်းလူကြမ်းများဖြစ်လာခဲ့ရသော ညီအစ်မသုံးဦးတို့၏ နေထိုင်မှုပုံစံအလွဲများ ၊မိမိဘက်ကမည်မျှပင် မှန်ကန်နေစေကာမူ မိမိကိုယ်ပိုင်ဥပဒေဖြင့် ဆုံးဖြတ်၍မရနိုင်ဘဲ တရားဥပဒေဘောင်အတွင်းက ဖြေရှင်းရမည်ဆိုသည့် အကြောင်းအရာအသိအမြင်များ၊ ရွာသူရွာသားများက အစပြု၍ ကမ္ဘာသူ၊ ကမ္ဘာသားများအဆုံး အားလုံးသော သက်ရှိလူသားတို့အနေဖြင့် မိမိတို့နေထိုင်ရာ အဝန်းအဝိုင်းအတွင်း၌ စည်းလုံးညီညွတ်စွာ ချစ်ချစ်ခင်ခင် နေထိုင်ခြင်းသည်သာ အမှန်ကန်ဆုံးသော နေထိုင်မှုလမ်းစဉ်ဖြစ်ကြောင်း ပညာပေးသည့် သဘောဖြင့် ရည်ရွယ်ကာ ဟာသသဘော ရောစွက်ရိုက်ကူးထားခြင်းဖြစ်သည်။

### ပညာပေးဇာတ်လမ်းအမျိုးအစား

ယင်း ရုပ်ရှင်ဇာတ်ကားတွင် အလင်းရောင်၊ ဖွေးဖွေး၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊ ခင်လှိုင်နှင့် အခြားသော အနုပညာရှင်များစွာဖြင့် ပုံဖော်ထားကာ အချစ်၊ ဟာသ၊ အက်ရှင်ဇာတ်ကြမ်း၊ ပညာပေးဇာတ်လမ်းအမျိုးအစား ရုပ်ရှင်ဇာတ်ကားကြီးဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ ကိုဇော်(အာရုဏ်ဦး)က “အခုဆိုရင် နယ်တွေမှာ အရွယ်ရောက်တဲ့ ယောကျ်ားတွေက ကိုယ့်ဒေသမှာ အလုပ်မလုပ်ကြတော့ဘဲနဲ့ နိုင်ငံခြားကိုထွက်ပြီးအလုပ်လုပ်ကြတော့ သက်ကြီးရွယ်အိုတွေနဲ့ မိန်းမတွေပဲ ကျန်ခဲ့တယ်။ အဲ့ဒီတော့ တစ်ရွာလုံးမှာ မိန်းမတွေပဲရှိတဲ့အတွက်ကြောင့် ဣတ္ထိယလို့ နာမည်ပေးလိုက်တာပါ။ ဒီဇာတ်ကားလေးကတော့ ကျွန်တော်ရိုက်ခဲ့တဲ့ ဇာတ်လမ်းတွေထဲမှာ မတူတဲ့ပုံစံတစ်မျိုးနဲ့ တင်ဆက်ပေးထားတာပါ။ မင်းသမီးသုံးယောက်ကို အဓိကအနေနဲ့ တင်ပြထားတာပါ။ ပထမဆုံးဇာတ်ကို စဉ်းစားတယ်။ ပြီးတော့မှ မင်းသမီးတွေကို အခြေခံပြီးတော့မှ ဇာတ်ကိုပြန်ယူခဲ့ရတာပါ။ မင်းသားဦးစားပေး မဟုတ်တော့ဘဲနဲ့ မင်းသမီးဦးစားပေးဖြစ်သွားတာပါ။ ရွာမှာ တစ်ယောက်တစ်မျိုးပုံစံတွေနဲ့ နေကြတယ်။ စိုးမြတ်သူဇာက မြို့နဲ့ရွာကို ထော်လာဂျီ မောင်းတယ်။ ခိုင်သင်းကြည်ကတော့ ငွေတိုးချေးစားတယ်။ ဖွေးဖွေးကတော့ မင်္ဂလာဆောင်လိုမျိုးတွေကို ကန်ထရိုက်ယူတာမျိုးတွေ လုပ်တယ်။ အဲဒီလိုပုံသဏ္ဍာန် ဇာတ်ရုပ်မျိုးပါ။ တစ်ယောက်တစ်မျိုးစီ ဇာတ်ရုပ်တွေ ပေးထားပါတယ်။ အပြင်မှာလည်း တချို့ကျေးရွာတွေမှာ ဒီလိုမျိုးပုံစံတွေ ရှိပါတယ်။ အဲဒီလိုဟာမျိုးတွေကို အခြေခံထားတာပါ”ဟု ပြောသည်။

### ပရိသတ်အတွက် ဟာသရသ ပေးစွမ်းနိုင်

သရုပ်ဆောင် အလင်းရောင်က “အဓိက ကတော့ ဒီကားမှာ မခိုင်လေးရယ်၊ မကြီးစိုးရယ်၊ ဖွေးဖွေးရယ် သူတို့သုံးယောက်ရဲ့ဇာတ်ပါ။ ကျွန်တော်ကတော့ ဒီကားမှာ ပါဝင်ပံ့ပိုးတဲ့အနေနဲ့ပဲ သရုပ်ဆောင်ရတာပါ။ ကျွန်တော်က ဟာသတွေသိပ်မရဘူး။ ကျွန်တော့်မှာ လိုအပ်ချက်တွေတော့ ရှိနေဦးမှာပါ။ ဒီဇာတ်ကားရဲ့ အမှတ်တရဆိုရင်တော့ ကျွန်တော်က အသစ်တစ်ယောက်အနေနဲ့ ဇာတ်ကားတွေကို ကျွန်တော်ရိုက်တဲ့ အချိန်မှာ နှစ်ကားပြိုင် မရိုက်ဖူးဘူး။ အဲဒီတုန်းကတော့ ကားနှစ်ကားလာတိုက်နေတယ်။ နေ့ခင်းမှာ ဒီဘက်မှာလာရိုက်တယ်။ ညပိုင်းမှာ ဟိုဘက်မှာ သွားရိုက်ရတာဆိုတော့ ဇာတ်ရုပ်ပိုင်းမှာ အသစ်တစ်ယောက်အနေနဲ့ဆိုတော့ မကွဲတော့ဘူး။ နောက်ပိုင်းမှာတော့ အဲဒီလိုမလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ အဲဒါလေးကတော့ အမှတ်တရဖြစ်ရပါတယ်။ ဒီကားလေးကို ဩဂုတ် ၁၀ ရက်နေ့မှာ ရုံတင်ပြသမှာပါ။ ဒီကားလေးက ပရိသတ်အတွက် ဟာသရသ ပေးစွမ်းနိုင်မယ့် ကားလေးပါ”ဟု ပြောသည်။

သရုပ်ဆောင် ခိုင်သင်းကြည်က “ဒီဇာတ်ကားထဲမှာ မခိုင်လေးရဲ့နာမည်ကတော့ “သေးသေးတင်”ပါ။ ညီအစ်မသုံးယောက်ထဲမှာ အလတ်မပါ။ မခိုင်တို့ညီအစ်မသုံးယောက်က ဆတ်ဆတ်ထိမခံကြဘူးပေါ့။ ညီအစ်မတွေ သုံးယောက်လုံးကို လုံးဝထိလို့မရဘူး။ ကိုယ်တို့ကပဲ ဗိုလ်ဖြစ်ချင်တာမျိုးပါ။ ဒီဇာတ်ကားထဲမှာ သုံးယောက်တွဲတာ လိုက်ဖက်တယ်လို့ ခံစားရပါတယ်။ ဖိုက်တင်တွေ ပါတဲ့အတွက်ကြောင့် တစ်နေ့တစ်နေ့ ထိုးပြီးရင် ညနေရောက်တော့ နာလိုက်တာ။ ပြေးရလွှားရတဲ့ အခန်းတွေဆိုရင်လည်း ပြေးလွှားခဲ့ရတယ်။ ထော်လာဂျီစီးတဲ့ အခန်းတွေမှာဆိုရင်လည်း မှောက်မှာစိုးရိမ်ခဲ့ရတယ်။ အဲဒီတုန်းက ရင်တွေလည်းတုန်ပြီး ဖိုက်တင်တွေပါတဲ့အတွက် ကိုယ်တွေလက်တွေလည်းနာခဲ့ရပါတယ်။ ဒီဇာတ်ကားလေးကတော့ ဣတ္ထိယ ဆိုတဲ့အတိုင်း မိန်းကလေးတွေလည်း များတယ်။ ဟာသလည်းပါမယ်။ ဖိုက်တင်အလွဲလေးတွေလည်း ပါတာဆိုတော့ မပျင်းရပါဘူး။ ပျော်လည်းပျော်ရမယ်။ ရယ်လည်းရယ်ရပါမယ်။ ပရိသတ်ကြီးကို ဖိတ်ခေါ်ပါတယ်”ဟု ပြောသည်။

### မိန်းကလေးတွေရဲ့ ဇာတ်ရုပ်ပိုင်း ပိုများ

သရုပ်ဆောင် ယွန်းရွှေရည်က “ဒီကားလေးကတော့ မိန်းကလေးတွေကို ဦးစားပေးထားတဲ့ ကားပါ။ ဒီကားမှာတော့ ညီမက ဖွေးဖွေးတို့ညီအစ်မတွေနဲ့ တစ်ရွာတည်းနေတယ်။ ဒါပေမယ့် သူတို့နဲ့ မတည့်ဘူး။အမြဲတမ်းရန်ဖြစ်နေကြတယ်။ နောက်ပိုင်းကျတော့ နိုင်ငံခြားသွားတဲ့ အချိန်မှာ လူကုန်ကူးခံရတာကို သိလိုက်တော့ သူတို့ညီအစ်မတွေက လာကယ်ပေးတယ်။ အဲဒီမှာ ပြန်ပြီးသင့်မြတ်သွားတယ်ဆိုတဲ့ပုံစံမျိုးပါ။ အမှတ်တရအနေနဲ့ကတော့ ပထမဆုံးစရိုက်တဲ့နေ့မှာပဲ ဒါရိုက်တာ ဦးဇော်က ညီအစ်မတို့ကို ရွှံ့ဗွက်အိုင်ထဲမှာ နေ့ခင်း ၂ နာရီကနေ ညနေ ၆ နာရီထိုးတဲ့အထိ နပန်းလုံးပြီး ထိုးကြိတ်နေရတယ်။ အဲဒါတွေက ပျော်စရာကောင်းသလို အမှတ်တရတွေလည်းဖြစ်ခဲ့ရပါတယ်။ ဒီကားလေးကတော့ မိန်းကလေးတွေက ဦးဆောင်ပြီး လုပ်ရတဲ့ အခါကျတော့ မိန်းကလေးတွေရဲ့ ဇာတ်ရုပ်ပိုင်းက ပိုများပါတယ်။ အားလုံးကတော့ ပေါ့ပေါ့ပါးပါးနဲ့ သရုပ်ဆောင်ထားကြတာဆိုတော့ မတူတဲ့ ဟာသကားတစ်မျိုးပါ။ ဒီကားထဲမှာဆိုရင် ကိုယ့်အိမ်၊ ကိုယ့်ရွာကို ခားပြတွေ လာတိုက်တဲ့အခါမှာ မိန်းကလေးတွေက ဦးဆောင်ပြီး တိုက်ထုတ်ကြတယ်။ အဓိက ကတော့ မိန်းမတစ်ယောက်ဟာ ကိုယ့်အားကိုယ်ကိုးလို့ရတယ်ဆိုတဲ့ ဇာတ်လမ်းမျိုးပါ” ဟုပြောသည်။

### ဇာတ်လမ်းအကျဉ်း

ဇာတ်လမ်းအကျဉ်းမှာ လုံးကြီးတင်၊ သေးသေးတင်နှင့် ဆံခတ်တို့ ညီအစ်မတို့သုံးဦးရှိကြ၏။ ငယ်စဉ်ကတည်းက မိဘများဆုံးပါးသွားခဲ့၍ ညီအစ်မသုံးဦးအား ဘဝကိုကြမ်းတမ်းခက်ခဲစွာ ရုန်းကန်ဖြတ်သန်းခဲ့ကြရင်း မိန်းကလေးမပီသစွာပင် ကြမ်းတမ်းခက်ထန်နေကြသူများဟုဆိုရမည်ပင်။ အစ်မအကြီးဆုံးဖြစ်သူ လုံးကြီးတင်က ပိုက်ဆံကို ဘယ်လိုနည်းနဲ့ရှာရမလဲဆိုတာကို အချိန်ပြည့်စဉ်းစားနေတတ်သူဖြစ်ပြီး အလတ်မ သေးသေးတင်ကတော့ ဟိုစပ်စပ်စုစု ဒီစပ်စပ်စုစုနှင့် တစ်ရွာလုံးရှိသတင်းမှန်သမျှ သူမသိတာ ဘာမှမရှိလောက်အောင်ပင်ဖြစ်၏။ အငယ်ဆုံးညီမဖြစ်သူ ဆံခတ်ကတော့ စိတ်ဆတ်သူစိတ်မြန်သူ၊ တစ်ခုခုဆိုလျှင် ပါးစပ်ဖြင့် သိပ်မပြော၊ လက်ကအရင်ပါပြီးသားပဲဆိုသည့် အစားထဲကဖြစ်၏။ ထိုညီအစ်မသုံးယောက်အား မကြာခဏ ထိပ်တုံးခတ်ပြစ်ဒဏ်ပေးရသော ရွာသူကြီးခမျာလည်း ကြာလာတော့ဆုံးမစကားပြောရင်း အမြုပ်တစီစီထွက်ကျလုမတတ်ပင် ဖြစ်ရလေသည်။ သို့သော် ဆံခတ်တို့ညီအစ်မတွေကတော့ သူတို့၏ အကျင့်စရိုက်ကို ပြောင်းလဲဖို့အစီအစဉ် လုံးဝမရှိတာ သေချာနေလေသည်။

ဆံခတ်တို့ ညီအစ်မသုံးယောက်နှင့် တစ်စက်ကလေးမှ မျက်နှာကြောမတည့်သည့်အပြင် မကြာခဏရန်ပွဲများတွင် ထိပ်တိုက်တွေ့လေ့ရှိသူကတော့ မိဂျမ်းဖြစ်၏။ တကယ်တော့ မိဂျမ်းဆိုသည်မှာလည်းဆံခတ်တို့ ညီအစ်မတစ်တွေ ရပ်ထဲရွာထဲ လူတွင်ကျယ်လုပ်နေသည်ကို မျက်စိစပါးမွေးစူးရာကအစပြုပြီး ကြည့်မရနိုင်အောင်ဖြစ်ခဲ့ခြင်းပင်။ မိဂျမ်းနှင့် အမြဲလိုလို ထိပ်တိုက်တွေ့နေတာကတော့ ဆံခတ်ဖြစ်၏။

လုံးကြီးတင်မှာ ရပ်ထဲရွာထဲတွင် အပေါင်ပစ္စည်းလက်ခံပြီး ပိုက်ဆံချေးသည့် အလုပ်လုပ်၏။ သို့သော် အကျိုးအမြတ်နည်းသည်ဟုဆိုကာ အမြတ်များများရမည့် အလုပ်မျိုးပြောင်းလဲလုပ်ကိုင်ချင်နေလေသည်။ ဆံခတ်နှင့် သေးသေးတင်တို့က ဟိုအလုပ်ပြောင်းလုပ်ကြည့်ပါလား၊ ဒီအလုပ်ဆိုရင်ရောစသည်ဖြင့် ပေါက်တတ်ကရ အကြံတွေဝိုင်းပေးကြရင်းက မင်္ဂလာဆောင်ကန်ထရိုက်ယူမည့် အစီအစဉ်ကို အကောင်အထည်ဖော်ရန် ဖြစ်လာလေ၏။ ဖိုးလုံးနှင့်မိချောတို့ ချစ်သူနှစ်ဦးမှာ လက်ထပ်မင်္ဂလာဆောင်နှင်းချင်သည်မှာ တစ်ပိုင်းသေနေသော်လည်း လက်ထဲတွင် စုမိဆောင်းမိ မရှိသဖြင့် အကြံအိုက်နေစဉ် လုံးကြီးတင်မှ မင်္ဂလာဆောင်စရိတ် သူထုတ်ပေးမည်၊ ရသည့်လက်ဖွဲ့များအား သူ့ကိုပေးရမည်ဟု သဘောတူညီမှုဖြင့် နှစ်ဦးနှစ်ဖက်ညှိနှိုင်း အဆင်ပြေသွားကြလေ၏။ သို့သော်လည်း မင်္ဂလာလက်ဖွဲ့များကို တွက်ချက်စစ်ဆေးကြည့်ရာတွင် လုံးကြီးတင် တစ်ယောက် မှန်းချက်နှင့် နှမ်းထွက်မကိုက် ဆိုသလိုဖြစ်ရတော့၏။ ထုံးစံအတိုင်း ဝုန်းဒိုင်းကြဲ ညီအစ်မသုံးဖော်တို့ သတို့သား ဖိုးလုံးအိမ်သို့ ညတွင်းချင်း သွားရောက် သောင်းကျန်းကြလေ၏။ သူကြီးကိုယ်တိုင် လာရောက်တောင်းပန်မှ ဆံခတ်တို့ညီအစ်မ စိတ်လျှော့ကျေအေးပေးပြီး ပြန်သွားကြတော့သည်။

တစ်ရက်တွင် ရွာဦးကျောင်းသို့ အေးချမ်းရောက်လာပြီး တစ်ရွာသားဖြစ်ပါကြောင်း၊ ကပ္ပိယအဖြစ် ဝေယျာဝစ္စပြုလုပ်ပေးရင်း ဤရွာလေးတွင်နေထိုင်လိုပါကြောင်း ဆရာတော်ကို လျှောက်ထားသဖြင့် ဆရာတော်လည်း ခွင့်ပြုလိုက်၏။ ဆောင်ရန် ရှောင်ရန်များကို မိန့်မှာရင်း ဤရွာတွင် ဆံခတ်တို့ညီအစ်မသုံးဦးနှင့် ဝေးနိုင်သမျှ ဝေးဝေးနေနိုင်လျှင် အကောင်းဆုံးဖြစ်ကြောင်း သတိပေး၏။ အေးချမ်းမှ ဆရာတော် ဘာဖြစ်လို့ မိန့်မှာသလဲဆိုတာ နားမလည်နိုင်သဖြင့် ပြန်မေးရာ ဆရာတော်မှ အချိန်တန်တော့သိလာပါလိမ့်မည်ဟု ပြန်မိန့်သဖြင့် အေးချမ်း ထပ်မမေးသာတော့ဘဲ နှုတ်ဆိတ်နေလိုက်ရ၏။ သိပ်အကြာကြီးတော့ စောင့်ဆိုင်းစရာမလိုအောင်ပင် နောက်တစ်နေ့ အေးချမ်းတစ်ယောက် ဆွမ်းချိုင့်ဖြင့် ရွာထဲထွက်အလာ၊ ဆံခတ်တို့ ညီအစ်မနှင့် မိဂျမ်းတို့အဖွဲ့ ရွာထဲတွင် အကြီးအကျယ် သတ်ပွဲဖြစ်နေတာနဲ့ တိုးသဖြင့် ဝင်ရောက်ဆွဲလွဲရင်း ဆံခတ်၏ လက်ချက်ဖြင့် အေးချမ်းတစ်ယောက် သတိလစ်မေ့မြောသွားသည်အထိ ဖြစ်သွား၏။

ထိုကဲ့သို့ ညီအစ်မသုံးယောက်၏ ရန်ပွဲများ၊ အလွဲများနှင့်အတူ ခားပြအဖွဲ့ကို ရင်ဆိုင်ဖြေရှင်းခဲ့ပုံ၊ ရွာပွဲတော်တွင် အလွဲလွဲအချော်ချော်ဖြစ်ခဲ့ပုံ စသည်တို့ဖြင့် ပုံဖော်ထားသော အချစ်၊ ဟာသ၊ အက်ရှင်ဇာတ်ကြမ်း၊ ပညာပေးရုပ်ရှင်ဇာတ်ကားကောင်း တစ်ကားဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

---

◆ *ကျောက်ဖြူမှ*

ဩဂုတ် ၁ ရက်နှင့် ၂ ရက်တွင် မိုးများ အဆက်မပြတ်သည်းထန်စွာရွာသွန်းမှုကြောင့် ဒုတိယအကြိမ် မြစ်ရေထပ်ကြီးလာခြင်းဖြစ်ပြီး မြိတ်မြို့-တနင်္သာရီ-ကော့သောင်းလမ်းအပိုင်း အောက်ကင်းအရှေ့ကျေးရွာ မိုင်တိုင်အမှတ် 79Km အနီး ကားလမ်းပေါ်တွင် အနက်ခြောက်လက်မ၊ အရှည်ပေ ၁၀၀ ကျော်ခန့်၊ လယ်တောင်ယာကျေးရွာ မိုင်တိုင်အမှတ် 83 Km အနီး ကားလမ်းမပေါ်တွင် အနက်တစ်ပေ၊ အရှည်ပေ ၂၀၀ ခန့် မြစ်ရေကျော်လွန်ရောက်ရှိနေပြီ ဖြစ်သော်လည်း ယခုလက်ရှိအခြေအနေတွင် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ ဖြတ်သန်းသွားလာ၍ ရနေသေးကြောင်း လမ်းဦးစီးဌာနမှ သိရှိရသည်။

ပထမအကြိမ် တနင်္သာရီမြစ်ရေကြီးစဉ် ရေဘေးသင့်အိမ်ထောင်စု ၁၁၀၉ စုတို့မှ လူဦးရေအမျိုးသား၂၈၄၄ဦး၊ အမျိုးသမီး ၂၇၇၄ ဦး စုစုပေါင်းလူဦးရေ ၅၆၅၈ ဦးတို့သည် မြို့နယ်အတွင်းရှိ ယာယီရေဘေးကယ်ဆယ်ရေးစခန်း ၁၁ ခု၌ ခိုလှုံနေကြရပြီး ဇူလိုင် ၁၅ ရက်မှ ယနေ့ ဩဂုတ် ၃ ရက်အထိ နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နိုင်ခြင်းမရှိသေးကြောင်း သိရှိရသည်။

ပထမအကြိမ် မြစ်ရေကြီးစဉ်က မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၆၅ ကျောင်းကို ယာယီပိတ်ထားခဲ့ရာမှ အထက်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်းအဆင့် သုံးကျောင်းနှင့် မူလတန်းအဆင့် ၁၀ ကျောင်း စုစုပေါင်း ၁၄ ကျောင်း ဖွင့်ရန်ကျန်ရှိခဲ့ပြီး ယခု ဒုတိယအကြိမ် မြစ်ရေထပ်ကြီးခြင်းကြောင့် တကူကျေးရွာအုပ်စုမှ အမက(ခွဲ) စပါယ်ကုန်းရွာနှင့် သိန္ဓောကျေးရွာအုပ်စု အမက-ဘန်းပြည့်အရှေ့ရွာတို့ကို ယာယီထပ်ပိတ်လိုက်ရသဖြင့် စုစုပေါင်းကျောင်း ၁၆ ကျောင်း ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရှိရသည်။

**သတင်းနှင့်ဓာတ်ပုံ- နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၃** - နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၃**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခရမ်းမြို့တွင် ၆ ဒသမ ၈၈ လက်မ၊ လောင်းလုံးမြို့တွင် ၆ ဒသမ ၆၅ လက်မ၊ ရန်ကုန်(ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)တွင် ၅ ဒသမ ၄၃ လက်မ၊ ကျိုက်မရောမြို့တွင် ၅ ဒသမ ၂၄ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၅ ဒသမ ၁၅ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၄ ဒသမ ၉၂ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံမြို့နယ်)တွင် ၄ ဒသမ ၈၈ လက်မ၊ သံတွဲမြို့တွင် ၄ ဒသမ ၆၄ လက်မ၊ မော်လမြိုင်မြို့တွင် ၄ ဒသမ ၅၇ လက်မ၊ ညောင်တုန်းမြို့တွင် ၄ ဒသမ ၅၃ လက်မ၊ မြစ်ကြီးနားမြို့တွင် ၄ ဒသမ ၄၉ လက်မ၊ ပေါင်မြို့တွင် ၄ ဒသမ ၂၉ လက်မ၊ ကျောက်ဖြူမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ ဂွမြို့တွင် ၄ ဒသမ ဝ၂ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၃ ဒသမ ၈၂ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ မုဒုံမြို့တွင် ၃ ဒသမ ၄၆ လက်မ၊ ပျဉ်းမနားမြို့(ဝဲကြီး)တွင် ၃ ဒသမ ၄၃ လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၁၈ လက်မ၊ ကလေးမြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၃ ဒသမ ဝ၃ လက်မစီနှင့် ပိုင်ကျုံမြို့တွင် ၃ ဒသမ ဝဝ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# ဖာပွန်မြို့နယ် ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့လှူဒါန်းခြင်း အခမ်းအနားကျင်းပ

**ဖာပွန် ဩဂုတ် ၃**

ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများရှိ ရေဘေးရှောင် အိမ်ထောင်စုများထံသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် (ကြည်း/ရေ/ လေ) မိသားစုများက ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို ယမန်နေ့က မဲသလွတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားတွင် အခြေချစစ်ဗျူဟာအဖွဲ့(ဖာပွန်)မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အောင်ခိုင်ချိုက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက ခရိုင်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးသက်ဆွေက မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးမှုကြောင့် ခရိုင်အတွင်းရှိ လယ်မြေကေပေါင်း ၈၇၈ ဧက ရေလွှမ်းခဲ့ပြီး လယ်မြေ ၃၃၂ ဧကရှိ မိုးစပါးစိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့သည့်အတွက် တောင်သူများအား ရေနစ်မြုပ် လယ်မြေများ ပြန်လည်ထိန်းသိမ်းရေးအကြောင်းကို ရှင်းလင်းပြောကြားကာ မြို့နယ်ကျန်းမာရေးမှူး ဒေါ်နန်းအဲ့မွိကကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးရာတွင် မြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်း ၁၀ ခုမှ ရေဘေးရှောင်အိမ်ထောင်စု ၃၇၀၊ လူဦးရေ ၁၈၅၃ ဦးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် (ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းထား သည့် ကြက်သွန်နီ ၃၂ အိတ်၊ ခေါက်ဆွဲ ဗာ ၂၁၀၊ လက်ဖက်ရည်အထုပ် ၂၀၊ ဂျုံခေါက်ဆွဲ ၂၅ ဗာ၊ မာရီဘီစကစ် ဗာ ၆၀၊ သားငါးသီးနှံမျိုးစုံ စည်သွတ်ဘူး ၆၀ တို့အတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၉၇၀၄၁၀၀၀ ကို စစ်ဗျူဟာအခြေချ (ဖာပွန်)မှ စစ်ဗျူဟာမှူးကြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာအုပ်ချုပ်မှူးများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖာပွန်မြို့နယ်တွင် ဇူလိုင်လနောက်ဆုံးပတ်က မိုးအဆက်မပြတ်ရွာသွန်းမှုနှင့်အတူ သံလွင်မြစ်မှာလည်း ယွန်းစလင်းချောင်းရေအထိ တက်လာသောကြောင့် မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ခဲ့ရာ ဇူလိုင် ၃၁ ရက်အထိ ယာယီရေဘေးရှောင်စခန်း ၁၀ ခုကို ဖွင့်လှစ်ထားရှိခဲ့ပြီး အဆိုပါ ရပ်ကွက်/ကျေးရွာများရှိ ရေဘေးရှောင် အိမ်ထောင်စု စုစုပေါင်း ၃၇၀၊ လူဦးရေ ၁၈၅၃ ဦးတို့ သက်ဆိုင်ရာ ယာယီရေဘေးရှောင်စခန်းအသီးသီးတွင် ပြောင်းရွှေ့နေထိုင်ခဲ့ရကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ရေဘေးပညာပေး

### ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံးကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။
၂။ သက်ဆိုင်ရာ အစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။
၃။ အမှိုက်များ စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန် အသေကောင်များအား စနစ်တကျမီးရှို့ခြင်း (သို့)မြေမြှုပ်ခြင်းများပြုလုပ်ပါ။
၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။
၅။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။
၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

### ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့်အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်။
၂။ မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။
၃။ ရေစိုပြီး အနံ့အသက်မကောင်းသောအစားအစာများ မစားပါနှင့်။
၄။ ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

# မန္တလေး၌ ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲရေးဟောပြောပွဲပြုလုပ်

**မန္တလေး ဩဂုတ် ၃**

အဆင့်မြင့်ပညာဦးစီးဌာန မန္တလေးအဝေးသင်တက္ကသိုလ်ဆရာများသမဂ္ဂမှ ဦးစီးကျင်းပသည့် ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲရေး ဟောပြောပွဲကို ဩဂုတ် ၁ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း၈၀။ ၃၄ × ၃၅ လမ်းကြား၊ အဆင့်မြင့်ပညာဦးစီးဌာန ဝင်းအတွင်းရှိ မန္တလေးအဝေးသင် တက္ကသိုလ် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မန္တလေးအဝေးသင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်နိုင်စိုးက အမှာစကားပြောကြားပြီး ဟောပြောမည့် ပညာရှင်များဖြစ်သည့် မြန်မာနိုင်ငံရှေးဟောင်းသုတေသနအသင်း အတွင်းရေးမှူး ဦးသူရအောင် (ရှေးဟောင်းသုတေသီ)စီစဉ်သည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ပုဂံဒေသကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ရေး ရိုက်ကူးထားသည့် မှတ်တမ်းဗီဒီယိုကို ပြသ၍ အခမ်းအနားမှူးက ဟောပြောဆွေးနွေးမည့် ပညာရှင်များဖြစ်သည့် ဦးသူရအောင် (ရှေးဟောင်းသုတေသီ) နှင့် ဒေါက်တာပြည့်ဖြိုးကျော် (ကထိက-ရှေးဟောင်းသုတေသနပညာ ဌာန၊ မန္တလေးတက္ကသိုလ်)တို့၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားကြသည်။

ထို့နောက် ဦးသူရအောင်က ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးနှင့်ပတ်သက်၍ မည်ကဲ့သို့ ထိန်းသိမ်းမည်၊ ရှေးဟောင်းသုတေသန၏ သဘောတရားများ၊ ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲရေးတွင်ပါဝင်သည့် ကဏ္ဍများ၊ စဉ်ဆက်မပြတ် ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေး၊ အခြားနိုင်ငံများ၌ ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေး ဆောင်ရွက်ချက်များ စသည်တို့ကို လည်းကောင်း၊ ဒေါက်တာ ပြည့်ဖြိုးကျော်က ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး အတွက် လိုအပ်ချက်များ၊ စဉ်ဆက်မပြတ် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးအတွက် လိုအပ်သည့် အရင်းအမြစ်များ၊ ဘဏ္ဍာငွေကြေးဆိုင်ရာများ၊ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းများ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေး၊ ပါဝင်ပတ်သက်သူများအားလုံးပိုမိုပါဝင်လာစေရေး၊ ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအကြားရှိ ကြုံတွေ့ရမည့် အခက်အခဲများနှင့် စိန်ခေါ်မှုများ စသည့်အကြောင်းအရာများကို ၎င်း၏ အတွေ့အကြုံများနှင့် ပေါင်းစပ်၍ ပြောကြားကာ တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။ **အောင်စံမောင်**

# ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းသင်တန်းဖွင့်

**သီပေါ ဩဂုတ် ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း၊ စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံထွမ်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်တို့က စီမံကိန်းအကြောင်းသိရှိရန်နှင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများကို ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝင်းဝင်းခိုင်က စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြစိမ်းရောင်စီမံကိန်းရရှိသော ကျေးရွာသုံးရွာ တစ်ယူနစ်ကို ငွေကျပ်သိန်း ၃၀၀၊ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်း ကျေးရွာ တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးရွာနှစ်ရွာ ငွေကျပ်သိန်း ၂၀၀ကို စုစုပေါင်း ထောက်ပံ့ငွေကျပ်သိန်း ၅၀၀ကို စီမံကိန်းရရှိသော ကျေးရွာစီမံကိန်း ကော်မတီဝင်များထံ လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုင်း (သီပေါ)**

**မိဘအမည်မှန်**
ကျိုက်ထိုမြို့နယ် အထက(၁) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ထက်ဝေယံလင်း၏ မိဘအမည်မှန်မှာ ဦးသောင်းဝင်းနှင့် ဒေါ်မြတ်မြတ်မိုး ဖြစ်ပါကြောင်း။

**အမည်မှန်**
မင်းဘူးမြို့၊ အထက(၁) နဝမတန်း(B)မှ ဦးထွန်းပိုင် ၈/မဘန(နိုင်)၀၂၉၅၂၉၏သား မောင်ငြိမ်းချမ်းအား မောင်ငြိမ်းချမ်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ငြိမ်းချမ်းအောင်**

**အများသိစေရန်အသိပေးကြေညာခြင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်၂၆စီ၁၊ မြေကွက်အမှတ်V-၁၆၅၊ ဧရိယာ ၀ဒသမ၀၂၉၈ကေရှိသော နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အုန်းပင်လမ်း၊ အမှတ် ၄၂ ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် ဆက်နွယ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်အမွေဆက်ခံပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာကြသည့် ဦး မောင်မောင်လတ် ၁၂/ကတတ(နိုင်)၀၀၅၅၄၄၊ ဒေါ်ချို့နု ၁၂/လမတ(နိုင်)၀၁၁၂၅၈၊ ဒေါ်နွဲ့နွဲ့ဇင် ၁၂/ကမရ(နိုင်)၀၄၁၈၈၃၊ ဒေါ်ခင်နှင်းဆီ ၁၂/ဗဟန(နိုင်)၀၆၉၄၃၃၊ ဒေါ်မေသန္တာ ၁၂/ဗဟန(နိုင်)၀၇၀၉၅၉၊ ဒေါ်တင်ဦးခိုင် ၁၂/ဗဟန(နိုင်)၀၇၀၉၈၁၊ ဒေါ်ကြူကြူခိုင် ၁၂/ဗဟန(နိုင်)၀၇၀၁၉၅နှင့် ဒေါ်သီတာအေး ၁၂/ဗဟန(နိုင်)၀၇၅၈၄၁တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါ၍ အဆိုပါ ပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်းပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း B.A,H.G.P, C.B.L,D.B.L,D.M.L အထက်တန်းရှေ့နေ (စဉ်-၆၀၈၂)
တိုက် ၃(အေ)၊ သုံးလွှာ(ခေါင်းရင်းခန်း)၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀-၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

**မွေးသက္ကရာဇ်အမှန်**
ဟုမ္မလင်းမြို့နယ်၊ လောင်ဖောင်အုပ်စု၊ လွင်ဦးကျေးရွာနေ ဦးဘဦး ၅/ဟမလ(နိုင်)၀၇၂၃၂၆၏သမီး ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စရ-၇၆၂၃ အောင်မြင်သူ မအိဖြူ၏မွေးသက္ကရာဇ်အမှန်မှာ ၉-၁၀-၁၉၉၈ ဖြစ်ပါကြောင်း။

**ပြင်ဆင်ဖတ်ရှုပါရန်**
၁၈-၇-၂၀၁၈ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၇)တွင် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ယာဉ်အမှတ် ၅၇ယ/၂၁၁၅အစား ၅၇ယ/၆၂၁၁၅ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဖခင်အမည်မှန်**
ဦးမျိုးမြင့်အောင်၏သမီး သံဖြူဇရပ်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မတင်မျိုးဇင်နွယ်၏ ဖခင်အမည်မှန်မှာ ဦးမျိုးအောင် ၁၀/သဖရ(နိုင်)၀၇၀၇၉၇ ဖြစ်ပါကြောင်း။ **ဦးမျိုးအောင်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 2G/6995,Toyota Liteace KM 70, P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့် ၁၂/အစန(နိုင်)၁၂၄၆၁၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အထက တာဝရေတံခါး တက္ကသိုလ်ဝင်တန်း (A)မှ မောင်သိန်းဇော်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဘော် ၇/သနပ(နိုင်)၀၇၄၃၃၄ ဖြစ်ပါကြောင်း။ **ဦးအောင်ဘော်**

**မုံရွာမြို့ မြေကွက်နှင့်အိမ်ရောင်းမည်**
မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊
သိမ်တော်လမ်း (ကြက်သွန်တန်းလမ်း)၊
မြေကွက်ကျယ်ပေ(၄၀ပေX၁၂၀ပေ)၊
မျက်နှာပွင့်(ပေ-၄၀)၊ရှေ့နောက်(ပေ-၁၂၀)
✱ တစ်ပေပတ်လည် ငါးသိန်းကျပ်နှုန်း။
✱ တစ်ကွက်လုံး(သို့)မျက်နှာပွင့်
(ပေ-၄၀)ကို ခွဲရောင်းပါမည်။
Tel : 09401002644

**လုပ်ငန်းတံဆိပ် အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းမည်ဖြစ်ကြောင်း ကြေညာခြင်း**
ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာလမ်း၊ အမှတ် ၆၄၉နေ ဒေါ်စန္ဒာအေး ၁၂/ဥကတ(နိုင်)၁၆၃၁၅၉၏လွှဲအပ်ညွှန်ကြားချက်အရ အောက်တွင် ဖော်ပြထားသော လုပ်ငန်းတံဆိပ် အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန် မှတ်ပုံတင်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။




